


# မြန်မာ့ စီးပွားရေးစီမံအုပ်ချုပ်မှုအတွင်းရှိ အဖွဲ့အစည်းများ

Dr. Jared Bissinger

စက်တင်ဘာ ၂၀၁၉

The Asia Foundation

DaNa Facility
Empowering Enterprise

UKaid
from the British people

**ဦးဆောင်သုတေသီနှင့် စာရေးသူ**
Dr. Jared Bissinger

**အဓိက သုတေသနအဖွဲ့**
လင်းဇော်မင်း

**ပံ့ပိုးကူညီသည့်အဖွဲ့**
Jon Keesecker
မရစ်ဂျာဒိမ်
မီကီကျော်မြင့်

**ဖတ်ရှုဝေဖန်ပေးသူများ**
Jon Keesecker
Edmund Malesky
Matthew Arnold
Richard Batcheler

**ဂရပ်ဖစ်ဒီဇိုင်း**
Elzemiek Zinkstok

**မြန်မာဘာသာပြန်နှင့် တည်းဖြတ်**
စောဆာဂေးဒို
ဖြိုးဝေထွန်း

**ဓာတ်ပုံ**
Jon Keesecker
James Owen
အာရှဖောင်ဒေးရှင်း

**© 2019 The Asia Foundation**
အာရှဖောင်ဒေးရှင်း၏ တရားဝင်ခွင့်ပြုချက် တစုံတရာမပါဘဲ
ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ
ပြန်လည်ဖြန့်ဖြူးထုတ်ဝေခြင်း အလျဉ်းမပြုလုပ်ရ။

အမှတ် ၁၁၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း
အနောက်ငါးထပ်ကြီးရပ်ကွက်
ဗဟန်းမြို့နယ်၊ ရန်ကုန်

## ကျေးဇူးတင်လွှာ

ယခုလေ့လာမှုစာတမ်း ဖြစ်မြောက်ရေး ပါဝင်ပံ့ပိုးပေးကြသည့် အစိုးရအရာရှိများနှင့် အရပ်ဘက်အဖွဲ့အစည်း အဖွဲ့ဝင်များကို စာရေးသူနှင့် သုတေသနအဖွဲ့မှ ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့ အချိန်ပေး အသိပညာ ဝေမျှခြင်းသာ မပြုလုပ်ပါက ယခုစာတမ်းကို ရေးသားရန် ဖြစ်နိုင်မည် မဟုတ်ပါ။

စာတမ်းကို သုံးသပ်ဖတ်ရှုပြီး တန်ဖိုးရှိသည့် အကြံပြုချက်နှင့် မှတ်ချက်များ ပေးခဲ့သူများနှင့် အခြားသော ပါဝင်အားဖြည့်သူများ ကိုလည်း စာရေးသူမှ ကျေးဇူးတင်လိုပါသည်။ နောက်ဆုံးအနေဖြင့် ယခုစာတမ်း ဖြစ်မြောက်ရန်အတွက် ပံ့ပိုးမှုများ ပေးအပ်ခဲ့သည့် DaNa Facility နှင့် UKAID တို့ကို သုတေသနတစ်ဖွဲ့လုံးမှ ကျေးဇူးတင်ရှိလိုပါသည်။ ၎င်းတို့၏ ပံ့ပိုးမှုသာ မရှိခဲ့ပါက စာတမ်းဖြစ်မြောက်လာခြင်း ရှိမည်မဟုတ်ပါ။

စိစစ်လေ့လာမှု သို့မဟုတ် အကြောင်းအရာပိုင်း မှားယွင်းမှု တစုံတရာ ရှိခဲ့ပါက စာရေးသူ၏ တာဝန်သာ ဖြစ်ပါသည်

# အတိုကောက်မှတ်စု

**ACC:** Anti-Corruption Commission
အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မတီ

**CDC:** City Development Committee
မြို့တော်စည်ပင်သာယာရေး ကော်မတီ

**DALMS:** Department of Agricultural Land Management and Statistics
လယ်ယာမြေ စီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီးဌာန

**DAO:** Development Affairs Organization
စည်ပင်သာယာရေး အဖွဲ့

**DBE:** Department of Basic Education
အခြေခံ ပညာရေး ဦးစီးဌာန

**DEC:** Department of Environmental Conservation
ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန

**DHE:** Department of Higher Education
အဆင့်မြင့် ပညာ ဦးစီးဌာန

**DICA:** Directorate of Investment and Company Administration
ရင်းနှီးမြုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

**DISI:** Directorate of Industrial Supervision and Inspection
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန

**DoL:** Department of Labor
အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန

**EPGE:** Electricity Power Generation Enterprise
လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း

**ESE:** Electricity Supply Enterprise
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း

**FDA:** Food and Drug Administration
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန

**FMC:** Farmland Management Committee
လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီ

**FGLLID:** Factories and General Labor Law Inspection Department
အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန

**GAD:** General Administration Department
အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန

**IRD:** Internal Revenue Department
ပြည်တွင်းအခွန်များ ဦးစီးဌာန

**MBEI:** Myanmar Business Environment Index
မြန်မာ့ စီးပွားရေးဝန်းကျင် အညွှန်းကိန်း

**MEB:** Myanmar Economic Bank
မြန်မာ့ စီးပွားရေးဘဏ်

**MCDC:** Mandalay City Development Committee
မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ

**MDI:** Myanmar Development Institute
မြန်မာ ဖွံ့ဖြိုးမှု အဖွဲ့အစည်း

**MIC:** Myanmar Investment Commission
မြန်မာနိုင်ငံ ရင်းနှီးမြုပ်နှံမှု ကော်မရှင်

**MoI:** Ministry of Information
ပြန်ကြားရေး ဝန်ကြီးဌာန

**MoLIP:** Ministry of Labor, Immigration and Population
အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

**MoPF:** Ministry of Planning and Finance
စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန

**MPT:** Myanmar Post and Telecommunications
မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း

**NLD:** National League for Democracy
အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်

**NCDC:** Naypyitaw City Development Committee
နေပြည်တော် စည်ပင်သာယာရေး ကော်မတီ

**PPA:** Power Purchase Agreement
စွမ်းအင်ဝယ်ယူမှုဆိုင်ရာ သဘောတူညီမှု စာချုပ်

**RCCFOL:** Reinvestigation Committees for Confiscated Farmlands and Other Lands
လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေး ကော်မတီ

**RTA:** Road Transport Administration
ကုန်လမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန

**SEE:** State Economic Enterprise
နိုင်ငံပိုင်စီးပွားရေး လုပ်ငန်း

**SOP:** Standard Operating Procedure
လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်

**TDAC:** Township Development Affairs Committee
မြို့နယ် စည်ပင်သာယာရေး ကော်မတီ

**TMC:** Township Management Committee
မြို့နယ် စီမံခန့်ခွဲမှု ကော်မတီ

**TVET:** Technical and Vocational Education and Training
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး

**UEHRD:** Union Enterprise for Humanitarian Assistance, Resettlement and Development
ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊
ပြန်လည်နေရာ ချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း

**UHD:** Urban Housing Department
မြို့ပြနှင့် အိမ်ယာဖွံ့ဖြိုးရေး ဦးစီးဌာန

**UNDP:** United Nations Development Program
ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်

**USDP:** Union Solidarity and Development Party
ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

**VFV:** Vacant, Fallow and Virgin
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း

**YCDC:** Yangon City Development Committee
ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ

# မာတိကာ

၃ အတိုကောက်မှတ်စု
၇ မိတ်ဆက်
၈ သုတေသနနည်းလမ်း

**အခန်း ၁**

၉ စီးပွားရေးအုပ်ချုပ်စီမံမှု ဆိုသည်မှာ အဘယ်နည်း

---

၁၀ **၁.၁။ စီးပွားရေးအုပ်ချုပ်စီမံမှု နှင့် စီးပွားရေးဝန်းကျင်**
၁၀ **၁.၂။ မြန်မာ့စီးပွားရေး ဝန်းကျင် ညွှန်းကိန်း**

**အခန်း ၂**

၁၄ အထက်အောက် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် စီးပွားရေး အုပ်ချုပ်မှု ဖြန့်ဝေခြင်း

---

၁၄ **၂.၁။ ပြည်ထောင်စုအဆင့်**
၁၄ **၂.၂။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်**
၁၇ **၂.၃။ ခရိုင်အဆင့်**
၁၇ **၂.၄။ မြို့နယ်အဆင့်**
၁၉ **၂.၅။ လုပ်ပိုင်ခွင့် ခွဲဝေမှုဆိုင်ရာ မှုဘောင်**
၁၉ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ
၂၀ နည်းဥပဒေများနှင့်အညီ လိုက်နာဆောက်ရွက်ခြင်း
၂၀ အစီရင်ခံခြင်း
၂၀ **၂.၆။ အစိုးရအဆင့်များကြား အချင်းချင်း ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း**

**အခန်း ၃**

၂၂ စီးပွားရေး အုပ်ချုပ်စီမံမှုအာဏာ ခွဲဝေခြင်း နှင့် ရေပြင်ညီ ချိတ်ဆက် ဆောင်ရွက်ခြင်း

---

၂၂ **၃.၁။ အစိုးရဌာနများ**
၁၉ **၃.၂။ ကော်မတီများ**
၂၇ **၃.၃။ တရားစီရင်ရေးစနစ်**
၂၈ **၃.၄။ ဥပဒေပြုရေး**
၂၈ **၃.၅။ ရေပြင်ညီ ပူးပေါင်းဆောင်ရွက်ခြင်း နှင့် လုပ်ငန်းတာဝန် ထပ်ခြင်း**
၃၀ **၃.၆။ အခြား လုပ်ငန်း အကောင်အထည်ဖော်မှု စိန်ခေါ်ချက်များ**

**အခန်း ၄**

၃၁ အထက်အောက် နှင့် ရေပြင်ညီ ပူးပေါင်းဆောင်ရွက်ခြင်း။ မြန်မာ့စီးပွားရေး အုပ်ချုပ်စီမံမှု ဆိုင်ရာ အဖွဲ့အစည်းများမှာ မည်သည့်နေရာမှ ပါဝင်နေသနည်း။

၃၁ ၄.၁။ ဖြစ်ရပ်လေ့လာချက် - ဧရာဝတီ တိုင်းဒေသကြီးရှိ စီးပွားရေး စီမံအုပ်ချုပ်မှုဆိုင်ရာ ဌာနများ
၄၀ ၄.၂။ ဖြစ်ရပ်လေ့လာချက် - ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ရှိ ကော်မတီများ

**အခန်း ၅**

၄၃ ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှု နှင့် MBEI အညွှန်းကိန်းခွဲ ၁၀ ခု

၄၄ ၅.၁။ အညွှန်းကိန်းခွဲ (၁) ကနဦးကုန်ကျစရိတ်
၄၅ ၅.၂။ အညွှန်းကိန်းခွဲ (၂) မြေယာအသုံးချနိုင်မှု နှင့် လုံခြုံမှု
၄၆ ၅.၃။ အညွှန်းကိန်းခွဲ (၃) မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
၄၆ ၅.၄။ အညွှန်းကိန်းခွဲ (၄) တရားမဝင် ပေးဆောင်ရမှုများ
၄၇ ၅.၅။ အညွှန်းကိန်းခွဲ (၅) အခြေခံ အဆောက်အအုံ
၄၉ ၅.၆။ အညွှန်းကိန်းခွဲ (၆) ပွင့်လင်းမြင်သာမှု
၅၀ ၅.၇။ အညွှန်းကိန်းခွဲ (၇) ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
၅၁ ၅.၈။ အညွှန်းကိန်းခွဲ (၈) သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း
၅၂ ၅.၉။ အညွှန်းကိန်းခွဲ (၉) လုပ်သားခန့်ထားရေး
၅၄ ၅.၁၀။ အညွှန်းကိန်းခွဲ (၁၀) ဥပဒေစိုးမိုးမှု
၅၄ ၅.၁၁။ MBEI ၏ စီးပွားရေးအုပ်ချုပ်မှု ဆိုင်ရာ သဘောထားအမြင်များအပေါ် လွှမ်းမိုးမှုရှိသည့် အခြား အကြောင်းရင်းများ

**အခန်း ၆**

၅၆ နိဂုံး

နောက်ဆက်တွဲ (၁)

၅၈ ကွင်းဆင်း သုတေသနပြုသည့် နည်းလမ်း (အသေးစိတ်) နှင့် မေးမြန်းခဲ့သော မေးခွန်းများ

၆၀ အခန်းဆုံးမှတ်စု

# မိတ်ဆက်

**လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံသည် စီးပွားရေး ဝန်းကျင် တိုးတက်ကောင်းမွန်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးတို့တွင် အမိကအာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။** မြန်မာနိုင်ငံသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ မက်ခရိုစီးပွားရေး ဆိုင်ရာ စီမံခန့်ခွဲမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စီမံအုပ်ချုပ်မှုစနစ် ပွင့်လင်းမြင်သာရေး စသည်တို့တွင် နိုးထလာစေရန် အားစိုက်လုပ်ဆောင်ခဲ့သည်။ ခြုံငုံ၍ သုံးသပ်ရပါက အဆိုပါခြေလှမ်းများမှ သိသာသည့် အကျိုးကျေးဇူးများကို ရရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များ (နိုင်ငံခြား နှင့် ပြည်တွင်း နှစ်ခုလုံး) မှ ဒေါ်လာသန်းထောင်ပေါင်းများစွာ ရရှိခဲ့ကာ အလုပ်အကိုင်သစ်များစွာကိုလည်း ဖန်တီးပေးနိုင်ခဲ့သည်။ သို့တိုင်အောင် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကို တားဆီးနေသည့် စိန်ခေါ်မှုများစွာ ရှိနေဆဲ ဖြစ်ကာ ၎င်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်မည်၊ တနည်းအားဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည် ဖြစ်သည်။

**ခြုံငုံ၍ကြည့်ပါက ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုသည် အလွန်အားရစရာ ကောင်းသော်လည်း သာတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်း မရှိပါ။** မြို့ပြဒေသများ၌ အထူးသဖြင့် ရန်ကုန်တွင်သာ ဖွံ့ဖြိုးမှုကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ပြီး အားလုံးခြုံလွှမ်းနိုင်မှုနှင့် ရေရှည်တည်တံ့မှုတို့နှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လာစေခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ ၎င်းတို့၏ ဒေသအတွင်း စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်မှုကို ကူညီရန် အာရှဖောင်ဒေးရှင်းသည် မြန်မာ့ စီးပွားဝန်းကျင် ညွှန်းကိန်းကို ဖန်တီးခဲ့သည်။ မြန်မာ့စီးပွားဝန်းကျင် ညွှန်းကိန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် စီးပွားရေး ပတ်ဝန်းကျင်၌ တွေ့ရသည့် အဓိက အတားအဆီးများကို ဖော်ထုတ်တင်ပြထားသောကြောင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအနေဖြင့် ဒေသန္တရ စီးပွားရေးဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အသုံးချနိုင်သည့် ကိရိယာတစ်ခုလည်း ဖြစ်သည်။

**ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ ကြုံတွေ့နေရသည့် အကြီးဆုံး ပြဿနာတစ်ရပ်မှာ ၎င်းတို့ဒေသတွင်းရှိ စီးပွားရေး အသိုင်းအဝန်း၏ စိုးရိမ်ပူပင်မှုများကို သုံးသပ်ပြီး ရလဒ်ကောင်းများ ရရှိအောင်လုပ်ဆောင်ရမှုပင်ဖြစ်သည်။** မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှု အတွက် အစိုးရအဆင့် အားလုံးတွင် တာဝန်ရှိသည်၊ သို့သော်လည်း ပြည်ထောင်စု အဆင့်ကသာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပုံဖော်ပြီး အကောင်အထည်ဖော်မှုနှင့် လုပ်ထုံးလုပ်နည်းတို့ကို သတ်မှတ်သည်။ အခြား ဒေသန္တရ အစိုးရ အဆင့်များတွင် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲနိုင်ခွင့် အကန့်အသတ်ဖြင့်သာ ရှိသည်။ အချို့ဌာနများသည် ပြည်ထောင်စုမူဘောင်ကို အကောင်အထည် ဖော်ရန်သာ လုပ်ဆောင်နေသည်။ အချို့ဌာနများသည် အနည်းငယ် ပြောင်းလဲပြင်လွယ်ရှိပြီး ဒေသန္တရအဆင့်တွင် ဆုံးဖြတ်ချက်ချပိုင်ခွင့် အနည်းငယ် ရှိသည်။ မြို့နယ်စည်ပင် သာယာရေး အဖွဲ့များနှင့် မြို့တော်စည်ပင်သာယာရေး ကော်မတီများကဲ့သို့ အစိုးရအဖွဲ့အစည်းများမှာ ပြည်ထောင်စုအဆင့် အုပ်ချုပ်မှု မရှိသောကြောင့် မူဝါဒနှင့် အကောင်အထည်ဖော်ခြင်းတွင် သိသိသာသာ ပြုပြင် ပြောင်းလဲလွယ်သည်။

**စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုတွင် တွဲဘက်ဆက်နွှယ်လျက် အဖွဲ့အစည်းများစွာ ပါဝင် နေခြင်းကြောင့် အုပ်ချုပ်ရေးပိုင်း ရှုပ်ထွေးမှု၊ ရလဒ်ပိုင်း အားနည်းမှုနှင့် တာဝန်ကို မဖြစ်မနေ ခွဲဝေရမှုများ ရှိနေပါသည်။** စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှု လုပ်ငန်းစဉ်တွင် ထောက်ခံစာ လိုအပ်မှု သို့မဟုတ် ကော်မတီများက ဆုံးဖြတ်ချက်အာဏာ ရယူထားမှု၊ ဖြတ်သန်းရမည့် အဆင့်တစ်ချို့ ရှိခြင်း စသည်တို့ကြောင့် အဖွဲ့အစည်းအစုံ ဖြင့် ထိတွေ့ချိတ်ဆက်ရန် လိုအပ်လေ့ရှိပါသည်။ အစိုးရဌာနများ အပြင် ကော်မတီများသည်လည်း လိုင်စင်ထုတ်ပေးခြင်း၊ မြေယာ၊ စည်းမျဉ်းစည်းကမ်း နှင့် တရားဥပဒေ စိုးမိုးရေး ကဲ့သို့ စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှု၏ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသည်။ မြို့နယ်အဆင့်တွင် ထိုကဲ့သို့ ကော်မတီမျိုး ၆၀ ခန့်ရှိကာ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ၁၀၀ နီးပါး ရှိပါသည်။ ယင်းကော်မတီများတွင် ထပ်မံ၍ ချဲ့ထွင်လုပ်ကိုင်နိုင်သည့် တာဝန်နှင့် အခန်းကဏ္ဍများ ရှိနေသော်လည်း ထိုတာဝန်များကို ယူနိုင်ရန် လမ်းညွှန်ခံရမှု အနည်းငယ်သာရှိသည်။

**ယခုစာတမ်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး စီမံအုပ်ချုပ်မှု အတွင်း ပါဝင်လျက်ရှိသော အဖွဲ့အစည်းများကို ဆန်းစစ်ထားပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ နှင့် စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှု တိုးတက်ရေးတွင် ၎င်းတို့ ပါဝင်နိုင်မည့် အခန်းကဏ္ဍတို့ကို လေ့လာထားပါသည်။** ယခုစာတမ်းကို မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ သဘောထားအမြင် နှင့် အတွေ့အကြုံများကို လေ့လာထားသော မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း (MBEI) ဖြင့် သော်လည်းကောင်း အာရှဖောင်ဒေးရှင်း၏ အုပ်ချုပ်စီမံရေးဆိုင်ရာ သုတေသနများ အထူးသဖြင့် "မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အုပ်ချုပ်ရေးစနစ်" ကဲ့သို့သော သုတေသနလေ့လာမှု များဖြင့် ချိတ်ဆက်နိုင်ပါသည်။ ယခုစာတမ်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များကို ရှေ့ဆက် သုတေသနပြုနိုင်ရန် အတွက် အုတ်မြစ် ချထားပေးခြင်း ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်ရှိ စီးပွားရေး အုပ်ချုပ်မှု တိုးတက်ကောင်းမွန်ရန် အသုံးချနိုင်မည့် မဟာဗျူဟာများကို အနာဂါတ် သုတေသနများတွင် ထုတ်ဖော်နိုင်ရန် မျှော်လင့်ပါသည်။

*မြန်မာနိုင်ငံ၏စီးပွားရေး ဆိုင်ရာအုပ်ချုပ်စီမံမှုအတွက် အစိုးရအဆင့်အားလုံးတွင် တာဝန်ရှိသည်။*

ကောက်နုတ်ချက် (၁)
အဓိက သုတေသန မေးခွန်းများ

- မြန်မာနိုင်ငံရှိ ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် မြို့အဆင့် စီးပွားရေး အုပ်ချုပ်မှု ဆိုင်ရာ အဓိက အဖွဲ့အစည်း/ဇာတ်ကောင်များမှာ မည်သူနည်း။
- ၎င်းအဖွဲ့အစည်း/ဇာတ်ကောင်များသည် MBEI အညွှန်းကိန်းခွဲ ဆယ်ခုအရ ခွဲခြားထားသည့် မည်သည့် စီးပွားရေးအုပ်ချုပ်မှု နယ်ပယ်တွင် ချိတ်ဆက်ပါဝင်နေသနည်း။
- မြန်မာနိုင်ငံရှိ ဒေသန္တရ စီးပွားရေး စီမံအုပ်ချုပ်မှုမှာ မည်သို့နည်း။

# သုတေသနနည်းလမ်း

**သုတေသနနှင့် လေ့လာမှုစာတမ်းများ အထူးသဖြင့် MBEI စီမံကိန်း နှင့် အာရှဖောင်ဒေးရှင်း၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းဖြင့် မြန်မာ့ပြည်နယ်နှင့် တိုင်းဒေသကြီး သုံးခု တို့တွင် သုတေသနပြုလုပ်ခဲ့ခြင်းမှ ရရှိသည့် သတင်း အချက်အလက်များအပေါ် အခြေခံတည်ဆောက်ပြီး ယခုစာတမ်းကို ပြုစုထားခြင်း ဖြစ်သည်။** ယခုသုတေသန အတွက် အဓိကအရေးကြီးဆုံး အချက်အလက် အများစု ကိုမူ MBEI မှ ရယူထားခြင်း ဖြစ်ပြီး ယခုစာတမ်းမှာလည်း MBEI သုတေသနကို ထပ်မံ၍ ဖြည့်စွက်နိုင်ရန် ပုံဖော် ထားခြင်း ဖြစ်သည်။ MBEI ကို ၂၀၁၇ နှင့် ၂၀၁၈ တွင် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပြီး ဒေတာစုဆောင်း ခြင်းကို ၂၀၁၈ နှစ်လည်ပိုင်း[၁] တွင် လုပ်ဆောင်ခဲ့ပါသည်။ MBEI တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အနှံ့ စီးပွားရေး လုပ်ငန်းပေါင်း ၅၀၀၀ နီးပါးကို စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်သည်။ ကွင်းဆင်းလေ့လာခြင်းနှင့် တည်ဆဲ မှတ်တမ်း မှတ်ရာများမှ စုဆောင်းရရှိသည် အမာခံ အချက်အလက် (hard data) နှင့် ဆန်းစစ်ရရှိသည့် အချက်အလက် (observational data) တို့ဖြင့် စစ်တမ်းကောက်ယူမှု အချက်အလက်များကို ပေါင်းစည်းကာ MBEI ညွှန်းကိန်းကို ထုတ်ဖော်ခဲ့ခြင်း ဖြစ်သည်။ ယခုစာတမ်းကို MBEI အပြင် အာရှဖောင်ဒေးရှင်း၏ အုပ်ချုပ်စီမံရေးဆိုင်ရာ စာတမ်းများ ဖြစ်သော "မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ"၊ "မြန်မာနိုင်ငံရှိ ဒေသန္တရ စီးပွားရေး အုပ်ချုပ်မှု" နှင့် အခြား စာတမ်းများ အပေါ်တွင် အခြေခံ တည်ဆောက်ထားပါသည်။[၂] ယခုစာတမ်း အတွက် ကွင်းဆင်းသုတေသန ပြုခြင်းကို မေ၊ ၂၀၁၉ တွင် ပြည်နယ်/တိုင်းဒေသကြီး သုံးခု (ဧရာဝတီ၊ ပဲခူး၊ ကယား) ၌ လုပ်ဆောင်ခဲ့သည်။ ကွင်းဆင်း လေ့လာမှု အတွင်း အစိုးရအရာရှိနှင့် ဌာနဆိုင်ရာ အရာရှိများအား တွေ့ဆုံမေးမြန်းမှု အကြိမ် (၂၀) အပြင် အရပ်ဘက် အဖွဲ့အစည်း နှစ်ခုတို့ဖြင့်ပါ ပြုလုပ်ခဲ့ပါသည်။

ပုံ ၁။
ကွင်းဆင်းကောက်ယူထားသည့် ကိန်းဂဏန်းများ




တိုင်းဒေသကြီး/ပြည်နယ် ၃ ခု

အစိုးရအရာရှိများ၊ ဌာနများနှင့် တွေ့ဆုံမေးမြန်းမှု ၂၀

အရပ်ဘက် အဖွဲ့အစည်းများနှင့် ၂ ကြိမ်

# ၁

# စီးပွားရေးအုပ်ချုပ်မှုဆိုသည်မှာ အဘယ်နည်း

**အုပ်ချုပ်စီမံမှု ကို ပညာရပ်ဆိုင်ရာနှင့် လက်တွေ့အသုံးချမှုအရ အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြပြီး အဓိကအားဖြင့် အစိုးရကိုဗဟိုပြုမှု အတိုင်းအတာ အနည်းနှင့်အများ ကွာခြားကြပါသည်။**[၃] ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) က "နိုင်ငံ့အရေးကို အဆင့်တိုင်းတွင် စီမံခန့်ခွဲနိုင်ရန် စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး အာဏာကျင့်သုံးသည်။ ၎င်းတွင် နိုင်ငံသားများ မိမိတို့လိုအပ်ချက်ကို ထုတ်ဖော်ပြောဆိုနိုင်ရန်၊ အခွင့်အရေးများအတွက် ဥပဒေရှိရန် နှင့် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်နိုင်ရန် အင်စတီကျူးရှင်း၊ ယန္တရားနှင့် လုပ်ငန်းစဉ်များ ပါဝင်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆို ပါသည်။[၄] ကမ္ဘာ့ဘဏ်က "နိုင်ငံတစ်နိုင်ငံမှ ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုအရင်းအမြစ်များကို စီမံခန့်ခွဲရန် အာဏာကျင့်သုံးသည့် နည်းလမ်း" ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။[၅] Canada's Institute of Governance ကမူ ယေဘုယျဖွင့်ဆိုချက် တစ်ခုအဖြစ် "စီမံအုပ်ချုပ်မှု ဆိုသည်မှာ လူ့အသိုင်းအဝန်း သို့မဟုတ် အဖွဲ့အစည်းများက မည်သူသည် စီမံအုပ်ချုပ်မှုတွင် ပါဝင်မည်နှင့် မည်ကဲ့သို့ တာဝန်ခံရမည်ကို ဆုံးဖြတ်သော ဖြစ်စဉ်တစ်ခု ဖြစ်သည်" ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။[၆] "ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်နှင့် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့် (သို့မဟုတ် အကောင်အထည် မဖော်သည့်) လုပ်ငန်းစဉ်" ဟု အဓိပ္ပာယ်သတ်မှတ်ခြင်းများလည်း ရှိပါသည်။[၇] အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် အားလုံးမှာ အုပ်ချုပ်စီမံမှုနှင့် စပ်လျဉ်း၍ ကျယ်ပြန့်သော သဘောတရားယူဆချက်များ ဖြစ်သည်။ သို့သော်လည်း အုပ်ချုပ်စီမံရေးသည် အစိုးရနှင့် ပိုမိုသက်ဆိုင်သည့် ဖြစ်စဉ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုချက်များလည်း ရှိနေပါသည်။ ဥပမာ- Pierre နှင့် Peters တို့မှ အုပ်ချုပ်စီမံမှုကို "အစိုးရမှ ဦးဆောင်ပြီး ရည်မှန်းချက်ပန်းတိုင်နှင့် ဦးစားပေးကဏ္ဍများ သတ်မှတ်ခြင်း ဖြစ်စဉ်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။[၈]

**စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှု ဆိုသည်မှာ အုပ်ချုပ်စီမံမှုဖြစ်စဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်ကာ စီးပွားရေး လုပ်ငန်းများကို ပံ့ပိုးမှုနှင့် စီမံခန့်ခွဲမှု လုပ်ဆောင်ရပါသည်။** စီးပွားရေး အုပ်ချုပ်စီမံမှုကို အုပ်ချုပ်စီမံမှု ကဲ့သို့ပင် အစိုးရဗဟိုပြုမှု အတိုင်းအတာ အနည်းနှင့်အများ ကွာခြားမှုအလိုက် အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆို နိုင်ပါသည်။ Avanish Dixit က စီးပွားရေး အုပ်ချုပ်စီမံမှုကို "သင့်တော်သည့် ဖွဲ့စည်းအုပ်ချုပ်မှု ဖြစ်ရန် အတူတကွ လုပ်ဆောင်ခြင်း၊ ပဋိညာဉ်များ အသက်ဝင်စေခြင်း နှင့် ပိုင်ဆိုင်မှု အခွင့်အရေးများကို ကာကွယ်ပေးခြင်း တို့ဖြင့် စီးပွားရေး လုပ်ငန်း နှင့် စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်မှုတို့ကို ပံ့ပိုးပေးသည့် ဖြစ်စဉ်" ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။[၉] MBEI ကမူ အစိုးရကို ပိုမိုဗဟိုပြုသည့် သဘောတရားကို အသုံးပြုပြီး "ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာ ရှိမည့် ပတ်ဝန်းကျင် ဖော်ဆောင်နိုင်ရန် မူဝါဒချမှတ်သူများ နှင့် အုပ်ချုပ်သူများက ဆောင်ရွက်ပေးသည့် အစီအစဉ်များ" အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။[၁၀]

**ယခုစာတမ်းသည် အစိုးရ အုပ်ချုပ်စီမံမှု အတွင်းရှိ အဖွဲ့အစည်းများကိုသာ သုံးသပ်လေ့လာထားခြင်း ဖြစ်ကာ အစိုးရအပေါ် အခြေခံသော စီးပွားရေး အုပ်ချုပ် စီမံမှုကို အဓိကထား သုတေသနပြုထားခြင်း ဖြစ်သည်။** ယခုစာတမ်းသည် MBEI ကို ဖြည့်စွက်ရန် ပုံဖော်ထားပြီး အစိုးရ အခြေပြု အဖွဲ့အစည်း/ဇာတ်ကောင်များကို ဆန်းစစ်ရန် ရည်ရွယ်ထားခြင်း ဖြစ်သောကြောင့် မြန်မာ့စီးပွားအုပ်ချုပ်ရေး စနစ်အတွင်းရှိ အခြား ဇာတ်ကောင်/အကြောင်းအရာများကို ထည့်သွင်းလေ့လာနိုင်ခြင်း မရှိပါ။ ထိုကဲ့သို့ အခြားသော ယန္တရားများသည် တည်ရှိနေယုံသာမက မြန်မာနိုင်ငံ၏ စီပွားရေးအုပ်ချုပ်မှု စနစ်အတွင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဥပမာ- ဒေသန္တရ အခြေခံ အဆောက်အအုံများ တည်ဆောက်မှုအတွက် မြေအလှူခံခြင်းနှင့် အချို့ဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ အုပ်ချုပ်ရေး ကဏ္ဍတွင် ပါဝင်မှုတို့မှာ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အုပ်ချုပ်

စီမံမှုစနစ်များ ဖြစ်သည်။ အစိုးရမဟုတ်သော အုပ်ချုပ်စီမံမှု စနစ်များမှာ မြန်မာနိုင်ငံတွင် သာမက အခြားသော နိုင်ငံများတွင်လည်း ရှိပါသည်။ စီးပွားရေးပညာရှင် တစ်ဦးဖြစ်သူ Dixit က "ဈေးကွက် စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းနေတဲ့ နိုင်ငံများမှ အစိုးရများတောင် အုပ်ချုပ်စီမံရေး အလုံးစုံကို မလုပ်ဆောင်နိုင်ကြပါဘူး" ဟု မှတ်ချက်ပေးခဲ့သည်။[၁၁]

## ၁.၁။ စီးပွားရေး အုပ်ချုပ်စီမံမှုနှင့် စီးပွားဝန်းကျင်

**စီးပွားရေး အုပ်ချုပ်စီမံမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး အတွက် အရေးပါသော အချက်တစ်ခုဖြစ်သည့် စီးပွားရေး ဆောင်ရွက်နိုင်မှု အခြေအနေ သို့မဟုတ် စီးပွားဝန်းကျင် တို့မှာ ဆက်စပ်လျက် ရှိသည်။** စီးပွားဝန်းကျင် အနက် ဖွင့်ဆိုမှု အချို့ နှင့် စီးပွားရေး အုပ်ချုပ်စီမံမှု အနက်ဖွင့်ချက် တို့မှာ တူညီနေသည်ကို တွေ့ရပါသည်။ စီးပွားရေးဆိုင်ရာ အပြန်အလှန် ဆက်သွယ်မှုများကို အုပ်ချုပ်စီမံရန် လူများမှ ဖန်တီးထားသည့် စနစ်များနှင့် လုပ်ငန်းစဉ်များတွင် အဓိက အခြေခံ ပါသည်။ဥပမာ- International Finance Corporation မှ စီးပွားရေး ဝန်းကျင်ကို "စီးပွားရေး လုပ်ငန်း များကို အုပ်ချုပ် စီမံသည့် မူဝါဒ၊ ဥပဒေ၊ အင်စတီကျူးရှင်း နှင့် စည်းကြပ်ခြင်းဆိုင်ရာ အခြေအနေများ" ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။[၁၂] Stern ကမူ "ရင်းနှီးမြှုပ်နှံမှု အကျိုး အမြတ်နှင့် ဆုံးရှုံးနိုင်မှု အခြေအနေများအပေါ် လွှမ်းမိုး မှုရှိသော လက်ရှိပကတိနှင့် အကောင်အထည်ဖော်ရန် မျှော်မှန်းထားသည့် မူဝါဒ၊ အင်စတီကျူးရှင်းနှင့် အမူ အကျင့်ဆိုင်ရာ ပတ်ဝန်းကျင်" ဟု အဓိပ္ပာယ် သတ်မှတ် ပါသည်။[၁၃] အဆိုပါ အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် စီးပွားရေး အုပ်ချုပ်စီမံမှု အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် လည်း ကိုက်ညီလျက် ရှိပါသည်။

**အခြား စီးပွားရေးဝန်းကျင်ဆိုင်ရာ သဘောတရားများမှာ ကျယ်ပြန့်ပြီး စီးပွားရေးအုပ်ချုပ်စီမံမှုထက် ပိုမို ကျယ်ပြန့် သည့် အကြောင်းများ ပါဝင်နေပါသည်။** ဥပမာ- Xu က စီးပွားရေးဝန်းကျင် ဆိုသည်မှာ "ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့နေရသည့် ဆုံးရှုံးနိုင်မှု အန္တရာယ်နှင့် အကျိုးအမြတ် ရရှိမှုတို့အပေါ် သက်ရောက်မှုရှိသော ပြင်ပ ပတ်ဝန်းကျင်" ဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ် ဖွင့်ဆိုပါသည်။[၁၄] Eifert နှင့် အခြား စာရေးသူများကလည်း စီးပွားရေးဝန်းကျင် သည် "ကုမ္ပဏီများ နှင့် စီးပွားရေး လုပ်ငန်းများ လည်ပတ်မှု အပေါ် သက်ရောက်မှု ရှိနေသည့် မူဝါဒ၊ အင်စတီကျူးရှင်း၊ အခြေခံ အဆောက်အဦ၊ လူသားအရင်းအမြစ်နှင့် ပထဝီဝင် အနေအထားဆိုင်ရာ ဆက်စပ်မှုဖြစ်သည်" ဟု ဆိုပါသည်။[၁၅] ယင်းအဓိပ္ပာယ် သတ်မှတ်ချက်များအရ သဘာဝပတ်ဝန်းကျင် သို့မဟုတ် ကြီးမားသော ဈေးကွက် များဖြင့် ထိစပ်မှုကဲ့သို့ အစိုးရ ထိန်းချုပ်မှုအောက်တွင် မရှိသော အရာများသည်လည်း စီးပွားရေးဝန်းကျင်၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ယူဆနိုင်ပါသည်။ ယင်းကဲ့သို့ ဖွင့်ဆိုချက်ကို MBEI တွင်လည်း တွေ့ရှိနိုင်ပြီး စီးပွားရေး ဝန်းကျင်၏ အချို့သော ကဏ္ဍများသည် အစိုးရ ထိန်းချုပ်မှု အောက်တွင်မရှိဟု ဆိုပါသည်။ MBEI က စီးပွားရေး အုပ်ချုပ်စီမံမှုသည် စီးပွားရေးဝန်းကျင်၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်ဟု သတ်မှတ်ပြီး၊ စီးပွားရေး အုပ်ချုပ် စီမံခြင်း ဆိုသည်မှာ "အစိုးရများမှ ဆောင်ရွက်ပေးရန် တာဝန်ရှိသော စီးပွားရေးဝန်းကျင် အစိတ်အပိုင်းတစ်ရပ်" ဟု သုံးသပ်ထားပါသည်။[၁၆]

## ၁.၂။ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း

**မြန်မာ့စီးပွားရေး ဝန်းကျင်အညွှန်းကိန်း (MBEI) သည် စီးပွားရေး စီမံအုပ်ချုပ်မှုဆိုင်ရာ အညွှန်းကိန်း တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများမှ ပြည်တွင်းလုပ်ငန်းများ၏ အတွေ့အကြုံများကို တိုင်းတာ နိုင်ရန် ဖန်တီးထားခြင်း ဖြစ်သည်။**[၁၇] MBEI ၏ အဓိက ရည်ရွယ်ချက်မှာ စီးပွားရေး အုပ်ချုပ်စီမံမှုကို တိုင်းတာ ရန်သာ ဖြစ်ပြီး ယင်းတိုင်းတာမှုတွင် မြန်မာ့ဈေးကွက်နှင့် စီးပွားရေးဝန်းကျင်အပေါ် သက်ရောက်မှုရှိသည့် အခြား အကြောင်းရင်းများ ပါဝင်ခြင်း မရှိပါ။ စာရေးသူများက လည်း MBEI သုတေသနသည် "စီးပွားရေးလုပ်ငန်းများ အောင်မြင်ရန် ပံ့ပိုးပေးမည့် မူဝါဒများနှင့် အင်စတီကျူး ရှင်းများ ပေါ်ထွက်လာစေရန် အစိုးရ၏ လုပ်ဆောင်ချက် များ" ဩသာ အဓိကထား လေ့လာထားသည်ဟု ပြောပါ သည်။[၁၈] MBEI ကို သတင်း အချက်အလက် အမျိုးအစား နှစ်ခုပေါ်တွင် အခြေခံထားပါသည်။ ပထမအနေဖြင့် စစ်တမ်း အချက်အလက် ကို အသုံးပြုထားပြီး နိုင်ငံအနှံ့မှ ပုဂ္ဂလိက လုပ်ငန်းပေါင်း ၄၈၇၄ ခု ကို စစ်တမ်းကောက်ယူ ထားသည့် အချက်အလက်များ ဖြစ်သည်။ စစ်တမ်း ကောက်ယူမည့် လုပ်ငန်းများကို အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မှ ရရှိသည့် တစ်နိုင်ငံလုံး ခြုံလွှမ်းမှုရှိသော နမူနာ မူဘောင် အတွင်းမှ ရွေးချယ်ထားခြင်း ဖြစ်သည်။ ဝန်ထမ်းလေးဦးထက်နည်း သော လုပ်ငန်းများ နှင့် နိုင်ငံခြားသားပိုင် လုပ်ငန်းများ အပါအဝင် အချို့လုပ်ငန်း အမျိုးအစားများကို စစ်တမ်းတွင် ထည့်သွင်းထားခြင်း မရှိပါ။ ဒုတိယအနေဖြင့် အစိုးရရုံး များသို့ ကွင်းဆင်းလေ့လာသည့် အချက်အလက်နှင့် မှတ်တမ်းမှတ်ရာ အချက်အလက်များ ပါဝင်သည့် အမာခံ အချက်အလက် (Hard data) ကို အညွှန်းကိန်း ဖော်ထုတ် ရာတွင် အသုံးပြု ထားပါသည်။ အထက်ပါ သတင်း အချက်အလက်များကို ပေါင်းစည်း သုံးသပ်ပြီး MBEI အညွှန်းကိန်းကို ဖန်တီးထားခြင်း ဖြစ်သည်။

**MBEI တွင် စီးပွားရေး အုပ်ချုပ်စီမံမှု ဆိုင်ရာ အချက် (၁၀) ချက်ကို ခြုံလွှမ်းထားပြီး အညွှန်းကိန်းခွဲများအဖြစ် ဖော်ညွှန်းထားပါသည်။** အညွှန်းကိန်းခွဲတိုင်းတွင် စစ်တမ်း အချက်အလက်၊ အမာခံနှင့် ကွင်းဆင်းလေ့လာ ထားသည့် အချက်အလက်တို့မှ ပေါ်ထွက်လာသည့် အညွှန်းကိန်း

ငယ်များ ရှိပါသည်။ မြန်မာ့စီးပွားရေး ကျွမ်းကျင်သူများနှင့် မူဝါဒချမှတ်သူများဖြင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စီးပွားရေးဝန်းကျင်ဆိုင်ရာ စာတမ်းများအပေါ် အခြေခံ၍ အညွှန်းကိန်းခွဲ ၁၀ ခုအတွင်းမှ အညွှန်းကိန်းငယ် ၁၀၁ ခုကို ထုတ်နုတ် ဖန်တီးထားပါသည်။

**MBEI ၏ ရည်ရွယ်ချက်မှာ "မြန်မာ့စီးပွားရေး၏ စည်းမျဉ်းစည်းကမ်း ကြပ်မတ်ခြင်း ဆိုင်ရာ အခက်အခဲများကို ဖော်ထုတ်ရန်နှင့် ပြုပြင်ပြောင်းလဲမှု အခွင့်အလမ်းများ ဖော်ထုတ်နိုင်မည့် နည်းလမ်းကို ပြသရန်" ဖြစ်ပါသည်။**[၁၉] သို့သော်လည်း ပုဂ္ဂလိက ကဏ္ဍ၏ သဘောထားအမြင်များကို အသုံးချနိုင်သည့် မူဝါဒ အကြံပြုချက်များအဖြစ် ပြောင်းလဲနိုင်ရန်အတွက် စီးပွားရေး အုပ်ချုပ်စီမံခြင်း အခန်းကဏ္ဍ အမျိုးမျိုးတွင် မည်သည့် အစိုးရဌာနက မည်သို့ တာဝန်ရှိသည်ကို ဦးစွာ သိရှိထားရန် လိုအပ်မည် ဖြစ်သည်။ ယင်းကဲ့သို့ သိရှိစေရန်မှာ ယခုစာတမ်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ စီးပွားရေး အုပ်ချုပ်စီမံမှု ပိုမိုကောင်းမွန်ပြီး MBEI အညွှန်းကိန်းတွင် ရမှတ်ကောင်း ရရှိနိုင်ရန် နောက်ထပ် စာတမ်းတွင် အုပ်ချုပ်မှု ရလဒ်များကို ဆန်းစစ်သုံးသပ်၍ ပြုပြင်ရမည့် နယ်ပယ်များ ထုတ်ဖော်ခြင်းနှင့် အလေ့အထကောင်းများကို ကောက်နုတ် တင်ပြခြင်းတို့ကို လုပ်ဆောင်မည် ဖြစ်သည်။

**မြန်မာနိုင်ငံတွင် အဖွဲ့အစည်း/ဇာတ်ကောင် အမျိုးမျိုးကို စီးပွားရေး အုပ်ချုပ်စီမံမှု အာဏာအပ်နှင်းထားသည့် မတူညီသည့် အစီအမံများစွာ ရှိပါသည်။** ယခုစာတမ်းတွင် MBEI အညွှန်းကိန်း များနှင့် စပ်လျဉ်းသည့် စီးပွားရေး အုပ်ချုပ်ခြင်းဆိုင်ရာ အစီအမံ လေးမျိုးကို ထုတ်ဖော်တင်ပြသွားပါမည်။

- **အချို့သော အညွှန်းကိန်းများမှာ ဌာနဆိုင်ရာ တစ်ခုတည်း သို့မဟုတ် အနည်းငယ်ဖြင့်သာ စပ်ဆိုင်မှု ရှိသည်ကို တွေ့ရပါသည်။** ယင်းဌာနတွင်သာ ကွပ်ကဲကြီးကြပ်သည့် အာဏာ ရှင်းရှင်းလင်းလင်း ရှိပြီး အခြားသော အစိုးရ ဌာန/အဖွဲ့အစည်း ပါဝင်ပတ်သက်မှု မရှိသလောက် နည်းပါး ပါသည်။ ဥပမာ- ကုမ္ပဏီ မှတ်ပုံတင်ခြင်း ဆိုင်ရာ အညွှန်းကိန်း ဆိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) ဖြင့်သာ သက်ဆိုင်နေပါသည်။ ကုမ္ပဏီ မှတ်ပုံတင်ခြင်းအတွက် လျှောက်လွှာတစ်ခုကို ဖြည့်ရန် လိုအပ်ပြီး လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ (ဖွဲ့စည်းပုံကဲ့သို့) တွဲပေး ရမည်ဖြစ်သည်။ အခြား အစိုးရ ဌာနတစ်ခုမှ ပါဝင်ရမှုအဖြစ် တွဲဘက် တင်ရသည် နိုင်ငံသား မှတ်ပုံတင်သာ ရှိပါသည်။[၂၀]
- **အချို့သော အညွှန်းကိန်းများတွင်မူ ဌာနတစ်ခုက ဦးဆောင်တာဝန် ယူသည်။ သို့သော်လည်း လုပ်ငန်းစဉ် ပြီးမြောက်ရန်အတွက် အခြားသော ဌာနများအပေါ် လွန်စွာ မှီခိုနေရပါသည်။** ယခု လုပ်ငန်းစဉ်မျိုးတွင် ဝန်ကြီးဌာန တစ်ခုတည်း အတွင်းမှ ဌာနပေါင်းများစွာ ပူးပေါင်းလုပ်ဆောင်မှု လိုအပ်ပြီး ဥပမာအားဖြင့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး လုပ်ငန်းမျိုးတွင် ဖြစ်သည်။ လျှပ်စစ်ဓါတ်အား အရည်အသွေးကို ဆန်းစစ်ပါက ၎င်းဖြစ်စဉ်တွင် လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှု၊ ပေးပို့မှုနှင့် ဖြန့်ချိမှု စသည့် ဌာနများစွာ တာဝန်ယူထား ရသည်ကို တွေ့ရမည် ဖြစ်သည်။ ထို့ပြင် ယခုကဲ့သို့ လုပ်ငန်းစဉ်မျိုးတွင်

ပုံ ၂။
MBEI အညွှန်းကိန်းခွဲများ

- ကနဦးကုန်ကျစရိတ်
- မြေယာအသုံးချနိုင်မှုနှင့်လုံခြုံမှု
- မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ
- တရားမဝင် ပေးဆောင်ရမှုများ
- အခြေခံအဆောက်အအုံ
- ပွင့်လင်းမြင်သာမှု
- ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း
- သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း
- လုပ်သား ခန့်ထားရေး
- ဥပဒေစိုးမိုးမှု

ရင်းမြစ်။ *The Myanmar Business Environment Index 2019: Measuring Economic Governance for Private Sector Development," Yangon: The Asia Foundation, 2019.*

**ဇယား ၁။**

## MBEI အညွှန်းကိန်းခွဲခြားထားမှု စာရင်း

စစ်တမ်းအချက်အလက်
လေ့လာမှု (သို့) မှတ်တမ်းမှတ်ရာ
အချက်အလက်များ

### အညွှန်းကိန်းခွဲ ၁။ ကနဦးကုန်ကျစရိတ်

- တရားဝင်ရန် ၃ လ ထက်ပိုမိုစောင့်ဆိုင်းရသည့် လုပ်ငန်းများ (%)
- လုပ်ငန်း အပြည့်အဝ တရားဝင် ဖြစ်ရန် လိုအပ်သော စာရွက်စာတမ်း အရေအတွက်
- မြို့တော်စည်ပင်
- စည်ပင်အဖွဲ့
- DICA မှတ်ပုံတင်စာရွက်ရရှိရန် ကြာမြင့်သည့် ပျမ်းမျှရက်ပေါင်း (DICA)
- အုပ်ချုပ်ရေးပိုင်း စာရွက်စာတမ်း ရရှိရန် ခက်ခဲ (%)
- စည်ပင်လိုင်စင်ထုတ်ပေးသည့်ထိရောက်လျင်မြန်မှု (၁-၃ မှတ်)
- စည်ပင်လိုအပ်သည့်စာရွက်စာတမ်း (၀-၆ မှတ်)

### အညွှန်းကိန်းခွဲ ၂။ မြေယာအသုံးချနိုင်မှုနှင့် လုံခြုံမှု

- မြေပိုင်ဆိုင်ပြီး အမည်ပေါက်ရှိသည်
- အမည်ပေါက်ရရှိရန် ကြာမြင့်ချိန် (ပျမ်းမျှရက်ပေါင်း)
- မြေပိုင်ဆိုင်ပြီး အမည်ပေါက်ရှိသည်
- မြေသိမ်းခံရနိုင်သည့်ဘေးမရှိ သို့ နိမ့်ပါး
- မြေသိမ်းခံရပါက သင့်တင့်မျှတသည့် လျော်ကြေးရရှိသည်
- လုပ်ငန်းအနေဖြင့် မြေယာဆိုင်ရာ လုပ်ထုံးများ ပြီးမြောက်သည့်တိုင် အခက်အခဲမတွေ့ရချေ
- အငှားဆိုင်ရာ ဘေးအန္တရာယ် စိုးရိမ်စိတ်နည်းပါး
- DALMS မှလိုင်စင်ထုတ်ပေးသည့် ထိရောက်လျင်မြန်မှု (ဖောင်၁၅၊ ၁-၃ မှတ်)
- DALMS လိုအပ်သည့်စာရွက်စာတမ်း (ဖောင်၁၅၊ ၀-၅ မှတ်)

### အညွှန်းကိန်းခွဲ ၃။မှတ်ပုံတင်ခြင်းအလွန်စည်းမျဉ်းများ

- စည်းမျဉ်းနားလည်ရန်နှင့်လိုက်နာရန် အချိန်၏ ၁၀% အောက်ကိုသာ သုံးရသည်
- ဌာနအားလုံးမှ ဝင်ရောက်စစ်ဆေးသည့်အကြိမ် (count)
- အစိုးရအရာရှိများမှာထိရောက်မှုရှိ
- မှတ်ပုံတင်သည့် ကိစ္စ ပြီးမြောက်ရန် လုပ်ငန်းအနေဖြင့် ရုံးသို့အကြိမ်များစွာသွားရန် မလို
- စာရွက်စာတမ်းများမှာရိုးရှင်း
- ပေးဆောင်ရမည့်ငွေပမာဏကိုတရားဝင်လူမြင်အောင်ကပ်ထားသည်
- အငယ်တန်းဝန်ထမ်း၏အကူအညီပေးနိုင်စွမ်း (ထွေအုပ်၊ ၁-၅ မှတ်)
- အကြီးတန်းဝန်ထမ်း၏အကူအညီပေးနိုင်စွမ်း (ထွေအုပ်၊ ၁-၅ မှတ်)
- အငယ်တန်းဝန်ထမ်း၏အကူအညီပေးနိုင်စွမ်း (စည်ပင်အဖွဲ့၊ ၁-၅ မှတ်)
- အကြီးတန်းဝန်ထမ်း၏အကူအညီပေးနိုင်စွမ်း (စည်ပင်အဖွဲ့၊ ၁-၅ မှတ်)
- အငယ်တန်းဝန်ထမ်း၏အကူအညီပေးနိုင်စွမ်း (DALMS၊ ၁-၅ မှတ်)
- အကြီးတန်းဝန်ထမ်း၏အကူအညီပေးနိုင်စွမ်း (DALMS၊ ၁-၅ မှတ်)

### အညွှန်းကိန်းခွဲ ၄။ တရားမဝင် ပေးဆောင်ရမှုများ

- နည်းလမ်းမကျသောပေးဆောင်ရမှုများ ပြုလုပ်ရန်မလိုဟု ယုံကြည်သည့် လုပ်ငန်းရာခိုင်နှုန်း
- ဝင်ငွေ၏၂%အောက်လာဘ်ပေးရသည့်လုပ်ငန်းပမာဏ
- လာဘ်ငွေပမာဏကြိုသိသည့် လုပ်ငန်းပမာဏ
- လာဘ်ပေးပြီးပါက ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရန် မျှော်လင့်
- ပစ္စည်းဝယ်ယူရေးစာချုပ်ရရှိရန် ကော်မရှင်ကြေး ပေးရန် မလိုအပ်
- လုပ်ငန်းတစ်ခုချင်းစီအလိုက် အဂတိလိုက်စားမှု အရေအတွက်

### အညွှန်းကိန်းခွဲ ၅။ အခြေခံအဆောက်အအုံ

- လမ်းများကောင်း သို့ လွန်စွာကောင်း
- တယ်လီဖုန်းများကောင်း သို့ လွန်စွာကောင်း
- လျှပ်စစ်မီးရရှိမှု ကောင်း သို့ လွန်စွာကောင်း
- တယ်လီဖုန်း၊ ဖက်စ်နှင့် အင်တာနက် ပြတ်တောက်သည့် ပျမ်းမျှနာရီပေါင်း
- ယခင်လအတွင်း လျှပ်စစ်မီး ပြတ်တောက်သည့် ပျမ်းမျှနာရီပေါင်း
- မြေပြို၍လမ်းပိတ်သည့်ပျမ်းမျှရက်ပေါင်း
- အင်တာနက်လိုင်းကောင်း သို့ လွန်စွာကောင်း
- လျှပ်စစ်မီးရှိသည့် လူဦးရေ ပမာဏ
- တီဗီရှိသည့် လူဦးရေ ပမာဏ
- တယ်လီဖုန်းရှိသည့် လူဦးရေ ပမာဏ

### အညွှန်းကိန်းခွဲ ၆။ ပွင့်လင်းမြင်သာမှု

- စီမံကိန်းနှင့် ဥပဒေရေးရာ စာရွက်စာတမ်းများ ရရှိ။ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်၊ မြို့နယ်ဘတ်ဂျက်၊ ပြည်ထောင်စု ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ရေး စာရွက်စာတမ်းများ၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့် ဥပဒေရေးရာ စာရွက်စာတမ်းများ၊ အခြေခံအဆောက်အအုံ စီမံကိန်းသစ်များ၊ အစိုးရရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၊ မြေအသုံးချမှု ခွဲဝေပေးသည့် စီမံကိန်းနှင့် မြေပုံများ၊ ဒေသန္တရ စက်ရုံများနှင့် ကဏ္ဍများတိုးတက်ရေး စီမံချက်ရေးဆွဲခြင်း၊ စည်းကြပ်မှု လုပ်ငန်းစဉ်များ ပြည့်မီအောင် ဆောင်ရွက်ရေး ဖောင်ပုံစံများ
- ပြည်ထောင်စုအဆင့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲသည့်နှုန်းနိမ့်ပါး
- ဒေသန္တရအဆင့် စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲသည့်နှုန်းနိမ့်ပါး
- နမူနာပေးထားသော ထွေအုပ် စာရွက်စာတမ်း
- နမူနာပေးထားသော စည်ပင် စာရွက်စာတမ်း
- သတင်းအချက်အလက်ကပ်ပေးထားသော စည်ပင်စာရွက်စာတမ်း
- ပုံစံ ၁၅ နမူနာပေးထားသော နမူနာ စာရွက်စာတမ်း
- နမူနာပေးထားသော DALMS စာရွက်စာတမ်းများ
- သတင်းအချက်အလက် ကပ်ပေးထားသော DALMS စာရွက်စာတမ်း
- ပြည်သူ့ဝန်ဆောင်မှုရုံးမှ ကပ်ပေးထားသည့် သတင်းအချက်အလက် အဆင့် (၀-၅ မှတ်)

### အညွှန်းကိန်းခွဲ ၇။ ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

- အဆက်အသွယ်ကောင်းသော လုပ်ငန်းများသို့ ဒေသအာဏာပိုင်များမှ မျက်နှာသာပေးခြင်းမရှိ
- မြေအသုံးပြုခွင့် မျက်နှာသာပေးမှု
- ချေးငွေရရှိရေး၌ မျက်နှာသာပေးမှု
- သယံဇာတ တူးဖော်ခွင့် လိုင်စင်ရရှိရေးတွင် မျက်နှာသာပေးမှု
- အုပ်ချုပ်ရေးလုပ်ငန်းပိုင်းတွင် မျက်နှာသာပေးမှု
- ပြည်နယ်အစိုးရစာချုပ်ရေးတွင် မျက်နှာသာပေးမှု
- သတင်းအချက်အလက်ရရှိရေးတွင်  မျက်နှာသာပေးမှု
- နိုင်ငံသား ၁၀,၀၀၀ စီအတွက် ဘဏ်အရေအတွက်
- နိုင်ငံသား ၁၀,၀၀၀ စီအတွက် အသေးစားငွေချေးလုပ်ငန်း

### အညွှန်းကိန်းခွဲ ၈။ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း

- ပျမ်းမျှသဘာဝပတ်ဝန်းကျင်အရည်အသွေး ကောင်း သို့ အလွန်ကောင်း
- ပတ်ဝန်းကျင်ညစ်ညမ်းမှုအဆင့်မှာလက်ခံနိုင်ဖွယ်ရှိ သို့ ကောင်းမွန်လာ
- ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပွားပါက အာဏာပိုင်များမှ အချိန်မီဆောင်ရွက်
- ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် စီးပွားရေးလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်စေ
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာမှုအတွက် ညွှန်ကြားချက်
- ရေခြွေတာရန် ပြည်နယ်မှထောက်ပံ့ကူညီ
- စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချရန် ပြည်နယ်မှထောက်ပံ့ကူညီ
- ကောင်းမွန်သော မိလ္လာစနစ်ရှိသည့် လူဦးရေ ရာခိုင်နှုန်း
- ကောင်းမွန်သော အရေအရင်းမြစ်များရှိသည့် လူဦးရေ ရာခိုင်နှုန်း

### အညွှန်းကိန်းခွဲ ၉။ လုပ်သားခန့်ထားရေး

- အအလုပ်သမား လေ့ကျင့်သင်ကြားရေး၌ စီးပွားရေးကုန်ကျစရိတ် ပျမ်းမျှ ပမာဏ
- အလုပ်သမားခေါ်ယူရလွယ်ကူမှု - အခြေခံကာယလုပ်သား၊ နည်းပညာရှင်များ၊ စာရင်းကိုင်များ၊ ကြီးကြပ်သူများ၊ မန်နေဂျာများ/ဘဏ္ဍာရေး မန်နေဂျာ
- အခြေခံပညာရေးပြီးဆုံးသည့် လူဦးရေ ပမာဏ
- အလယ်တန်းပညာရေးပြီးဆုံးသည့် လူဦးရေ ပမာဏ

### အညွှန်းကိန်းခွဲ ၁၀။ ဥပဒေစိုးမိုးမှု

- အရာရှိဥပဒေချိုးဖောက်ပါကအရေးယူခံရမည် (သဘောတူသူပမာဏ)
- ဝန်ထမ်းဥပဒေချိုးဖောက်ပါကအရေးယူခံရမည် (သဘောတူသူပမာဏ)
- တရားရေးစနစ်သည် ပစ္စည်းပိုင်ဆိုင်ခွင့်များနှင့် စာချုပ်များကို ကာကွယ်ပေးသည်
- ပြည်နယ်တရားရုံးများသည် စီးပွားရေးအမှုကိစ္စရပ်များကို ဥပဒေတိုင်းစီရင်သည်
- ပြည်နယ်တရားရုံးများသည် စီးပွားရေးအမှုကိစ္စရပ်များကို လျင်မြန်စွာဖြေရှင်းပေးသည်
- တရားရုံးမှစီရင်ချက်များကို လျင်မြန်စွာ အရေးယူဆောင်ရွက်မှုရှိသည်
- ဥပဒေအထောက်အကူများသည် စီးပွားရေးလုပ်ငန်းများကို အကူအညီ ဖြစ်စေသည်
- တရားရုံး၏ စီရင်ချက်သည် တရားမျှတသည်
- လုံခြုံရေးအခြေအနေကောင်းမွန်သည်
- ယခင်နှစ် ရာဇဝတ်မှုဒဏ်ခံခဲ့ရသူ
- လူတစ်သောင်းလျှင် ခံစားရသည့် ရာဇဝတ်မှု အရေအတွက်

ရင်းမြစ်။ *The Myanmar Business Environment Index 2019: Measuring Economic Governance for Private Sector Development," Yangon: The Asia Foundation, 2019.*

မတူညီသော ဝန်ကြီးဌာနများမှ ဌာနများစွာ ပါဝင်မှုလည်း လိုအပ်နိုင်သည်။ ဥပမာ- လုပ်ငန်းတစ်ခုအပေါ် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် စပ်လျဉ်းသည့် တိုင်ကြားမှု ရရှိပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (DEC) မှ စုံစမ်း စစ်ဆေးခြင်း လုပ်ဆောင်နိုင်သော်လည်း ချိုးဖောက်သည့် လုပ်ငန်းကို အရေးယူနိုင်သည့် အခွင့်အာဏာ ၎င်းတွင် မရှိပါ။ ထို့ကြောင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ သို့မဟုတ် လုပ်ငန်း လိုင်စင် ထုတ်ပေးသည့် ဌာနကိုသာ အကြောင်းကြား တင်ပြရပါသည်။ ယင်းဖြစ်စဉ်တွင် အရေးယူ အပြစ်ပေးခြင်း လုပ်ဆောင်ရန်အတွက် ဌာန/အဖွဲ့အစည်း တစ်ခုခုက တာဝန်ယူရမည် ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို စည်းကမ်းပိုင်းဆိုင်ရာ ထိန်းသိမ်းရန်မှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (DEC) တစ်ခုတည်း၏ လုပ်ပိုင်ခွင့်သာ မဟုတ်တော့ပါ။

- **အချို့ အညွှန်းကိန်းများသည် ဌာနတိုင်းနှင့် သက်ဆိုင်မှု ရှိသည်။** စာရွက်စာတမ်း တင်ပြရသည့် လုပ်ငန်းစဉ် ရိုးရှင်းမှု၊ တရားမဝင် ပေးချေရမှု သို့မဟုတ် ပေးဆောင်ရမည့် ဝန်ဆောင်ခကို အများမြင်သာရန် ပြသထားခြင်း စသည့် စီးပွားရေး အုပ်ချုပ်မှု အညွှန်းကိန်းများသည် ဌာနတိုင်းနှင့် သက်ဆိုင်မှု ရှိပါသည်။ တခါတရံတွင် အစိုးရအဖွဲ့အနံ့ရှိ ပြဿနာ ကိစ္စရပ် တစ်ခုအား အာဏာပိုင်အဖွဲ့အစည်း တစ်ခုတည်းက ဖြေရှင်းပေးသည့် တာဝန်ကို ယူထားရခြင်းလည်း ရှိသည်။ အစိုးရအဖွဲ့အနံ့ရှိ အကျင့်ပျက် ချစားမှုနှင့် တရားမဝင် ငွေပေးချေရမှုများကို ကိုင်တွယ်ရန် အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကသာ တာဝန်ယူထားခြင်း ဖြစ်သည်။
- **အချို့ အညွှန်းကိန်းများအတွက် အုပ်ချုပ်စီမံမှု အဓိက တာဝန်ရှိသူမှာ ဌာနတစ်ခုခု မဟုတ်ပဲ တရားလွှတ်တော် သို့မဟုတ် ကော်မတီကဲ့သို့ အစိုးရအဖွဲ့အစည်း တစ်ခုခု ဖြစ်နေသည်။** ယင်းအတွက် ဥပမာမှာ မြေယာလျော်ကြေးပေးခြင်း ဆိုင်ရာ အစီအမံများတွင် တွေ့နိုင်ပါသည်။ သိမ်းဆည်းခံမြေယာများအတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေး ကော်မတီကသာ လုပ်ဆောင်ပြီး ယင်းကော်မတီသည် ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင် အပါအဝင် အဆင့်များစွာတွင် ရှိပါသည်။ ယင်း ကော်မတီတွင် အစိုးရ အရာရှိများနှင့် နိုင်ငံရေး သမားများ ပါဝင်ပြီး ပြည်ထောင်စုအဆင့် ကော်မတီမှလွဲ၍ အခြားအဆင့် ကော်မတီများတွင် တောင်သူလယ်သမား ကိုယ်စားလှယ်များ သို့မဟုတ် ရပ်ရွာခေါင်းဆောင်များ ကဲ့သို့ အစိုးရမဟုတ်သော တစ်သီးပုဂ္ဂလ ကိုယ်စားပြုသူများ ပါဝင်ပါသည်။[၂၁] မြေယာစာရင်းသွင်း မှတ်တမ်းတင်ခြင်း အတွက် အဓိက တာဝန်ရှိသည့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန (DALMS) သည် ကော်မတီကို ပံ့ပိုးသည့် အခန်းကဏ္ဍမှသာ ပါဝင်ပြီး လျော်ကြေးပေးခြင်းနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့် အာဏာ မရှိချေ။

**မြန်မာနိုင်ငံရှိ စီးပွားရေး အုပ်ချုပ်စီမံမှု စနစ်သည် အစိုးရအဆင့်များစွာနှင့် စီးပွားရေး ရလဒ်များအပေါ် လွှမ်းမိုးမှုရှိသော အာဏာပိုင် အဖွဲ့အစည်း အမျိုးမျိုးတို့ ပေါင်းစည်းအုပ်ချုပ်ရသည့် စနစ်တစ်ခု ဖြစ်နေကြောင်း ယခုစာတမ်းတွင် တင်ပြထားပါသည်။** MBEI သည် ပြည်တွင်း ကုမ္ပဏီ/လုပ်ငန်းများကို အဓိက ထားသော်လည်း စီးပွားရေး လုပ်ငန်းများ၏ အစိုးရအဆင့် အသီးသီးဖြင့် ဆက်ဆံရသည့် အတွေ့အကြုံများကိုလည်း လေ့လာနိုင်ခဲ့ပါသည်။ သို့သော်လည်း ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့အဆင့်များအလိုက် အညွှန်းကိန်းခွဲ အတွေ့အကြုံများ ကွာခြားနိုင်ပါသည်။ အချို့ အညွှန်းကိန်းခွဲများသည် ဒေသန္တရ အဆင့် လုပ်ငန်းများဖြင့် ပိုမိုဆက်စပ်မှုရှိနိုင်ပြီး၊ အချို့အညွှန်းကိန်းခွဲများသည် ပြည်ထောင်စု အစိုးရ၏ လုပ်ငန်းဖြင့်သာ အဓိက သက်ဆိုင်ခြင်း သို့မဟုတ် ပိုမို သက်ဆိုင်ခြင်း ရှိနေပါသည်။ ယခုစာတမ်းသည် မြန်မာနိုင်ငံ၏ ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှုနှင့် စပ်လျဉ်းသည့် မေးခွန်းများစွာကို ဖြေဆိုနိုင်ရန် ကူညီပေးမည် ဖြစ်သည်။

# ၂

# အထက်အောက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စီးပွားရေး အုပ်ချုပ်မှု အာဏာဖြန့်ဝေခြင်း

**မြန်မာနိုင်ငံရှိ စီးပွားရေး အုပ်ချုပ်စီမံမှု စနစ်သည် အစိုးရအဆင့် အားလုံးအကြား တာဝန်ခွဲဝေယူရသည့် စနစ်ဖြစ်ပါသည်။** ယခုအခန်းတွင် မြန်မာနိုင်ငံရှိ စီးပွားရေး အုပ်ချုပ် စီမံမှုစနစ်အတွင်း ပါဝင်သည့် အဖွဲ့အစည်း/ ဇာတ်ကောင်များကို ပုံဖော်ပေးသည့် ဥပဒေနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ မူဘောင်နှင့် အစိုးရ အဆင့် အသီးသီးကို သုံးသပ်လေ့လာမည် ဖြစ်သည်။ အာဏာပိုင် အဖွဲ့အစည်း အသီးသီး ကိုလည်းကောင်း၊ ၎င်းတို့အကြား အပြန်အလှန် ဆက်ဆံရေးကိုလည်းကောင်း၊ မြန်မာ အစိုးရ၏ စရိုက်လက္ခဏာကို ပုံဖော်နေသည့် အစိုးရ အထက်အောက် ပူးပေါင်း ဆောင်ရွက်ခြင်းများကိုလည်းကောင်း သုံးသပ်လေ့လာသွားမည် ဖြစ်သည်။

## ၂.၁။ ပြည်ထောင်စုအဆင့်

**မြန်မာနိုင်ငံ၏ အခြားနယ်ပယ်ရှိ အုပ်ချုပ် စီမံရေး စနစ်များကဲ့သို့ပင် စီးပွားရေး အုပ်ချုပ်စီမံမှုကိုလည်း ပြည်ထောင်စု အစိုးရကသာ အဓိက ချုပ်ကိုင်ထားခြင်း ဖြစ်သည်။** လုပ်ပိုင်ခွင့် အာဏာနှင့် တာဝန်ခွဲဝေမှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပေးထားပြီး ဇယား ၁ နှင့် ဇယား ၂ တို့တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတို့အတွက် ဥပဒေပြုပိုင်ခွင့်များ ခွဲဝေပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အုပ်ချုပ်ရေး မဏ္ဍိုင်ရှိ သမ္မတအား လုပ်ပိုင်ခွင့်အာဏာ အတော်များများ ပေးအပ်ထားပါသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီး တို့သည် နယ်ဘက် ဝန်ထမ်း အဖွဲ့အစည်း ဖွဲ့ပိုင်ခွင့် ရှိသလို လက်ရှိ ပြည်ထောင်စု ဖွဲ့စည်းပုံ အောက်တွင် ဝန်ကြီးဌာန ၂၅ ခု ပါဝင်ကာ အများစုမှာ အထက်အောက် ပူပေါင်းလုပ်ကိုင် ရသည့် ဌာနများလည်း ဖြစ်သည်။ ဥပဒေနှင့် နည်းဥပဒေ မူဘောင် အများစုကို ပြည်ထောင်စုအဆင့် မှ ထိန်းချုပ် ထားသလို လူစွမ်းအား အရင်းအမြစ် စီမံခန့်ခွဲခြင်း၊ ရာထူးတိုးခြင်း၊ နေရာချထားခြင်း၊ ရုံး စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်း အပါအဝင် နိုင်ငံတော်၏ အုပ်ချုပ်ရေး လုပ်ငန်းများကို ပြည်ထောင်စု အဆင့်မှသာ လုပ်ဆောင်ပါသည်။[၂၂]

## ၂.၂။ ပြည်နယ် / တိုင်းဒေသကြီးအဆင့်

**မြန်မာနိုင်ငံသည် ပြီးခဲ့သော ဆယ်စုနှစ်အတွင်း အစိုးရ အောက်ခြေအဆင့်သို့ လုပ်ပိုင်ခွင့် အာဏာများ ခွဲဝေပေးသည့် အုပ်ချုပ်ရေး အာဏာခွဲဝေမှု (devolution) များကို လုပ်ဆောင်ခဲ့သည်။** အရေးကြီးဆုံး ခြေလှမ်းမှာ ပြည်ထောင်စု ဖွဲ့စည်းပုံ အဟောင်းအရ ပြည်ထောင်စု အစိတ်အပိုင်း များဖြစ်သော ယခင် ပြည်နယ် နှင့် တိုင်းများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ၁၄ ရပ် အဖြစ် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းအစိုးရများတွင် "တစ်စိတ် တစ်ပိုင်း ရွေးကောက်ခံ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်တစ်ရပ်၊ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများ ပါဝင်ပြီး ဝန်ကြီးချုပ် တစ်ဦးမှ ဦးဆောင်သည့် အစိုးရ တစ်ရပ်၊ နှင့် ပြည်နယ်/တိုင်းဒေသကြီး တရားလွှတ်တော်များ" ပါဝင်ကြပါသည်။[၂၃] ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဇယား (၂) တွင် ပြည်နယ်/တိုင်းဒေသကြီး တို့အတွက် ဥပဒေပြု စာရင်းကို သတ်မှတ် ပေးထားပြီး ဇယား (၅) တွင် ပြည်နယ်/တိုင်းဒေသကြီးတို့ ကောက်ခံနိုင်သည့် အခွန် အခများကို သတ်မှတ်ပေးထားပါသည်။

**ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဇယား (၂) အရ ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြား အာဏာ ခွဲဝေမှုမှာ ကျယ်ပြန့်မှု ရှိပါသည်။** ပုံ (၁) တွင် ဖော်ပြထားသည့် အတိုင်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာမှာ အနည်းငယ် အကန့်အသတ် ရှိနေပြီး အချို့အချက်များတွင် ပြည်ထောင်စု ဥပဒေများနှင့် အညီ ဖြစ်ရမည်ဆိုသော သတ်မှတ်ချက်များ ပါဝင်နေသည်။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုတွင်း၊ သစ်တောနှင့် စက်မှု တို့ကဲ့သို့ အရေးကြီးသော စီးပွားရေး နယ်ပယ်များတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် လုပ်ပိုင်ခွင့် အာဏာအကန့်အသတ်ဖြင့်သာရှိပြီး ပြည်ထောင်စု ထိန်းချုပ်ထားခြင်း မရှိသည့် အသေးစားနှင့် အလတ်စား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးနှင့် အသေးစား စက်မှုကဏ္ဍများတွင်သာ လုပ်ပိုင်ခွင့် ရှိပါသည်။

**ပုံ ၃။**

## ဇယား ၂ အရ ပြည်နယ် နှင့် တိုင်းဒေသကြီးတို့၏ တာဝန်များ

ဇယား ၂ အရ
**ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ တာဝန်များ**

### ဘဏ္ဍာရေး နှင့် စီမံကိန်းကဏ္ဍ
- ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်
- ဒေသန္တရ စီမံကိန်း
- စည်ပင်သာယာရေးအခွန်နှင့် မြေခွန်ကဲ့သို့ အခွန်အခများ

### စီးပွားရေးကဏ္ဍ
- စီးပွားရေးကိစ္စများ
- ကူးသန်းရောင်းဝယ်ရေးကိစ္စများ
- ဟိုတယ်နှင့် ခရီးသွားလာရေး

### စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ
- လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေး
- ရေချိုငါးလုပ်ငန်း
- ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ

### စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ
- အသေးစားနှင့် အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး
- အသေးစား သတ္တုတူးဖော်ခြင်း
- သဘာဝ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်း

### စက်မှုလက်မှုကဏ္ဍ
- ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းမှအပ အခြား စက်မှုလုပ်ငန်းများ
- စက်မှုဇုန်များ
- အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ

### ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ
- လမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများ
- ပုဂ္ဂလိက ယာဉ်များ
- ရေလမ်းကြောင်းနှင့် ရေအရင်းအမြစ်များ

### လူမှုရေးကဏ္ဍ
- အခြေခံပညာကျောင်း စီမံခန့်ခွဲမှု
- ဆေးရုံ နှင့် ဆေးခန်းများ
- ကလေးများ၊ အမျိုးသမီးများ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများနှင့် အိမ်ခြေရာမဲ့ တို့အတွက် လူမှုဝန်ထမ်းလုပ်ငန်းများ
- ပြတိုက်၊ စာကြည့်တိုက်များ၊ ရုပ်ရှင်ရုံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး

### စီမံခန့်ခွဲရေး ကဏ္ဍ
- စည်ပင်သာယာရေး
- မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး
- နယ်စပ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

*ရင်းမြစ်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဇယား ၂။*

**၂၀၁၅ တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၂) ကို ပြင်ဆင်မှု ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြု စာရင်းကို တိုးချဲ့ပေးခဲ့သည်။[၂၄] သို့သော်လည်း အရေးကြီးသော ကန့်သတ်ချက်များ ရှိနေသေးသည်။** ၂၀၁၅ ပြင်ဆင်ချက်တွင် ဝင်ငွေခွန်များ၊ ကုန်သွယ်ခွန်၊ အကောက်ခွန်နှင့် ခရီးသွားလာမှု၊ သတ္တုတွင်းနှင့် အခြားသော နယ်ပယ်များတွင် ကောက်ခံနိုင်သည့် ကဏ္ဍအလိုက် အခွန်များ အပါအဝင် ဘဏ္ဍာငွေနှင့် အခွန် အခများ ရှာဖွေရန် လုပ်ပိုင်ခွင့်အာဏာ အသစ်များ ပါဝင် လာသည်။ ထို့ပြင် ပြည်နယ်/တိုင်းဒေသကြီးတို့၏ ဥပဒေပြု ကဏ္ဍတွင်လည်း တိုးချဲ့လုပ်ပိုင်ခွင့် ပေးအပ်ထားပြီး မြေယာ၊ အသေးစား သတ္တုတူးဖော်မှု၊ သစ်တောနှင့် ခရီးသွား ကဏ္ဍဆိုင်ရာ ဥပဒေပြုပိုင်ခွင့်များ ပါဝင် လာသည်။ သို့သော်လည်း ယင်းပြင်ဆင်ချက်များတွင် "ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်သည့် ...ကိစ္စများ" ဟူသော အရေးပါသည့် ကန့်သတ်ချက်တစ်ခု ရှိနေသည်။ ပြည်နယ်/တိုင်းဒေသကြီးတို့ စီးပွားရေး အုပ်ချုပ်စီမံမှု လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် ပြည်ထောင်စု မူဘောင်နှင့် ညီညွတ်မှုရှိရန် အထက်ပါ ကန့်သတ်ချက်ဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်သည်။

**အာဏာခွဲဝေမှုကြောင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့် အစိုးရများအတွက် လုပ်ပိုင်ခွင့် အခွင့်အလမ်း များစွာ ပေါ်ထွက်လာသည်။** ပြည်နယ်/ တိုင်းဒေသကြီး တို့သည် (ပြည်ထောင်စုမှ ထိန်းကျောင်း ကြီးကြပ်ခြင်း မရှိသော) စည်ပင်ရေးရာ ကိစ္စရပ် ကဲ့သို့ အချို့သော ကိစ္စရပ်များတွင် လုပ်ပိုင်ခွင့် အာဏာ အသစ်များ ရရှိလာသည်။ ထိုမှတဆင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အုပ်ချုပ်စီမံရေး လုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် ပိုမို ဆန်းသစ်ကောင်းမွန်သည့် နည်းလမ်းများဖြင့် စတင် လုပ်ဆောင် လာကြပြီး၊ ဥပမာ- မန္တလေး တိုင်းဒေသကြီး အစိုးရသည် e-Madalay portal ဖြင့် ပြည်သူ့ ဝန်ဆောင်မှု လုပ်ငန်းများကို စီမံနေပါသည်။ ယင်း Portal ကို စီးပွားရေး လုပ်ငန်းများ နှင့် ပြည်သူ တစ်ဦးချင်း အလိုက် အသုံးပြု နိုင်ကာ အစိုးရထံသို့ လျှောက်လွှာနှင့် ဘဏ္ဍာရေး အချက် အလက်များ တင်သွင်းခြင်း စသည့် အစိုးရဖြင့် ဆက်ဆံ ရသည့် လုပ်ငန်းများကို တနေရာတည်းတွင် လုပ်ဆောင် နိုင်သည်။

**ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများကို ဖွဲ့စည်းခြင်း အားဖြင့် ပြည်ထောင်စုအစိုးရထံမှ အာဏာကို ခွဲဝေခြင်း ပြုလုပ်ခဲ့သော်လည်း အုပ်ချုပ်စီမံရေး ကိစ္စရပ်အများစုတွင် ပြည်ထောင်စု အစိုးရကသာ အဓိက ဆုံးဖြတ်သည့် အခန်းကဏ္ဍကို ဆက်လက် ရယူထားသည်။** ဖွဲ့စည်းပုံ အခြေခံ ဥပဒေ က ပြည်နယ်/ တိုင်းဒေသကြီး တို့သည် ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် အညီ အုပ်ချုပ်ရမည်ဟု သတ်မှတ်ထား သလို ပြည်ထောင်စုတွင် ပြည်နယ်/ တိုင်းဒေသကြီးတို့၏ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် ကန့်သတ်နိုင်သော အရေးပါသည့် လုပ်ငန်းစဉ်များလည်း ရှိနေပါသည်။ အထင်ရှားဆုံး တစ်ချက်မှာ ပြည်ထောင်စု သမ္မတသည် ပြည်နယ်/ တိုင်းဒေသကြီး တို့၏ ဝန်ကြီးချုပ် ကို ခန့်အပ်ပိုင်ခွင့် ရှိခြင်း ဖြစ်သည်။ ဗဟိုမှ ခန့်အပ်သည့် ဝန်ကြီးချုပ်က ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများကို ဆက်လက် ခန့်အပ်သည်။ ထိုလုပ်ငန်းစဉ်ကြောင့် ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်ရေးအပေါ် ပြည်သူ များ၏ လွှမ်းမိုးနိုင်မှု အားနည်းသွားစေပါသည်။

**ပြည်နယ်/ တိုင်းဒေသကြီး အုပ်ချုပ်ရေး မဏ္ဍိုင်များ၏ အရေးကြီးဆုံး အချက်တစ်ခုမှာ ချွင်းချက်တစ်ခု မှလွဲ၍ ပြည်နယ်/တိုင်းဒေသကြီး ဌာနအားလုံးနှင့် ဝန်ထမ်း များသည် ပြည်ထောင်စု အစိုးရ၏ အစိတ်အပိုင်း များသာ ဖြစ်သည်။** စည်ပင်သာယာရေး အဖွဲ့များနှင့် မြို့တော် စည်ပင် ကော်မတီများမှ လွဲ၍ ပြည်နယ်/တိုင်းဒေသကြီး အဆင့်ရှိ ဌာနတိုင်းကို ပြည်ထောင်စု ဌာနများက ထိန်း ကျောင်း ကြီးကြပ်ပြီး စည်းမျဉ်း စည်းကမ်းနှင့် လုပ်ထုံး လုပ်နည်းတို့တွင် ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ ဝန်ထမ်း များမှာလည်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၏ အစိတ်အပိုင်း များအဖြစ် သတ်မှတ်ခံရပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှတဆင့် ခန့်အပ်ကာ ပြည်နယ်/တိုင်း ဒေသကြီး အသီးသီးသို့ ပြောင်းရွှေ့ နေရာချခြင်း ပုံမှန် လုပ်ဆောင်ပါသည်။[၂၅] ပြည်နယ်/တိုင်းဒေသကြီးများ၏ အပိုင် ဌာနဆိုင်ရာ ဝန်ထမ်းများ မရှိပဲ နိုင်ငံရေး ခေါင်း ဆောင်မှု ရာထူးများအဖြစ် ဝန်ကြီးချုပ်နှင့် ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးများသာ ရှိပါသည်။ ထို့ကြောင့် ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးများကို ဝန်ကြီးဌာန လက်ကိုင် မရှိသော ဝန်ကြီးများအဖြစ် ရည်ညွှန်းကြ ပါသည်။ ယင်းကဲ့သို့ ထူးခြားသည့် ပြည်နယ်/တိုင်း ဒေသကြီး အုပ်ချုပ်ရေးဆိုင်ရာ ပင်ကိုယ်လက္ခဏာများ ရှိနေခြင်းသည် ဒေသန္တရအဆင့်၌ စီးပွားရေး အုပ်ချုပ် စီမံမှု မည်မျှ လုပ်ဆောင်နိုင်ခြင်းအပေါ် သက်ရောက်မှု ရှိနေ ပါသည်။

**ဌာနများသည် ပြည်ထောင်စု ဝန်ကြီးဌာန၏ အစိတ်အပိုင်း တစ်ခု ဖြစ်နေသော်လည်း ပြည်နယ်/ တိုင်းဒေသကြီး၏ လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း ရှိသလို အစီရင်ခံ တင်ပြခြင်းလည်း လုပ်ဆောင်သည်။** ဌာနအချို့ တို့သည် လစာငွေကြေး အပါအဝင် သာမန်နှင့် ငွေလုံး ငွေရင်း အသုံးစရိတ် နှစ်မျိုးလုံးအတွက် ပြည်နယ်/ တိုင်း ဒေသကြီးထံမှ ရန်ပုံငွေရရှိပါသည်။ ယခု စာတမ်းမှ သုံးသပ်လေ့လာနိုင်ခြင်း မရှိသည့် ပြည်နယ်/ တိုင်းဒေ သကြီးတို့၏ လုပ်ငန်းနှင့် မူဘောင်များရှိပြီး ၎င်းတို့ကို အခြား သုတေသန စာတမ်းများတွင် တွေ့နိုင်ပါသည်။ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ၏ သမိုင်းကြောင်း နှင့် ဖွဲ့စည်းပုံ တို့ကို ပိုမို၍ သိရှိ လိုပါက အာရှဖောင်ဒေးရှင်း ၏ "မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ" သုတေသန စာတမ်းကို လေ့လာနိုင် ပါသည်။ စီးပွားရေး အုပ်ချုပ်စီမံမှု မိတ်ဆက်ကို လေ့လာလိုပါက "မြန်မာနိုင်ငံရှိ ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှု" တွင် တွေ့နိုင်မည် ဖြစ်သည်။[၂၆]

## ၂.၃။ ခရိုင်အဆင့်

**ပြည်နယ်/တိုင်းဒေသကြီး၏ အောက်တစ်ဆင့်တွင် ခရိုင်အဆင့်ရှိပြီး ၎င်းကို ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းဒေသကြီး တို့၏ အုပ်ချုပ်စီမံမှု အစိတ်အပိုင်း အတွင်းသာ အပြည့်အဝ ထည့်သွင်းထားခြင်း ဖြစ်သည်။** "မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ" သုတေသန စာတမ်းတွင် ဖော်ပြထား သလိုပင် "ဒေသန္တရ အစိုးရ မရှိသော ဒေသန္တရ အုပ်ချုပ်စီမံမှုစနစ်" ဖြစ်နေပါသည်။[၂၇] အဘယ်ကြောင့်ဆိုသော် ခရိုင်နှင့် မြို့နယ်အဆင့် စီမံအုပ်ချုပ်မှု လုပ်ငန်းများသည် ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စု အစိုးရမှသာ ဆောင်ရွက်နေသောကြောင့် ဖြစ်သည်။ ပြည်ထောင်စု၏ ဝန်ထမ်း (စည်ပင်သာယာရေးအဖွဲ့ ဆိုပါက ပြည်နယ်/တိုင်းဒေသကြီး၏ ဝန်ထမ်း) များကို ခရိုင်နှင့် မြို့နယ် ဌာနများတွင် တာဝန်ချထား ပေးပါသည်။[၂၈] ခရိုင်အဆင့် ဌာနများ အတွက် ရန်ပုံငွေမှာ ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စု ဘတ်ဂျက်အတွင်းတွင် ထည့်သွင်းထား ပါသည်။

**ခရိုင်အဆင့်သည် အစိုးရ အောက်ခြေ အဆင့်နှင့် အထက်အဆင့်တို့အကြား ပေါင်းစပ်ညှိနှိုင်း၍ စီပွားရေး အုပ်ချုပ်စီမံမှုကို အကောင်အထည်ဖော်ရသည့် အရေးကြီး အခန်းကဏ္ဍကို ယူထားပါသည်။** ခရိုင်အဆင့်သည် မြို့နယ်ရုံးများ၏ လုပ်ငန်းကို ကြီးကြပ်ရပြီး မြို့နယ် အသီးသီး အကြား ညှိနှိုင်းချိတ်ဆက်ပေးရန် တာဝန်ရှိသည်။ သတင်းအချက်အလက်များကို စုစည်း၍ အထက်အဆင့် သို့ တင်ပြပေးသလို ခရိုင်အတွင်းရှိ မြို့နယ်များသို့ အချက်အလက် ဖြန့်ဝေပေးခြင်းကိုလည်း လုပ်ဆောင်ရသည်။[၂၉]

**ခရိုင်အဆင့်သည် ဌာနများစွာ၏ ဒေသန္တရ စည်းမျဉ်း ကြီးကြပ်ခြင်းနှင့် ပြည်သူ့ ဝန်ဆောင်မှုပေးခြင်း ဗဟိုချက် ဖြစ်ပြီး ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် တာဝန်လည်း ရှိသည်။** ဌာနအချို့သည် မြို့နယ်တိုင်းတွင် ၎င်းတို့ ရုံးခွဲ ရှိစရာ မလိုခြင်း သို့မဟုတ် ရုံးခွဲထားရန် ရံပုံငွေ မလုံလောက်ခြင်း ရှိနေသော်လည်း ပြည်နယ်/ တိုင်းဒေသကြီး ၏ မြို့တော်မှ လှမ်း၍ လုပ်ငန်းများ အားလုံးကို လည်ပတ်ရန်မှာလည်း အလုပ်များလွန်းသည့် အခြေအနေမျိုးတွင် ရှိနေပါသည်။ ယင်းသို့ အခြေအနေမျိုးတွင် ဌာန ခရိုင်ရုံးခွဲများမှတဆင့် ဒေသန္တရ စီးပွားရေးအုပ်ချုပ်မှု လုပ်ငန်းများကို လုပ်ဆောင်နိုင်ပါသည်။[၃၀] စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနသည် ခရိုင်အဆင့် ရုံးများရှိပြီး ယင်းရုံးများမှ စစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနသည်လည်း မြန်မာနိုင်ငံရှိ နေရာအတော်များများတွင် ထိုနည်းတူ လုပ်ဆောင်ပါသည်။ ခရိုင်ရုံးများတွင် ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်လည်း ရှိကြပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးမှ အာရုံစိုက်မှုများစွာ မလိုအပ်သော်လည်း မြို့နယ်အဆင့်အတွက်မူ ဆုံးဖြတ်ချက် ချမှတ်ရန် လွန်စွာ အရေးကြီးသည့် ကိစ္စရပ်များကို ခရိုင်အဆင့်မှ တာဝန်ယူဆုံးဖြတ်ခြင်း ပြုလုပ်ပါသည်။ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၏ ယစ်မျိုးလိုင်စင်ပေးခြင်းလုပ်ငန်းကို ခရိုင်အဆင့် အရာရှိများကသာ ဆုံးဖြတ်ပြီး လျှပ်စစ်ဓါတ်အားလိုင်း ဆက်သွယ်ခြင်းဆိုင်ရာ လုပ်ငန်းတချို့ကိုလည်း ခရိုင်အဆင့်က အတည်ပြုရခြင်း ဖြစ်သည်။[၃၁]

## ၂.၄။ မြို့နယ်အဆင့်

**မြို့နယ်အဆင့် အစိုးရသည် "ဒေသန္တရ အုပ်ချုပ်ရေး၏ အသက်" ဖြစ်ပြီး စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှု လုပ်ငန်းများမှာ မြို့နယ်အဆင့်တွင် အများဆုံး ဖြစ်ပေါ်သည်။[၃၂]** စီးပွားရေး လုပ်ငန်းအများစု အထူးသဖြင့် မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (MSMEs) သည် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစီးဌာနများဖြင့် ချိတ်ဆက်ရပြီး အခွန်အခ ပေးရာတွင်လည်း မြို့နယ် အဆင့် အခွန်ရုံးများတွင်သာ ပေးဆောင် ပါသည်။ မြေယာ မှတ်ပုံတင်ခြင်း၊ စစ်ဆေးခြင်း နှင့် မြန်မာနိုင်ငံရှိ များစွာသော စီးပွားရေး ဆိုင်ရာ အုပ်ချုပ်စီမံမှု လုပ်ငန်းများကို မြို့နယ်အဆင့်တွင် စီမံခန့်ခွဲ နေကြခြင်း ဖြစ်သည်။

**မြို့နယ်သည် အဓိကဒေသန္တရ အုပ်ချုပ်ရေးအဆင့် ဖြစ်သော်လည်း ပြည်ထောင်စု ဗဟိုချုပ်ကိုင်မှုစနစ် အတွင်းသို့သာ ပေါင်းထည့်ခြင်း ခံရပါသည်။** စည်ပင်အဖွဲ့များနှင့် မြို့တော် စည်ပင်ကော်မတီများမှလွဲ၍ စီးပွားရေး အုပ်ချုပ်စီမံခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေသည့် မြို့နယ်ရုံး အားလုံးတို့သည် ပြည်ထောင်စု ဝန်ကြီးဌာန တစ်ခုခု၏ အစိတ်အပိုင်းများသာ ဖြစ်သည်။ ညှိနှိုင်း အစည်းအဝေးများနှင့် ကော်မတီများကို ဦးဆောင်ရပြီး မြို့နယ်တစ်ခု၏ အရေးကြီးဆုံးပုဂ္ဂိုလ်ဟု ဆိုနိုင်သည့် မြို့နယ် အုပ်ချုပ်ရေးမှူးမှာ ပြည်ထောင်စု ခန့်အပ်ခံ ထွေအုပ်အရာရှိတစ်ဦးဖြစ်ပြီး မြို့နယ်မှ ရွေးကောက်ထားခြင်း မဟုတ်ပါ။ မြို့နယ်ရုံးများကို ဦးဆောင်ရသည့် ဝန်ထမ်း အကြီးအကဲများကိုလည်း ပြည်ထောင်စု မှသာ ခန့်အပ်ခြင်းဖြစ်ပြီး များသောအားဖြင့် ၎င်းတို့သည် ဌာနေပြည်သူထဲမှ မဟုတ်ပဲ တစ်နယ်တစ်ကျေးမှ လာသောသူများ ဖြစ်ကြသည်။

**မြို့နယ်တစ်ခု အတွင်း "မြို့များ" ဟု ခေါ်ကြသည့် မြို့ပြဧရိယာတစ်ခု သို့မဟုတ် တစ်ခုထက် ပို၍ ရှိကြပြီး၊ ၎င်းတို့သည် အစိုးရ ရုံးစိုက်သည့် အနိမ့်ဆုံး အဆင့် ဖြစ်သည်။[၃၃]** ပြည်နယ်/တိုင်းဒေသကြီး မြို့တော်များ (ဥပမာ - ပုသိမ်၊ ထားဝယ် တို့ကဲ့သို့ ၁၄ မြို့ ရှိသည်)၊ ခရိုင်မြို့များ (၅၇)၊ "အဓိကမြို့" (၂၂၈) နှင့် "အခြားမြို့" (၁၈၈) အပါအဝင် မြို့များကို အဆင့် အမျိုးမျိုး ခွဲခြား သတ်မှတ် ထားပါသည်။ ရှမ်းပြည်နယ်ရှိ မြို့နယ် တစ်ချို့မှလွဲ၍ မြို့နယ်တိုင်း နီးပါးတွင် ပြည်နယ်/ တိုင်းဒေသကြီး မြို့တော်၊ ခရိုင်မြို့တော် သို့မဟုတ် "အဓိကမြို့" တစ်ခုခု ပါဝင်ပါသည်။[၃၄] ၎င်းမြို့များသည် မြို့နယ်တစ်ခုရှိ အကြီးဆုံး မြို့ပြဧရိယာ ဖြစ်သည်။

မြို့နယ်တစ်ခု ထဲတွင်ပင် "အခြားမြို့" ဟု ညွှန်းဆို ခံရမည့် နောက်ထပ် သေးငယ်သည့် မြို့ပြ ဧရိယာတစ်ခု ရှိနိုင်သည်။

**"အခြားမြို့" တစ်ခုတွင် အစိုးရဌာန အမျိုးမျိုး၏ ရုံးများ ရှိနိုင်သည်။** မြို့အသီးသီးတွင် အစိုးရဌာနများ အခြေစိုက်မှုအပေါ် အပြည့်အဝ လေ့လာနိုင်ခြင်း မရှိသေးသော်လည်း အာရှဖောင်ဒေးရှင်း၏ ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် သုတေသနအရ တနင်္သာရီ တိုင်းဒေသကြီးရှိ မေတ္တာမြို့ (ထားဝယ် မြို့နယ်) ဌာန ၁၄ ခု၏ ရုံးရှိပါသည်။[၃၅] အဆိုပါ ရုံးများအနက် ခန့်မှန်းခြေ ၁၀ ခုသည် စီးပွားရေး အုပ်ချုပ်စီမံမှုတွင် ပါဝင်လျက်ရှိပါသည်။ မြို့အဆင့် ဌာနရုံးများသည် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးတစ်ခုကို ဗဟိုပြုပြီး ၎င်းတို့ ဌာန၏ မြို့နယ်အဆင့် ရုံးသို့ အစီရင်ခံပါသည်။ ၎င်းတို့တွင် စည်ပင်အဖွဲ့များနှင့် မြေစာရင်း ဌာနများကဲ့သို့ စီးပွားရေးအုပ်ချုပ်မှု လုပ်ငန်းများ ဆောင်ရွက်သည့် အဓိကဌာနများလည်း အပါအဝင် ဖြစ်ပါသည်။ "အခြားမြို့" ရှိ အစိုးရရုံးများမှာ အရေးကြီး ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အားဖြင့် မြို့နယ်ရုံးများသို့ သွားရောက်ရမည့် ကုန်ကျစရိတ်နှင့် ကုန်ကျမည့် အချိန်တို့ကို လျှော့ချပေးနိုင်သောကြောင့် ဖြစ်သည်။

**စည်ပင်သာယာရေး အဖွဲ့များသည် မြို့အခြေစိုက် အဖွဲ့အစည်းများ ဖြစ်ကြပြီး အဓိကအားဖြင့် မြို့ပေါ် ဧရိယာများကို ကိုင်တွယ်ပါသည်။** ယခင် သုတေသနများအရ စည်ပင်သာယာရေး အဖွဲ့များ၏ အဓိက တာဝန်ယူရသည့် နေရာမှာ မြို့ပေါ်ဧရိယာအတွင်းသာ ဖြစ်သော်လည်း လိုအပ်မှုရှိပါက ကျေးရွာ ဧရိယာများ အတွက်ပါ လုပ်ဆောင် ပေးပါသည်။ မြန်မာနိုင်ငံရှိ အများစုသော လုပ်ငန်း မှတ်ပုံတင်မှုနှင့် လိုင်စင်ထုတ်ပေးမှုတို့ကို မြို့ စည်ပင် သာယာရေး အဖွဲ့များက လုပ်ဆောင်နေခြင်း ဖြစ်သည်။ မြို့တစ်မြို့ထက် ပိုမိုရှိသော မြို့နယ်များတွင် မြို့အလိုက် သီးခြား စည်ပင်သာယာရေး အဖွဲ့များ ရှိနိုင်ပြီး အချို့ သေးငယ်သော မြို့များတွင်မူ စည်ပင်သာယာရေး အဖွဲ့ မရှိကြပါ။

**ဗဟိုချုပ်ကိုင်မှု မြင့်မားနေဆဲ ဖြစ်သော်လည်း မြို့နယ်နှင့် မြို့များရှိ အုပ်ချုပ်ရေးသည် ဒေသန္တရ ပိုမိုဆန်လာပြီး ဒေသတွင်း ပြည်သူများ ပါဝင်နိုင်မည့် အခွင့်အလမ်းများ ပိုမို ရရှိလာကြသည်။** ပြည်နယ်/တိုင်းဒေသကြီး တို့မှ ဒေသခံ များကိုသာ ဝန်ထမ်းခန့်အပ်စေသည့် ဝန်ထမ်း ရေးရာ ဗဟိုထိန်းချုပ်မှု လျှော့ချခြင်း အပါအဝင် စည်ပင် သာယာရေး အဖွဲ့များကို ဗဟိုချုပ်ကိုင်မှု လျှော့ချထားသောကြောင့် စီးပွားရေး ဆိုင်ရာ အုပ်ချုပ်စီမံမှုမှာ ဒေသန္တရ ထိန်းချုပ်မှုအောက် ပိုမိုရောက်ရှိလာပါသည်။ ကော်မတီ များ ဖွဲ့စည်း၍ လုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ဒေသခံ ပါဝင်မှု ပိုမို မြင့်မား လာပါသည်။ စည်ပင်သာယာရေး အဖွဲ့ သည် "ဒေသန္တရရေးရာ ကော်မတီတစ်ခုဖြစ်သော မြို့နယ် စည်ပင်သာယာရေး ကော်မတီက ထိန်းကျောင်းနိုင်သည့် တစ်ခုတည်းသော အစိုးရအဖွဲ့အစည်း" ဖြစ်သည်။[၃၇] မြို့နယ်အဆင့် အုပ်ချုပ်စီမံရေး ယန္တရား၊ ဖွဲ့စည်းပုံနှင့် ၎င်းတို့ မည်ကဲ့သို့ လုပ်ငန်းဆောင်ရွက်သည်ကို ပိုမို သိရှိလိုပါက အာရှဖောင်ဒေးရှင်း၏ အခြားသော အစီရင် ခံစာများတွင် အသေးစိတ် လေ့လာနိုင်ပါသည်။[၃၈]

ကောက်နုတ်ချက် (က)

## မြို့တော် စည်ပင်သာယာရေး ကော်မတီများ[၃၆]

မြန်မာနိုင်ငံ၏ မြို့ပြဧရိယာအများစုရှိ မြူနီစီပယ် လုပ်ငန်းများအတွက် စည်ပင်သာယာရေး အဖွဲ့များက တာဝန်ယူထားသော်လည်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် တို့အတွက်မူ ကွဲပြားစွာ စီမံထားပါသည်။ ရန်ကုန် နှင့် မန္တလေးတို့တွင် မြူနီစီပယ် လုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ (YCDC) နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ (MCDC) တို့မှ စီမံခန့်ခွဲပါသည်။ ယင်းမြို့တော် စည်ပင်သာယာရေး ကော်မတီနှစ်ခုတွင် ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့် အပြည့်အဝ မရှိသော်လည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအောက်ရှိ အုပ်ချုပ်စီမံရေး လုပ်ငန်းအချို့အတွက် လုပ်ပိုင်ခွင့် ခွဲဝေ ရရှိထားပါသည်။ ၎င်းတို့၏ ထူးခြားမှုမှာ မြို့နယ်များစွာကို တာဝန်ယူထားရခြင်း ဖြစ်သည် (ရန်ကုန်တွင် ၃၃ မြို့နယ်နှင့် မန္တလေးတွင် ၇ မြို့နယ်)။ မကြာသေးမီက ပြုလုပ်ခဲ့သော YCDC နှင့် MCDC ဥပဒေ အပြောင်းအလဲ များကြောင့် ကော်မတီအဖွဲ့ဝင် အချို့မှာ ရွေးကောက်ခံများ ဖြစ်လာပါသည်။ သို့သော်လည်း ဥက္ကဋ္ဌနေရာ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဝန်ကြီးမှာမူ ခန့်အပ်ခံသာ ဖြစ်သည်။ နေပြည်တော်တွင်မူ ခန့်အပ်ခံ အဖွဲ့ဝင် ၁၀ ဦးပါ ကော်မတီက အုပ်ချုပ်စီမံပါသည်။

# ၂.၅။ လုပ်ပိုင်ခွင့် ခွဲဝေခြင်းဆိုင်ရာ မူဘောင်

**စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ**

**စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများ၊ အမိန့်ကြေငြာစာများ၊ ညွှန်ကြားချက်များ၊ အမိန့်များနှင့် လုပ်ထုံးလုပ်နည်းများ အပါအဝင် မတူညီသော စာရွက်စာတမ်း အမျိုးမျိုးဖြင့် အုပ်ချုပ်စီမံရေးဆိုင်ရာ အာဏာကို ကျင့်သုံးနေပါသည်။** ယင်း စာရွက်စာတမ်း အမျိုးမျိုးကို အစိုးရဌာနများနှင့် ကော်မတီများမှ ထုတ်ပြန်ကြေငြာခြင်း ပြုလုပ်သလို တစ်ခါတစ်ရံ မြန်မာနိုင်ငံပြန်တမ်းမှတဆင့် ထုတ်ပြန် ကြေငြာခြင်းလည်း ရှိပါသည်။ ဥပဒေတစ်ခု ထုတ်ပြန်ကြေငြာပြီးနောက် ဆိုင်ရာဝန်ကြီးဌာနမှ သုံးလအတွင်း နည်းဥပဒေကို ထုတ်ပြန်ရန် လိုအပ်ပါသည်။ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် အမိန့်များတို့မှာ အစိုးရ၏ အစိတ်အပိုင်းအမျိုးမျိုးတို့အကြား ပုံမှန် ဆက်သွယ်ရေး လမ်းကြောင်းများလည်း ဖြစ်ပါသည်။

**မြို့တော်စည်ပင် ကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များမှလွဲ၍ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း တို့ကို ပြည်ထောင်စု အဆင့် ဝန်ကြီးဌာနကသာ ဆုံးဖြတ်ချမှတ်ခြင်း ဖြစ်သည်။** ပြည်နယ်/ တိုင်းဒေသကြီး အစိုးရသည် ပြည်ထောင်စု ဥပဒေအောက် ကျရောက်သည့် လုပ်ထုံး လုပ်နည်းများကို ပြောင်းလဲပိုင်းခွင့် မရှိဟု အစိုးရ အရာရှိများက အင်တာဗျူးများ အတွင်း အကြိမ်ကြိမ် ဖြေဆိုခဲ့ကြပါသည်။ အစိုးရ အရာရှိ တစ်ဦးက " ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အပိုဒ် ၂၅၁ မှာ လုပ်ငန်းစဉ် နှင့် လုပ်ထုံး ကို ဖော်ပြထားပါတယ်။ အတိုပြောရရင် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများသည် ပြည်ထောင်စု မူဝါဒနှင့် ကိုက်ညီစွာပဲ အကောင်အထည်ဖော်ပါတယ်" ဟု မှတ်ချက် ပေးသည်။[၃၉] ပြည်သူ့ဝန်ထမ်း လုပ်ငန်းစဉ်အရ မြို့နယ်တစ်ခုမှ တခြား မြို့နယ်များသို့ ရွှေ့ပြောင်း တာဝန်ထမ်းဆောင်သော ဌာနဆိုင်ရာ ဝန်ထမ်းများကလည်း လုပ်ထုံးလုပ်နည်းများမှာ တနေရာနှင့်တနေရာ ကွာခြားခြင်း မရှိဟု တညီတညွတ်တည်း ပြောပါသည်။[၄၀] ပြည်ထောင်စု ဝန်ကြီးဌာနသည် ပြည်နယ်/ တိုင်းဒေသကြီး ဌာနခွဲများထံသို့ အမိန်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် အမိန့်များ ပေးပို့ချမှတ် နိုင်ပါသည်။[၄၁] ဥပမာ- အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (ထွေအုပ်) ကို ကြီးကြပ်သူမှာ ပြည်ထောင်စု အစိုးရ ဝန်ကြီးဌာန ဖြစ်ပြီး ၎င်းမှ အမိန်ကြော်ငြာစာနှင့် အမိန့်စသည့် ညွှန်ကြားချက် တို့ကို လက်အောက်အဆင့်များသို့ ချမှတ်ပေးပါသည်။[၄၂] ထွေအုပ် ဖြစ်စဉ်တွင်မူ ယင်းကဲ့သို့ ဆက်သွယ်ရေးမှာ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များမှ တဆင့် သွားရပြီး ညွှန်ကြားချက်များကို ဝန်ကြီးချုပ်များက ပြည်နယ်/တိုင်းဒေသကြီး ရုံးများသို့ လက်ဆင့်ကမ်းပေးရခြင်း ဖြစ်သည်။[၄၃] ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ဒေသပြည်သူ/ ဆက်နွှယ်ပါဝင်သူ အသီးသီးတို့ဖြင့် ဥပဒေ တစ်ခုခု သို့မဟုတ် အကောင်အထည်ဖော်မှုတို့ကို ပြောင်းလဲရန် ဆွေးနွေးပြီးနောက် သဘောထားအမြင်များကို ပြည်ထောင်စု အစိုးရထံသို့ ဆက်သွယ်တင်ပြ နိုင်ပါသည်။

**ပညာရပ်ဆိုင်ရာ အစွမ်းအစများကို ပြည်ထောင်စု ဝန်ကြီးဌာနတွင်သာ ထိန်းသိမ်းထားပြီး ၎င်းသည်သာ ပညာရပ်ဆိုင်ရာ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ အတွက် အဓိက အရင်းအမြစ် ဖြစ်သည်။** ထိုသို့ ဖြစ်နေခြင်းကို အထောက်အထား များစွာတွင် တွေ့နိုင်ပါသည်။ ဥပမာအားဖြင့် လျှပ်စစ်ကဏ္ဍတွင် " လျှပ်စစ်ဓါတ်အား ဖြန့်ချိရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ နည်းပညာ စွမ်းရည်သည် ပြည်ထောင်စုအဆင့် အင်ဂျင်နီယာများတွင်သာ ရှိပြီး ၎င်းတို့သည် ဒေသန္တရအဆင့် လျှပ်စစ် ဖြန့်ချိရေးတွင် တာဝန်ရှိသော ပြည်နယ်/တိုင်းဒေသကြီး ရုံးများကို ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတွင် ပံ့ပိုးနေခြင်း ဖြစ်သည်။"[၄၄] အလုပ်ရှင်နှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန (FGLLID) အတွက် စစ်ဆေးရေး ပုံစံများကို ပြည်ထောင်စု ဝန်ကြီးဌာနမှသာ ဖန်တီးပေးခြင်း ဖြစ်ပြီး၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် ပုံစံနှင့်စပ်လျဉ်း၍ ရှင်းလင်းအတည်ပြုခြင်းကိုလည်း ပြည်ထောင်စု ဝန်ကြီးဌာနကသာ လုပ်ဆောင်သည်။[၄၅]

**ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများသည်လည်း ဌာနများ လိုက်နာရန် အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ညွှန်ကြား နိုင်ပါသည် သို့သော်လည်း ၎င်းတို့သည် ပြည်ထောင်စုမှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေများကို ပြောင်းလဲနိုင်ခွင့် မရှိပါ။** ဥပမာ ပြည်နယ်/ တိုင်းဒေသကြီးသည် အမှုတစ်ခုကို စုံစမ်းရန် ခရိုင်ဌာန တစ်ခုအား ညွှန်ကြားနိုင်ပါသည်။ အချို့သော ပြည်နယ်/ တိုင်းဒေသကြီး ထွေအုပ်ရုံးများသည် အခြားသော အဖွဲ့အစည်းထံမှ ညွှန်ကြားချက်ကို ရရှိနိုင်သည်ကိုလည်း တွေ့ရပြီး ဥပမာ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် (ACC) ထံမှလာသော ညွှန်ကြားချက်မျိုး ဖြစ်သည်။[၄၆]

**ပြည်ထောင်စု ဥပဒေများနှင့် တိုက်ရိုက် ဆက်စပ်ခြင်း မရှိသော လုပ်ထုံးလုပ်နည်းများကို ပြည်နယ်/ တိုင်းဒေသကြီးမှ ပြင်ဆင်နိုင်မည် အခြေအနေ ရှိသလို လုပ်ထုံးလုပ်နည်းများအား အကောင်အထည် ဖော်ဆောင်နိုင်မှု အပိုင်းကိုလည်း ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်နိုင်ပါသည်။** ဥပမာ- အစိုးရတစ်ဖွဲ့သည် မတူညီသော မြေအမျိုးအစား တစ်ခုခုကို အသုံးပြု၍ ယာယီ လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးနိုင်ပါသည်။ ထိုခွင့်ပြုချက်မှ ဒေသအစိုးရမှ ထုတ်ပေးခြင်းဖြစ်ပြီး ပြည်ထောင်စုဖြင့် သက်ဆိုင်ခြင်း မရှိပါ။ ထို့ပြင် ဒေသအစိုးရမှလည်း အခွန် အခကို ကောက်ခံနိုင်ပါသည် (ဇယား (၅) အရ မြေခွန်ကို ပြည်နယ်/ တိုင်းဒေသကြီး အစိုးရမှ ကောက်ခံနိုင်ပါသည်)။

**တစ်ခါတစ်ရံ ပြည်ထောင်စု မူဝါဒနှင့် လုပ်ထုံးလုပ်နည်း အတွင်းတွင်လည်း ဒေသန္တရ လိုအပ်ချက်နှင့် တောင်းဆိုမှုများကို တုံ့ပြန်ဖြည့်ဆည်းနိုင်မည့် အခြေအနေမျိုး ရှိပါသည်။** နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန (TVET) သည် ပညာရပ်ဆိုင်ရာ သင်တန်း အမျိုးမျိုး ပေးနေပြီး အချို့သင်တန်းများသည် ဒေသ အခြေအနေများ အပေါ်တွင် အခြေခံ၍ လုပ်ဆောင်နေခြင်း ဖြစ်သည်။ ဧရာဝတီ တိုင်းဒေသကြီးတွင် ဆန်ထုတ်လုပ်မှု လုပ်ငန်းသည် အဓိက စီးပွားရေးဖြစ်ပြီး ၎င်းကဏ္ဍအတွက် အထူးပြု သင်တန်းများစွာ (ဥပမာ- ဆန်ကြိတ်ခွဲမှု) လိုအပ်လျက် ရှိပါသည်။ ထိုသို့ အခြေအနေမျိုးတွင် TVET ဌာနသည် သင်တန်းပေးရန်အတွက် ပြင်ပပညာရှင်နှင့် စက်ယန္တရားများ ငှားရမ်းရန် လိုအပ်နိုင်ပြီး၊ ထိုအတွက် လိုအပ်သော ဘတ်ဂျက်ကို ဒေသရုံးမှ ပြည်ထောင်စုထံ တောင်းဆိုနိုင်ပါသည်။ TVET ဌာနအနေဖြင့် ထိုသို့ လုပ်ဆောင်ခြင်းမှာ ဌာန၏ ပုံမှန်သင်တန်း အကောင် အထည်ဖော်မှု အစီအစဉ်အရ လုပ်ဆောင်ပေးခြင်း မဟုတ်ပဲ ဒေသ၏ လိုအပ်ချက်အပေါ် မူတည်၍ ဖြည့် ဆည်းဆောင်ရွက်ပေးခြင်းသာ ဖြစ်ပါသည်။

**မြို့နယ်အဆင့် အရာရှိများသည် ခွင့်ပြုချက် မရရှိပဲ လုပ်ရိုးလုပ်စဉ်မှ ပြောင်းလဲလုပ်ဆောင်နိုင်သည့် အခွင့် အာဏာ မရှိပါ။** လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေများ၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ခြင်းကို လုပ်ဆောင် ပါသည်၊ သို့သော်လည်း အကောင်အထည်ဖော်ခြင်းတွင် အပြောင်းအလဲ အနည်းငယ် လုပ်မည်ဆိုလျှင်တောင် ခွင့်ပြုချက် လိုအပ်ပါသည်။ ဥပမာအဖြစ် အရာရှိတစ်ဦးက ကရင်းသည် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းကို တွေ့သောအခါ ပြည်နယ်/တိုင်း ရုံးသို့ အစီရင် ခံရသည်၊ ထို့နောက် နေပြည်တော် သို့ ဆက်လက် အစီရင်ခံရသည်။ ခွင့်ပြုချက် ရရှိမှသာ သူမ အနေဖြင့် အကောင်အထည်ဖော်ခြင်းကို စတင်နိုင်သည်ဟု ဆိုပါ သည်။[၄၇]

## နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း

**ပြည်နယ်/တိုင်းဒေသကြီး အစိုးရ အရာရှိများ ပြည်ထောင်စု အဆင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်မှု ရှိစေရန် စစ်ဆေးရသူအဖြစ် ၎င်းတို့သည် ဆောင်ရွက် ရကြောင်း ပြည်နယ်/တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ အရာရှိများက ပြောပါသည်။** ဥပမာအနေဖြင့် DICA သည် ပြည်နယ်/တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသစ် များတွင် အရေးကြီးသော အတွင်းရေးမှူး တာဝန်ကို ယူထားရသည်။ ကော်မတီများမှာအသစ် ဖြစ်သည့်အပြင် ပြည်နယ်/တိုင်းဒေသကြီး အရာရှိ များစွာသည် DICA ၏ စည်းမျဉ်းစည်းကမ်းများဖြင့် ရင်းနှီးကျွမ်းဝင်မှု နည်းသော ကြောင့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်း များဖြင့် ကိုက်ညီမှုရှိစေရန် ပြည်နယ်/တိုင်းဒေသကြီး အဆင့် DICA ရုံးများမှ ပံ့ပိုးပေးရခြင်း ဖြစ်သည်။

## အစီရင်ခံခြင်း

**ဌာနများသည် ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စု အဆင့် အစိုးရနှစ်ရပ်လုံး ထံသို့ ကိစ္စရပ်များစွာ အစီရင်ခံ တင်ပြကြပါသည်။** ဌာနတစ်ခု၏ ပြောကြားချက်အရ ၎င်းသည် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် ကျန်း မာရေး၊ ပညာရေးနှင့် အလုပ်သမားရေးရာ ကော်မတီ အဖွဲ့ဝင် ဖြစ်ပြီး စီးပွားရေး လုပ်ငန်းများ အပေါ် ဝန်ထမ်း သို့မဟုတ် ပြည်သူများ၏ တိုင်ကြားချက်များကို စစ်ဆေးရ ပါသည်။ စစ်ဆေးမှု ရလဒ်များကို အောက်ပါ အဖွဲ့အစည်း သုံးခုသို့ အစီရင်ခံ တင်ပြရပါသည် -

- ပြည်ထောင်စု အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန
- ပြည်နယ်/တိုင်းဒေသကြီး အစိုးရ
- ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်သမားရေးရာကော်မတီ

အစီရင်ခံ တင်ပြရာတွင်လည်း အဖွဲ့အစည်း သုံးခုလုံး ထံသို့ တူညီသော အစီရင်ခံစာသာ တင်ပြရပြီး အဖွဲ့ အစည်းတိုင်းအတွက် သီးခြား အစီရင်ခံစာ မလိုအပ် ကြောင်း သိရပါသည်။

**အရေးကိစ္စ တစ်ခုခုကို ဖြေရှင်းရန် မည်သည့်အချိန်တွင် ပြည်ထောင်စု၏ တာဝန်ဖြစ်ပြီး၊ မည်သည့်အချိန်တွင်တော့ ပြည်နယ်/တိုင်းဒေသကြီး တာဝန်ဖြစ်သည် ဆိုသည်မှာ အမြဲတမ်း ရှင်းလင်းခြင်း မရှိဟု ဌာနများက မှတ်ချက်ပြု ပါသည်။** တိုင်ကြားချက် ကိစ္စရပ်မျိုး ဆိုပါက တိုင်ကြား ချက်ကို လက်ခံသည့်သူက စတင်ကိုင်တွယ် ရပါသည်။ ပြည်နယ်/တိုင်းဒေသကြီးသည် တိုင်ကြားချက်ကို လက်ခံ ရရှိပါက ဆီလျော်ရာ ဌာနများကို လွှဲ၍ စုံစမ်းစစ်ဆေး နိုင်ပါသည်။ တစ်ခါတစ်ရံ ယင်းဌာနများသည် တိုင်ကြား မှုကို စုံစမ်းရန် ပြည်ထောင်စု ဝန်ကြီးဌာန၏ ညွှန်ကြား ချက်ကိုလည်း ရရှိပါသည်။ တစ်ခါတစ်ရံ ပြည်ထောင်စု လွှတ်တော်တွင် မေးခွန်းထုတ်မှုများ ရှိသောကြောင့်လည်း အထက်ပါ ဌာနအနေဖြင့် စုံစမ်းရန် တောင်းဆိုခြင်း ခံရပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့မှ ဖြေရှင်းရန် တောင်းဆိုသော ကိစ္စရပ်များမှာ တူညီသော ကိစ္စရပ်များ ဖြစ်နေတတ်သည်ဟု ဌာနအချို့မှ မှတ်ချက်ပြုပါသည်။

**ဘတ်ဂျက် ရရှိမှုမှ တဆင့် အစီရင်ခံရမည့် လမ်းကြောင်းကို သိရှိနိုင်သော်လည်း၊ မြန်မာနိုင်ငံတွင်မူ ဆက်စပ်မှုများမှာ ရှင်းရှင်းလင်းလင်း မရှိပါ။** ပြည်နယ်/တိုင်းဒေသကြီး အဆင့် ဌာနများစွာသည် ပြည်ထောင်စု ဝန်ကြီးဌာန ထံမှ ရန်ပုံငွေ ရရှိကြပါသည်။ သို့သော်လည်း ပုံမှန် လုပ်ငန်း လည်ပတ်မှု (သာမန်စာရင်း) အတွက် ပြည်နယ်/တိုင်း ဒေသကြီးထံမှ ရန်ပုံငွေ ရရှိသည့် ဌာနများလည်း ရှိပါ သည်။ ဘတ်ဂျက်လမ်းကြောင်းများဖြင့် အစီရင်ခံစာ လမ်းကြောင်းကို သတ်မှတ်ထားခြင်း မရှိသလို၊ တခါတစ်ရံ ဘတ်ဂျက်များသည် အစီရင်ခံမှု တာဝန်ကို ကိုယ်စားပြု ခြင်း မရှိပါ။

## ၂.၆။ အစိုးရအဆင့်များအကြား ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ချိတ်ဆက် လုပ်ဆောင်ခြင်း

**စီးပွားရေး အုပ်ချုပ်စီမံမှု လုပ်ငန်းများစွာကို အစိုးရ အဆင့်များအကြား တွဲဘက်ချိတ်ဆက် လုပ်ဆောင်ရပါသည်။ အစိုးရ အဆင့်ဆင့်အကြား အထူးသဖြင့် တူညီသော ဌာနအတွင်း တွဲဘက်ချိတ်ဆက် လုပ်ဆောင်ရသည်မှာ ပုံမှန်ပင် ဖြစ်ပါသည်။** ဌာနတစ်ခုအတွင်း အောက်အဆင့်မှ အထက်အဆင့်သို့ အစီရင်ခံ တင်ပြရပါသည်။ မြို့နယ်အဆင့် ထွေအုပ်ရုံးသည် ခရိုင်အဆင့် ထွေအုပ်ရုံးသို့ အစီရင်ခံ ရပြီး ခရိုင်အဆင့်က ပြည်နယ်/တိုင်းဒေသကြီး အဆင့်ထံသို့ အစီရင်ခံရပါသည်။ အောက်ခြေအဆင့် ရုံးများ ရရှိသော ရန်ပုံငွေမှာ မိခင် ဝန်ကြီးဌာနမှ ဖြစ်ပါသည်။ လက်တွေ့တွင် ချိတ်ဆက်လုပ်ဆောင်မှု ပုံစံအမျိုးမျိုး ရှိနိုင်ပါသည်။ စီးပွားရေး လုပ်ငန်းတစ်ခုကို စစ်ဆေးရန် ခရိုင်အဆင့်ရုံးမှ မြို့နယ်အဆင့်ရုံးကို ညွှန်ကြားနိုင်သည်။ မြို့နယ်တစ်ခုမှ ကိစ္စရပ်တစ်ခုကို မဖြေရှင်းနိုင်သဖြင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်ထိ ရောက်အောင် လုပ်ဆောင်နိုင်သည်။ ပြည်ထောင်စုအဆင့်မှ ပမာဏ တစ်ခုအထိ ရင်းနှီးမြုပ်နှံမှု ခွင့်ပြုပိုင်ခွင့်ကို ပြည်နယ်/တိုင်းဒေသကြီးထံသို့ လွှဲအပ်နိုင်သည်။ အဆိုပါ ချိတ်ဆက်လုပ်ဆောင်မှု အမျိုးမျိုးတို့မှာ အစိုးရ အဆင့်ဆင့်၏ အုပ်ချုပ်စီမံပိုင်ခွင့်ကို သတ်မှတ်ပေးထားသော လုပ်ထုံးလုပ်နည်းများတွင် အခြေခံပြီး ဒေသန္တရ အုပ်ချုပ်ရေးမှူးများတွင်မူ လုပ်ပိုင်ခွင့် များစွာမရှိပါ။

**စီးပွားရေးအုပ်ချုပ်မှု ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရ အဆင့်များအကြား တာဝန်ခွဲခြား ထားပါသည်။ အောက်အဆင့် အစိုးရများမှာ ကိစ္စငယ်များကို တာဝန်ယူပြီး ပိုမိုအရေးကြီးသော ကိစ္စရပ်များကို အစိုးရ အထက်အဆင့်များမှ တာဝန်ယူပါသည်။** ထိုကဲ့သို့ အစိုးရ အဆင့်များ အကြား လုပ်ပိုင်ခွင့် ခွဲဝေထားမှု ကို အောက်ပါ ဥပမာများတွင် တွေ့နိုင်ပါသည် -

- *မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို အသုံးပြုမှု* - မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈) အရ စိုက်ပျိုးရေးလုပ်ငန်း (နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံ) အတွက် မြေဧက ၃၀၀ နှင့် မွေးမြူရေးလုပ်ငန်း (မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး နှင့် မွေးမြူရေး) အတွက် မြေဧက ၅၀ ထက် ပိုလျှင် သော်လည်းကောင်း၊ သတ္တုတူးဖော်ခြင်းနှင့် အခြား စီးပွားရေး လုပ်ငန်း များအတွက် ခွင့်ပြုချက် ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီထံသို့ တင်သွင်းရမည် ဖြစ်သည်။ သို့သော်လည်း ဧက ၃၀၀ အောက် စိုက်ပျိုးရေး လုပ်ငန်းနှင့် ဧက ၅၀ အောက် မွေးမြူရေး လုပ်ငန်းများ ခွင့်ပြုချက် တောင်းခံမှုကို နေပြည်တော် ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ ထံ တင်သွင်းရမည် ဖြစ်သည်။[၄၈]

- *လျှပ်စစ်ဓါတ်အား သွယ်တန်းမှု* - လျှပ်စစ်မီး သွယ်တန်းရန် လုပ်ထုံးလုပ်နည်းနှင့် သွယ်တန်းမှုအတွက် ခွင့်ပြုချက် ပေးပိုင်ခွင့်သည် သွယ်တန်းမှု အင်အားအပေါ် မူတည်နေပါသည်။ စီးပွားရေး လုပ်ငန်း တစ်ခုသည် ၃၀kW နှင့် ၎င်းထက်နည်းသော လျှပ်စစ် သွယ်တန်းမှုအတွက် မြို့နယ် လျှပ်စစ်ဓာတ်အားပေး လုပ်ငန်း (ESE) တွင် လျှောက်လွှာတင်နိုင်ပြီး မြို့နယ်အဆင့်မှ စုံစမ်းစစ်ဆေးပြီးနောက် ခွင့်ပြုချက် ရရှိရန် ခရိုင်အဆင့်သို့ ထပ်မံ၍ တင်ပြရပါသည်။ ယင်းလုပ်ငန်းစဉ်မှာ တစ်ပတ်ခန့်သာ ကြာမြင့်တတ်ပါသည်။ သို့သော်လည်း ၃၀ kW ထက် ကြီးမားသော သွယ်တန်းမှု ဆိုပါက ထရမ်စဖော်မာ ရှိရန် လိုအပ်ပြီး၊ နည်းပညာဆိုင်ရာ အကြောင်းရင်းကြောင့် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် နှစ်ခုလုံးတို့၏ ပါဝင်မှုနှင့် ခွင့်ပြုချက် လိုအပ်လာပါသည်။[၄၉]

- *ရင်းနှီးမြုပ်နှံရန် ခွင့်ပြုချက်များ* - ၂၀၁၆ မြန်မာနိုင်ငံ ရင်းနှီးမြုပ်နှံမှု ဥပဒေ အရ ပြည်နယ်/တိုင်းဒေသကြီး ရင်းနှီးမြုပ်နှံမှု ကော်မတီများ ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုအဆင့် မြန်မာ ရင်းနှီးမြုပ်နှံမှု ကော်မရှင် (MIC) ကို ပံ့ပိုးနိုင်ရန် ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး ရင်းနှီးမြုပ်နှံမှု ကော်မရှင်များသည် ကန့်သတ်ထားသည့် ကဏ္ဍများမှ လွဲ၍ ကန်ဒေါ်လာ ၅ သန်း (ကျပ် ၆ ဘီလီယံ) အထိ ရင်းနှီးမြုပ်နှံမှုများ ကို ခွင့်ပြုပေးနိုင်ပါသည်။ ထိုထက်ကြီးသော ရင်းနှီးမြုပ်နှံမှုများနှင့် ကန့်သတ်ကဏ္ဍ များအတွက်မူ ပြည်ထောင်စုအဆင့် မြန်မာရင်းနှီးမြုပ်နှံမှု ကော်မရှင်ထံမှ ခွင့်ပြုချက် ရယူရမည် ဖြစ်သည်။[၅၀]

# ၃

# စီးပွားရေးအုပ်ချုပ်စီမံမှု အာဏာခွဲဝေခြင်းနှင့် ရေပြင်ညီ ချိတ်ဆက်ဆောင်ရွက်ခြင်း

## ၃.၁။ အစိုးရဌာနများ

**မြန်မာနိုင်ငံ အစိုးရတွင် ပြည်ထောင်စု အဆင့်၌ ဌာနနှင့် နိုင်ငံပိုင် လုပ်ငန်းပေါင်း ၁၅၀ ကျော်နှင့် စာရင်းစစ်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ ရာထူးဝန်အဖွဲ့ စသည့် အဓိက အဖွဲ့အစည်းများလည်း ရှိပါသည်။** ၎င်းတို့ အားလုံးနီးပါးသည် နေပြည်တော်တွင် အခြေစိုက်ပြီး တခြားသော နေရာတွင် အခြေစိုက်သည့် ရုံးချုပ်အချို့လည်း ရှိပါသည်။ ဥပမာ DICA သည် စီးပွားရေးလုပ်ငန်း အသိုင်းအဝန်းဖြင့် နီးကပ်စွာ ဆက်ဆံရန် လိုအပ်သောကြောင့် စီးပွားရေး မြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် အခြေစိုက်ပါသည်။ စည်ပင်သာယာရေးကဏ္ဍသည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန မရှိသည့် တစ်ခုတည်းသော ဌာနဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင်သာ ၎င်း၏ တာဝန် ရှိပါသည်။

**ပြည်ထောင်စု ဝန်ကြီးဌာန ၁၆ ခု နှင့် ပြည်ထောင်စုအဆင့် ဌာန ခန့်မှန်းခြေ ၆၁ ခု တို့တွင် စီးပွားရေး အုပ်ချုပ်စီမံမှု ဆိုင်ရာ လုပ်ငန်းတာဝန်များ ရှိသည်။** ယင်းတို့ အထဲတွင် ပြည်ထောင်စုဝန်ကြီးဌာန၊ တရားရုံး သို့မဟုတ် ကော်မတီများ ကဲ့သို့ အခြားသော အစိုးရအဖွဲ့အစည်းများ မရှိသည့် စည်ပင်သာယာရေး အဖွဲ့များ ပါဝင်ခြင်း မရှိသေးပါ။ အဆိုပါ အရေအတွက်မှာ စီးပွားရေး အုပ်ချုပ်စီမံမှုကို အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ဌာနအသီးသီး၏ လုပ်ငန်းများ အပေါ် သုံးသပ်ချက်တို့အပေါ် မူတည်ပြီး ပိုမို များပြားလာနိုင်ပါသည်။ ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းများကို လိုင်စင်ထုတ်ပေးရမှု ကျယ်ပြန့်များပြားလာသည်နှင့်အမျှ စီးပွားရေး အုပ်ချုပ်စီမံမှု ပါဝင်ရသည့် ဌာနများ ပိုမိုများပြား လာမည်ဖြစ်ကာ လုပ်ငန်းလိုင်စင် မထုတ်ပေးခင် အကြို စိစစ်ရသည့် ဌာနများလည်း ထပ်တိုးလာနိုင်ပါသည်။

*မြန်မာနိုင်ငံ စီးပွားရေး စီမံအုပ်ချုပ်မှုစနစ်တွင် ကော်မတီများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။*

**နိုင်ငံပိုင် လုပ်ငန်းများ (SEEs)၊ ပြည်ထောင်စုအဆင့် ဌာနများနှင့် အခြားသော ရုံးများသည် ပြည်နယ်/တိုင်းဒေသကြီးများ၊ ခရိုင်များ၊ မြို့နယ်များနှင့် မြို့များတို့တွင် ရုံးခွဲ အခြေစိုက်ခြင်း များရှိပါသည်။** ဥပမာအားဖြင့် ဧရာဝတီ တိုင်းဒေသကြီးတွင် ဌာနနှင့် နိုင်ငံပိုင် လုပ်ငန်း ၆၀ ကျော်တို့၏ ဒေသဆိုင်ရာ ရုံးများရှိပါသည်။ ဌာန၏ လုပ်ငန်း သဘာဝ သို့မဟုတ် ဒေသ အခြေအနေများ အပေါ် မူတည်၍ ပြည်နယ်/တိုင်းဒေသကြီးများရှိ ဌာန အရေအတွက်မှာ အမျိုးမျိုး ဖြစ်နိုင်ပါသည်။ ဥပမာ အကောက်ခွန် ဌာနသည် ပြည်နယ်/တိုင်းဒေသကြီး တိုင်းတွင် ရုံးစိုက်ခြင်း မရှိပါ။ အဘယ်ကြောင့် ဆိုသော် အချို့ ပြည်နယ်/တိုင်းဒေသကြီးများတွင် ဆိပ်ကမ်း သို့မဟုတ် နယ်စပ်ဂိတ်များ မရှိသောကြောင့် အကောက်ခွန် ဌာန လိုအပ်ခြင်း မရှိပါ။

**စီးပွားရေး အုပ်ချုပ်စီမံမှု အတွက် တာဝန်ရှိသည့် ခန့်မှန်းခြေ ပြည်ထောင်စု ဌာနပေါင်း ၆၀ ကျော် ရှိသော်လည်း စီးပွားရေး လုပ်ငန်းများသည် ပျမ်းမျှအားဖြင့် ဌာနအနည်းငယ်ဖြင့်သာ ထိတွေ့ချိတ်ဆက်ရပါသည်။** လုပ်ငန်းအများစုမှာ မှတ်ပုံတင်ခြင်း၊ အခွန်ဆောင်ခြင်း နှင့် အခြေခံ အဆောက်အဦ အသုံးပြုခြင်းစသည့် ကိစ္စရပ်များ အတွက်သာ ထိတွေ့ရပြီး ထိုထက် ပိုမိုသည့် ကိစ္စရပ်များ ဆိုပါက ကဏ္ဍအလိုက်၊ လုပ်ငန်း အရွယ်အစားအလိုက်နှင့် အစိုးရ ကုန်ပစ္စည်း ဝယ်ယူမှုအပေါ် မူတည်ပါသည်။

**ဌာနများတွင် တူညီသော လုပ်ငန်းလည်ပတ်ပုံ ရှိကြသည်။** ပုံမှန်အားဖြင့် ဌာနများသည် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်း များနှင့် ဥပဒေမှ ဆင်းသက်လာသည့် စည်းကြပ်မှု မူဘောင် စသည်တို့ကို အကောင်အထည်ဖော်ဖို့ရန် တာဝန်ရှိပါသည်။ ဌာနအများစုသည် ပြည်ထောင်စု ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရထံမှ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ကို လက်ခံရရှိပြီး ညွှန်ကြားချက်များကို သိမ်းဆည်းထားသည့် ရုံးများတွင်ပင် လုပ်ငန်းဖိုင်များကို သိမ်းဆည်းပါသည်။[၅၁]

## ၃.၂။ ကော်မတီများ

**မြန်မာနိုင်ငံ စီးပွားရေး စီမံအုပ်ချုပ်မှု စနစ်တွင် ကော်မတီများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။** ကော်မတီ အမျိုးအစားနှင့် အစိုးရ အဆင့် အပေါ် မူတည်၍

## ပုံ ၄။ စီးပွားရေး အုပ်ချုပ်စီမံမှုအတွက် တာဝန်ရှိသည့် ပြည်ထောင်စု ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ စာရင်း

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
- စိုက်ပျိုးရေး ဦးစီးဌာန
- ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန
- လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
- ငါးလုပ်ငန်း ဦးစီးဌာန
- ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
- သမဝါယမ ဦးစီးဌာန
- အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
- ကုန်သွယ်ရေးဦးစီးဌာန
- စားသုံးသူရေးရာ ဦးစီးဌာန
- မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့

### ဆောက်လုပ်ရေးဝန်ကြီးဌာန
- မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန
- အဆောက်အဦ ဦးစီးဌာန
- လမ်းဦးစီးဌာန
- တံတားဦးစီးဌာန
- ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန

### ပညာရေးဝန်ကြီးဌာန
- အဆင့်မြင့်ပညာ ဦးစီးဌာန
- အခြေခံပညာ ဦးစီးဌာန
- နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
- လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန
- ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန
- လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း
- လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း
- လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန

### ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန
- အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန

### ပြည်ထဲရေးဝန်ကြီး
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့

### ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန
- ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန

### စက်မှုဝန်ကြီးဌာန
- စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန
- စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

### ပြန်ကြားရေး ဝန်ကြီးဌာန
- ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
- ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ဦးစီးဌာန

### ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

### အခြား ဗဟို အဖွဲ့အစည်းများ
- ပြည်ထောင်စု တရားလွှတ်တော်ချုပ်
- ပြည်ထောင်စု ရှေ့နေချုပ်ရုံး

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
- အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD)

### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန
- လူဝင်မှု ကြီးကြပ်ရေး ဦးစီးဌာန
- အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန
- အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန
- အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန

### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
- သစ်တောဦးစီးဌာန
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန
- သတ္တုတွင်း ဦးစီးဌာန

### စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
- စီမံကိန်းရေးဆွဲရေး ဦးစီးဌာန
- မြန်မာ့ စီးပွားရေးဘဏ်
- မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်
- မြန်မာရင်းနှီးမြှုပ်နှံမှု နှင့် ကုန်သွယ်ရေးဘဏ်
- မြန်မာ့အာမခံလုပ်ငန်း
- မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်
- ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန
- ပြည်တွင်းအခွန်များ ဦးစီးဌာန
- အကောက်ခွန် ဦးစီးဌာန
- ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန
- အခွန်အယူခံခုံ အဖွဲ့ရုံး
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန
- မြန်မာ့စာတိုက်လုပ်ငန်း
- လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန
- ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
- မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
- မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း
- ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန
- ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန
- သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
- ကုန်လမ်းပို့ဆောင်ရေး

*မှတ်ချက်- ယခုစာရင်းတွင် စည်းမျဉ်းကြီးကြပ်ခွင့် နှင့် စီးပွားရေး အကျိုးအမြတ် ရှိသည့် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ ကို ထည့်သွင်းထားခြင်း မရှိပါ။ အုပ်ချုပ်ရေး မူဘောင် ရှင်းရှင်းလင်းလင်း မရှိသေးသောကြောင့် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်ခြင်း အတွက် တာဝန်ရှိသော ဌာနကိုလည်း ထည့်သွင်းထားခြင်း မရှိပါ။*

ဝန်ကြီးဌာန တစ်ခုက ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း သို့မဟုတ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း အားဖြင့် ကော်မတီများကို ဖွဲ့စည်းနိုင်ပါသည်။ ကော်မတီ ဖွဲ့စည်းကြောင်း လမ်းညွှန်ချက်တွင် ကော်မတီဝင်များ စာရင်း၊ ကော်မတီဝင်များ၏ တာဝန်နှင့် အခန်းကဏ္ဍများကို တပါတည်း ထည့်သွင်းထားပါသည်။ အချို့အစိုးရ ဝန်ထမ်းများဆိုလျှင် ကော်မတီ အစည်းအဝေး သို့မဟုတ် ကော်မတီ လုပ်ငန်း/တာဝန်များအတွက် ၎င်းတို့၏ လုပ်အားများစွာကို ထည့်သွင်းခဲ့ရသည်။ ကော်မတီများသည် ဝန်ကြီးဌာနများ ကဲ့သို့ပင် အဆင့်ခွဲခြားထားမှု ရှိပါသည်။ မြို့နယ်ကော်မတီများ သည် ခရိုင် သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ကို ကိုယ်စားပြု လုပ်ဆောင်ရပြီး၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်သည် ပြည်ထောင်စု အတွက် လုပ်ဆောင်ပေးရပါသည်။

**မြန်မာနိုင်ငံ၏ ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး နှင့် ခရိုင်အဆင့်တို့တွင် ကော်မတီနှင့် ကော်မတီခွဲ ထောင်ပေါင်းများစွာ ရှိပါသည်။** အရေအတွက် အရသော် လည်းကောင်း အရေးကြီးသော တာဝန်များ ယူထားရခြင်းကြောင့် သော်လည်းကောင်း စီးပွားရေး အုပ်ချုပ်စီမံမှု စနစ်အတွင်း ရှိ ၎င်းတို့၏ အခန်းကဏ္ဍကို လျှော့တွက်၍ မရပါ။ အညွှန်းကိန်းခွဲ (၉) လုပ်သားခန့်ထားရေးတွင် ကော်မတီများစွာ တိုးချဲ့ပွားများလာမှုကို ပုံဖော်ထားပါသည်။ အညွှန်းကိန်းခွဲ (၉) နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန နှစ်ခုထဲမှ တစ်ခုဖြစ်သော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် ခန့်မှန်းခြေ အလုပ်သမားရေးရာနှင့် ဆက်စပ်သည့် ဥပဒေ ၁၄ ခုအတွက် တာဝန်ရှိပါသည်။ ယင်းဥပဒေ များထဲမှ တစ်ခုဖြစ်သော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုး

## ကောက်နုတ်ချက် (ခ)

## အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေး ကော်မတီ အောက်ရှိ ကော်မတီခွဲများ စာရင်း[၅၄]

**၁။ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီ**
- (က) စက်မှုလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေး ဆပ်ကော်မတီ
- (ခ) သတ္တုနှင့်သံရည်ကျိုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးဆပ်ကော်မတီ
- (ဂ) ဂဟေဆက်ခြင်းလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ် ရေးဆပ်ကော်မတီ
- (ဃ) လျှပ်စစ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ဆပ်ကော်မတီ
- (င) စက်ပြင်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ဆပ်ကော်မတီ

**၂။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီ**

**၃။ သစ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေး ကော်မတီ**

**၄။ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေး ကော်မတီ**

**၅။ မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီ**

**၆။ ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေးကော်မတီ**

**၇။ သတ္တုတွင်းလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု"စံ" သတ်မှတ်ရေးကော်မတီ**

**၈။ IT လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီ**

**၉။ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီ**

**၁၀။ လူမှုဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေး ကော်မတီ**

**၁၁။ ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီ**
- (က) အထည်အလိပ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ် ရေးဆပ်ကော်မတီ
- (ခ) ဖိနပ်နှင့်သားရေပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ဆပ်ကော်မတီ
- (ဂ) ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးဆပ်ကော်မတီ
- (ဃ) စားသောက်ကုန်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ် ရေးဆပ်ကော်မတီ
- (င) အခြားကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ် ရေးဆပ်ကော်မတီ

**၁၂။ စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ**

**၁၃။ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ**

**၁၄။ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေး ကော်မတီ**

တိုးတက်ရေး ဥပဒေတစ်ခုတည်းကပင် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေး ကော်မတီ အပါအဝင် တစ်နိုင်ငံလုံးအဆင့် ကော်မတီ (၃) ရပ်ကို ဖွဲ့စည်းထားသည်။ ယင်း ကော်မတီ တစ်ခုတည်း၏ အောက်တွင် ကဏ္ဍအလိုက် ကော်မတီ (၁၄) ခု နှင့် ကော်မတီခွဲ ၁၀ ခုတို့ ပါဝင်သည်။[၅၂] ယခု အစီရင်ခံစာ နောက်ပိုင်းတွင် ဖော်ပြထားသလို ပြည်နယ်/တိုင်းဒေသကြီး အစိုးရ အဆင့်များတွင်ပါ ကော်မတီများ ဖွဲ့စည်းလာမှုကြောင့် ကော်မတီများစွာ တိုးချဲ့ပွားများလာခြင်း ဖြစ်ပါသည်။

**ဒေသန္တရအဆင့်၌ ကိစ္စရပ်များ ပေါ်ထွက်လာလျှင် သို့မဟုတ် လုပ်ထုံးလုပ်နည်း အပိုင်းတွင် ရှင်းလင်းမှု မရှိလျှင် ကော်မတီများ အနေဖြင့် ဆုံးဖြတ်နိုင်စွမ်း ရှိပါသည်။** ယင်းအချက်ကို ကော်မတီဖွဲ့စည်းကြောင်း ထုတ်ပြန်ကြေငြာချက် အရသော်လည်းကောင်း ကော်မတီအဖွဲ့ဝင် အစိုးရ အရာရှိများ၏ ဆွေးနွေးမှုအရသော်လည်းကောင်း တွေ့ရှိနိုင်ပါသည်။ အရာရှိ တစ်ဦးက ၎င်းတို့သည် စည်းမျဉ်းစည်းကမ်း ဥပဒေများ ရှင်းလင်းခြင်း မရှိပါက "ကော်မတီ အဖွဲ့ဝင်များ ခေါ်ယူ၍ ဆွေးနွေးကာ မဲခွဲ

## ကောက်နုတ်ချက် (၈)

## ကျိုက်ထိုမြို့နယ် စီမံခန့်ခွဲရေး ကော်မတီ၏ တာဝန်နှင့် လုပ်ငန်းဆောင်တာများ[၅၆]

- မြို့နယ် ဖွံ့ဖြိုးရေး ကိစ္စရပ်များအတွက် ကော်မတီများနှင့် ဌာနဆိုင်ရာများအကြား ညှိနှိုင်း ဆောင်ရွက်ပေးခြင်း
- မြို့နယ် ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များ ရယူနိုင်ရန် သာမန် ရပ်ရွာသူ ရပ်ရွာသားများ (ရပ်ကွက်/ကျေးရွာ)၊ မြို့နယ် နှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များဖြင့် အနည်းဆုံး တစ်လတစ်ခါ တွေ့ဆုံခြင်း
- ဌာနဆိုင်ရာ များဖြင့် တစ်ပတ်တစ်ကြိမ် တွေ့ဆုံရာတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေး ကိစ္စရပ်များကို တင်ပြအစီရင်ခံခြင်း
- စီမံကိန်းများ ရေးဆွဲရန်အတွက် တိကျသော အချက်လက်များ ရယူခြင်း၊ မြို့ပြနှင့် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်း များအတွက် မြေယာ အသုံးပြုခြင်း ဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာ အုပ်စုများဖြင့် ညှိနှိုင်းခြင်း၊ စီမံကိန်းများ ဘတ်ဂျက်ဖြင့် ကိုက်ညီမှုရှိစေခြင်း ဆောင်ရွက်ခြင်း
- စိုက်ပျိုးရေး၊ လူမှုစီးပွား ဖွံ့ဖြိုးရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် အခြေခံ လူတန်းစား တို့၏ ဝင်ငွေ တိုးတက်ရေး စသည့် ကိစ္စရပ်များတွင် ညှိနှိုင်းဆောင်ရွက်ခြင်း
- မွေးမြူရေး၊ စက်မှု၊ ဝန်ဆောင်မှု လုပ်ငန်း၊ ပို့ဆောင်ရေး နှင့် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် အကြံဉာဏ်ပေးခြင်း
- အခြေခံ လူတန်းစား အဆင့်တွင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူ့အင်အား အညွှန်းကိန်းများ ဖွံ့ဖြိုးတိုးတက်မှု ရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း
- နိုင်ငံတကာ အဖွဲ့အစည်းများမှ ရန်ပုံငွေ ထောက်ပံ့သော စီမံကိန်းများကို စောင့်ကြည့်ခြင်း၊ စီမံကိန်းများ အောင်မြင်မှု ရှိရန် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- ဌာနများ အလုပ်လုပ်ရာတွင် ထိရောက်မှုရှိရန်နှင့် လူထုဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရန် စောင့်ကြည့်ခြင်း
- ဒေသတွင် ဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် ပြည်သူလူထုနှင့် အရာရှိများကို ဥပဒေဆိုင်ရာ အသိပညာများပေးခြင်း
- သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး ဖြစ်ရန် ပံ့ပိုးပေးခြင်း၊ ခရိုင်အဆင့်သို့ အစီရင်ခံခြင်း
- ဌာနများနှင့် မြို့နယ်တွင်းရှိ အခြေခံ လူတန်းစားများမှ တင်ပြသည့် ကိစ္စရပ်များအပေါ် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာချက်များတို့နှင့်အညီ ဆောင်ရွက်ပေးခြင်း၊ မြို့နယ်မှ မကိုင်တွယ်နိုင်ပါက ခရိုင်အဆင့်သို့ လျင်မြန်စွာ အစီရင်ခံခြင်း
- ကျေးရွာတိုင်း လျှပ်စစ်မီးနှင့် သုံးရေး ရရှိနိုင်ရန် အစိုးရနှင့် နိုင်ငံတကာတို့မှ ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့များဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- လူထုအကြား စာဖတ်ခြင်း အလေ့အထ ကျယ်ပြန့်စေရန် စာကြည့်တိုက်များ တည်ထောင်ပေးခြင်း
- ကျေးရွာပြည်သူများ အင်တာနက်၊ မိုဘိုင်းဖုန်းနှင့် သတင်းအချက်အလက် နည်းပညာတို့ဖြင့် ကျွမ်းဝင်စေရန် လုပ်ဆောင်ပေးခြင်း
- ဒေသတွင်း လမ်းနှင့် တံတားများ ဆက်သွယ်မှု ကောင်းမွန်စေရန် ပံ့ပိုးပေးခြင်း

ဆုံးဖြတ်” ရကြောင်း သို့သော်လည်း ထိုသို့ လုပ်ဆောင်ရခြင်းမှာ နည်းပါးကြောင်း မှတ်ချက်ပေး ပါသည်။[၅၄] အခြားအရာရှိတစ်ဦးက လုပ်ထုံးလုပ်နည်း တွင် ရှင်းရှင်းလင်းလင်း ရေးသားထားခြင်း မရှိသော ကိစ္စရပ်များနှင့် ကြုံတွေ့ရပါက ကော်မတီကသာ “ဆုံးဖြတ်ချက်ချမှတ်ခြင်း” ကို ပြုလုပ်သည်ဟု ဆိုသည်။[၅၅] ဤနေရာတွင် စည်းမျဉ်းဥပဒေများကို အနက်ဖွင့်ခြင်း၌ တစ်စိတ်တစ်ပိုင်း အခွင့်အာဏာသာရှိသည့် ကော်မတီများ၏ ထူးခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြေရှင်းမှုများမှာ သတိချပ်ဖွယ်ရာ ဖြစ်ပါသည်။ ကော်မတီများ ဆုံးဖြတ်ချက် ချမှတ်ရန် အသုံးပြုနေသည့် လုပ်ထုံးလုပ်နည်းနှင့် စံနှုန်းများမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ ကော်မတီများသည် သက်ဆိုင်ရာ ဌာန၏ လုပ်ငန်း လုပ်ထုံးလုပ်နည်းကို လိုက်နာရသလို (ဥပမာ- မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သည် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း များကို လိုက်နာရသည်)၊ ကော်မတီအနည်းငယ်သည် ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် တရားဝင်လမ်းညွှန်မှု ရရှိသည်။ ကော်မတီဖွဲ့စည်းမှုဥပဒေနှင့် နည်းဥပဒေတို့တွင် ကော်မတီအဖွဲ့ဝင်စာရင်းနှင့် တာဝန်၊ အခန်းကဏ္ဍများကို ထည့်သွင်းထားသော်လည်း အဖွဲ့ဝင်များအနေဖြင့် မည်သည့်တာဝန်များကို မည်ကဲ့သို့ ထမ်းဆောင်ရမည်ဟူသော လမ်းညွှန်ချက်နှင့် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း တို့ကို ထည့်သွင်းထားခြင်း မရှိပါ။ သို့နှင့်တိုင်အောင် ဒေသန္တရ ကော်မတီ အဖွဲ့ဝင်များ (အထူးသဖြင့် ရွေးကောက်ခံ ဖြစ်လျှင်) ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များ ပေးထားပါက အကျိုးကျေးဇူး ရှိမည်ဖြစ်ပြီး ဒေသန္တရ အုပ်ချုပ်ရေးအတွက် ဒီမိုကရေစီ နည်းကျသော နည်းလမ်းလည်းဖြစ်ကာ ပြဿလည်း ဖြေရှင်းပြီးသားဖြစ်မည် ဖြစ်သည်။

**ကော်မတီများသည် အစိုးရ အာဏာပိုင်များ ကဲ့သို့ပင် “စစ်ဆေးပိုင်ခွင့်” နှင့် “စောင့်ကြည့်ပိုင်ခွင့်” အာဏာများရှိသည်။** မြို့နယ် စီမံခန့်ခွဲမှု ကော်မတီ (TMC) သည် ”နိုင်ငံတကာ အဖွဲ့အစည်းများ ရန်ပုံငွေထောက်ပံ့သည့် စီမံကိန်းများ နှင့် စီမံကိန်း အကောင်အထည် ဖော်မှုများကို ဌာနများဖြင့် ပူပေါင်းပြီး စောင့်ကြည့် အကဲဖြတ်ရန်” အခွင့်ပေးခြင်း ခံရပါသည်။ မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ (TPIC) သည် မြို့နယ်တွင်းရှိ စီမံကိန်း အကောင်အထည်ဖော်မှု များကို စောင့်ကြည့် အကဲဖြတ်ရန် တာဝန်ပေးအပ်ခြင်း ခံရသည်။ မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း အရည်အသွေး စစ်ဆေးရေး ကော်မတီသည် ပြည်သူ့လုပ်ငန်း ဆောက်လုပ်ရေး စီမံကိန်းများကို (စီမံကိန်း နှင့် အရည်အသွေး) အကဲဖြတ် စစ်ဆေးရပါသည်။ တရားမဝင် သတ္တုတူးဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့သည် သတ္တုတူးဖော်ခွင့် လိုင်စင်ပါ စည်းမျဉ်းများ လိုက်နာမှုတို့ကို စစ်ဆေးရပါသည်။

**ကော်မတီများ၏ လုပ်ပိုင်ခွင့် အာဏာမှာ ကွဲပြားခြားနားနိုင်ပြီး ဆွေးနွေးတိုင်ပင်ခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်း၊**

---

**ကောက်နုတ်ချက် (ဃ)**

**မြို့နယ်အဆင့် ကော်မတီအဖွဲ့ဝင်များ[၅၆]**

| မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ | မြို့နယ် ရေနံနှင့် ရေနံထွက်ပစ္စည်း ဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်း ကြီးကြပ်ရေး ကော်မတီ |
|---|---|
| ▪ ထွေအုပ် (ဥက္ကဌ)<br>▪ ပြည်တွင်းအခွန်ဦးစီးဌာန (အတွင်းရေးမှူး)<br>▪ ရဲတပ်ဖွဲ့<br>▪ စည်ပင်သာယာရေးအဖွဲ့<br>▪ ပညာရေးဌာန<br>▪ စီမံကိန်းရေးဆွဲရေး ဌာန<br>▪ ဥပဒေရုံး<br>▪ စိုက်ပျိုးရေးဌာန | ▪ ထွေအုပ် (ဥက္ကဌ)<br>▪ ရဲတပ်ဖွဲ့ (အတွင်းရေးမှူး)<br>▪ မီးသတ်တပ်ဖွဲ့ ဌာန<br>▪ ပြည်တွင်းအခွန်ဦးစီးဌာန<br>▪ ဓာတ်အားပေးလုပ်ငန်း<br>▪ လမ်းစီမံခန့်ခွဲမှု ဌာန<br>▪ စည်ပင်သာယာရေးအဖွဲ့<br>▪ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန<br>▪ စားသုံးသူရေးရာ ဦးစီးဌာန<br>▪ ဓာတ်ဆီဆိုင် ပိုင်ရှင်များ |

**စောင့်ကြည့်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ ပါဝင် နိုင်ပါသည်။** ကော်မတီအသီးသီး၏ တာဝန်နှင့် အခန်းကဏ္ဍ များကို ၎င်းတို့အား ဖွဲ့စည်းသည့် ဥပဒေသို့မဟုတ် အမိန့်ကြော်ငြာချက်ထဲတွင် ထည့်သွင်းထားပါသည်။ ကော်မတီများ ထမ်းဆောင်နိုင်သည့် လုပ်ငန်းတာဝန် အမျိုးမျိုး၏ ပုံဖော်ချက်အဖြစ် မြို့နယ် စီမံခန့်ခွဲမှု ကော်မတီကို ဥပမာယူ နိုင်ပါသည်။ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီတွင် လစဉ်လူထုနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် စီးပွားရေး ဆောင်ရွက်ချက်များအတွက် အကြံဉာဏ်များ စုဆောင်းခြင်း ကဲ့သို့ ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းများ ရှိပါသည်။ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီတွင် အုပ်ချုပ်စီမံရေး တာဝန်ကိုလည်း ယူရပြီး အထူးသဖြင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အဓိကပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော ပညာရေး၊ အုပ်ချုပ်ရေး ပွင့်လင်းမြင်သာမှု၊ ရေပေးဝေခြင်း၊ လျှပ်စစ်နှင့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍတို့တွင် ချိတ်ဆက်ရခြင်း တို့ဖြစ်ပါသည်။ ပြဿနာဖြေရှင်းရသည့် တာဝန်ကိုလည်း ယူရပြီး "ပြဿနာများကို အလျှင်အမြန် အရေးယူ ဆောင်ရွက်ခြင်း" မှာ ၎င်းတို့၏ တာဝန်တွင်လည်း ပါဝင်ပါသည်။

**ကော်မတီများတွင် ပါဝင်သူ အများစုမှာ အစိုးရ အရာရှိများ ဖြစ်ပြီး ပုဂ္ဂလိက ကဏ္ဍ၊ ကုန်သွယ်ရေး အသင်းများနှင့် တောင်သူများတို့၏ ကိုယ်စားလှယ်များအပြင် ရပ်ရွာခေါင်းဆောင်များနှင့် အခြားအစိုးရ အရာရှိမဟုတ်သူများလည်း ပါဝင်ပါသည်။**[၅၇] အစိုးရ အရာရှိများမှာ ကော်မတီ ၏ အဓိကနယ်ပယ်နှင့် စပ်ဆိုင်သော ဌာနများမှ ဖြစ်ပါ သည်။ မြို့နယ် စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီကဲ့သို့ နယ်ပယ်ကျယ်ကျယ်ပြန့်ပြန့် ရှိသော ကော်မတီများ အပါအဝင် ကော်မတီ အတော်များများတွင် ပုဂ္ဂလိက ကိုယ်စားလှယ်များကို ထည့်သွင်းထား ပါသည်။ ယင်းကော်မတီများတွင် ပုဂ္ဂလိက ကိုယ်စားလှယ်များ ထည့်သွင်းထားရခြင်း ရည်ရွယ်ချက်မှာ စီးပွားရေး အသိုင်းအဝန်း၏ သဘောထားအမြင်များကို ကော်မတီများအား ဝေမျှနိုင်ရန်နှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် ထည့်သွင်းနိုင်ရန် ဖြစ်သည်။ ပုဂ္ဂလိက ကဏ္ဍ ကိုယ်စားလှယ်များကို ကဏ္ဍ သီးသန့်ကော်မတီများတွင်လည်း ပုံမှန် ထည့်သွင်းလေ့ရှိပါသည်။

**အချို့သော ကော်မတီများသည် အမိန့်ကြော်ငြာချက်၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။** ဥပမာအနေဖြင့် ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် "အမိန့်ကြော်ငြာချက်၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ကို ထုတ်ပြန်နိုင်သည်" ဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။[၅၈]

**ကော်မတီများကိုကြည့်၍ မြန်မာ့အုပ်ချုပ်ရေးစနစ်၏ စရိုက်လက္ခဏာ ဖြစ်သော စုပေါင်း စီမံခန့်ခွဲမှု ပုံစံကို နမူနာ တွေ့နိုင်သည်။** ကော်မတီစနစ်အားဖြင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်တွင် ဌာနအမျိုးမျိုးမှ အစိုးရအရာရှိများ ပါဝင်လာနိုင်သည်၊ ထိုသို့ မဟုတ်ပါက ဆုံးဖြတ်ချက် ချမှတ်ခြင်းမှာ ဌာနတစ်ခုတည်း အပေါ်တွင် မူတည်နေမည် ဖြစ်သည်။ မဲခွဲခြင်းအားဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်လေ့ရှိပြီး သက်ဆိုင်ရာဌာန၏ ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများထက် ကျော်လွန်သော ဆုံးဖြတ်ချက် ချမှတ်ခြင်းများအတွက် လမ်းညွှန်မှု အကန့်အသတ်ဖြင့်သာ ရှိပါသည်။

**မြို့နယ်အဆင့် ကော်မတီများတွင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် တာဝန်ယူလေ့ရှိပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အရေးပါမှု ပြယုဂ်တစ်ခုလည်း ဖြစ်သည်။** အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသည် ကော်မတီများစွာ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရပြီး ယင်းတို့ အထဲတွင် အခြားသော ဌာနတစ်ခုခု နယ်ပယ်အတွင်း ကျရောက်သော ကော်မတီများ ပါဝင်ပါသည်။ သို့သော်လည်း ထိုပုံစံအတိုင်း မဟုတ်သည့် ခြွင်းချက်များလည်း ရှိပါသည်။ မြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ ဥက္ကဋ္ဌမှာ ရွေးကောက်ခံ ဖြစ်ပြီး အလုပ်သမား အငြင်းပွားမှု မြို့နယ် ညှိနှိုင်းဖြေရှင်းရေး အဖွဲ့အတွက် ဥက္ကဋ္ဌမှာ "သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရမှ ခန့်အပ်တာဝန် ပေးသောသူ" ဖြစ်ပါသည်။[၆၀]

## ၃.၃။ တရားစီရင်ရေးစနစ်

**မြန်မာ့ တရားစီရင်ရေး စနစ် ကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားပြီး ပြည်ထောင်စု အဆင့်တွင် တရားလွှတ်တော်ချုပ် နှင့် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် တရားလွှတ်တော် တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။** နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု တရားသူကြီးချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ် တို့နှင့် ညှိနှိုင်း၍ ပြည်နယ်/ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် အမည်စာရင်းကို တင်သွင်းပြီး ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်မှ မဲစနစ်ဖြင့် သဘောတူ ခန့်အပ်သည်။[၆၁] အခြားသော ပြည်နယ်/ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအတွက်မူ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ညှိနှိုင်း၍ အမည်စာရင်း တင်သွင်းပါသည်။ ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်များသည် ပြည်နယ်/ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီး များကို ခန့်အပ်ရသည့် တာဝန်ယူထားရသော်လည်း ယင်းတရားသူကြီး များသည် အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ခန့်အပ်ရန် ငြင်းပယ်ပိုင်ခွင့် မရှိပါ။[၆၂] ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောတရားအရ ပြည်နယ်/ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ကို သမ္မတမှပင် ခန့်အပ်ခြင်း ဖြစ်ပြီးအခြားသော တရားသူကြီးများကို သမ္မတခန့်အပ်ခံ ယင်း တရားသူကြီးချုပ်မှပင် ပြန်လည် ခန့်အပ်ခြင်း ဖြစ်ရာ ပြည်နယ်/တိုင်းဒေသကြီး တို့၏

*ကော်မတီများကိုကြည့်၍ မြန်မာ့အုပ်ချုပ်ရေးစနစ်၏ စရိုက်လက္ခဏာဖြစ်သော စုပေါင်းစီမံခန့်ခွဲမှုပုံစံကို နမူနာတွေ့နိုင်သည်။*

တရားရုံးစနစ်သည် အထက်မှ အောက်သို့ အုပ်ချုပ်သော စနစ်ဖြစ်နေသည်။

**ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်သည် ၎င်း၏ အောက်အဆင့် တရားရုံးများဖြစ်သော ခရိုင် နှင့် မြို့နယ် တရားရုံးတို့ကို ကြီးကြပ်သည်။** ယင်းအောက်အဆင့် တရားရုံးများသည် စီးပွားရေး အငြင်းပွားမှု အပါအဝင် တရားမမှုများကို စီရင်ပိုင်ခွင့် ရှိသည်။ အချို့ ပြည်နယ်/ တိုင်းဒေသကြီးတို့တွင် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်မှ အောက်အဆင့် တရားရုံးများကို ပံ့ပိုးပေးသည်။

**မြန်မာ့ တရားစီရင်ရေး စနစ်ကို တိုင်းတာမှု အချို့အရ လက်ရှိစနစ်သည် စာချုပ်စာတမ်း အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ရလဒ်ကောင်းများ ရရှိခြင်းမရှိဟု ဆိုပါသည်။** စီးပွားရေး လုပ်ဆောင်မှု အညွှန်းကိန်းအရ စာချုပ်စာတမ်း အငြင်းပွားမှုကို ဖြေရှင်းရာတွင် မြန်မာ့ဥပဒေစနစ်သည် ကမ္ဘာ့ပေါ်တွင် အခြေအနေ အဆိုးဆုံး စာရင်းဝင်လျက် ရှိပါသည်။ တရားစီရင်ခြင်း နှင့် ဆုံးဖြတ်ခြင်းသည် ၂ နှစ်ခန့် ကြာမြင့်နိုင်သည်ဟု ၎င်းက ခန့်မှန်းထားပြီး စီရင်ချက်ကို လိုက်နာမှု ရှိစေရန် ဆောင်ရွက်ခြင်းသည် ရက်ပေါင်း ၂၈၀ ခန့် ကြာမြင့်နိုင်သည်။[၆၃] မြန်မာ တရားရုံးစနစ်တွင် အသေးစားလုပ်ငန်း အငြင်းပွားမှုများကို ဖြေရှင်းပေးမည့် လုပ်ထုံးလုပ်နည်း သို့မဟုတ် တရားရုံး မရှိပါ။[၆၄] သို့သော်လည်း စီးပွားရေး လုပ်ငန်း မည်မျှ တရားရုံးများတွင် ရင်ဆိုင်ရမှု အတွေ့အကြုံ ရှိသည်ကို အကဲဖြတ်ရန် အထောက်အထား လုံလောက်စွာ မရှိပါ။ လူတွေ့ မေးမြန်းမှု ရလဒ်များအရ စီးပွားရေး လုပ်ငန်းများသည် လုပ်ငန်းအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် တရားရုံးများကို သုံးလေ့မရှိပဲ တရားရုံးများအစား အစိုးရဌာန၊ ကော်မတီများနှင့် ပုဂ္ဂလိကကဏ္ဍ အစည်းအရုံးများတို့ထံ တိုင်ကြားခြင်းဖြင့်သာ ဖြေရှင်းလေ့ ရှိပါသည်။

## ၃.၄။ ဥပဒေပြုရေး

**တရားရုံးများ ကဲ့သို့ပင် မြန်မာ့ ဥပဒေပြုလွှတ်တော် ဖွဲ့စည်းပုံကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် သတ်မှတ်ဖော်ပြထားပြီး ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုတွင် လွှတ်တော်တစ်ရပ်ပါသော လွှတ်တော်များ ပေါ်ထွက်လာပါသည်။** ယင်းဥပဒေပြု လွှတ်တော်များတွင် ပါဝင်သည့် ကိုယ်စားလှယ် အများစုမှာ ရွေးကောက်ခံ ဖြစ်ကြပြီး ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်၏ ၇၅% ကို ရယူထားပါသည်၊ ကျန်ရှိသော ၂၅% မှာ တပ်မတော်မှ ခန့်အပ်သည့် ကိုယ်စားလှယ်များ ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဇယား (၂) တွင် ပြည်နယ်/တိုင်းဒေသကြီးတို့ ဥပဒေပြုနိုင်သည့် နယ်ပယ်များကို ဖော်ပြထားပြီး ၂၀၁၅ ခုနှစ် ပြင်ဆင်ချက်တွင် ဥပဒေပြုနိုင်သည့် နယ်ပယ်များ သိသိသာသာ တိုးချဲ့ပေးခဲ့သည်။

**ပြည်နယ်/ တိုင်းဒေသကြီး နှင့် ပြည်နယ် လွှတ်တော်များက ၎င်းတို့တွင် "တာဝန် အခန်းကဏ္ဍ သုံးခုရှိပြီး ၎င်းတို့မှာ မဲဆန္ဒနယ် ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေး မဏ္ဍိုင်ကို ထိန်းကျောင်းခြင်းနှင့် ဥပဒေပြုခြင်း" ဖြစ်သည်ဟု ခံယူထားသည်။**[၆၅] ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုခြင်းသာမက အခြားသော လုပ်ငန်းဆောင်ရွက်မှု များတွင် ချိတ်ဆက် ပါဝင်လျက် ရှိနေပါသည်။ ၎င်းတို့သည် တိုင်ကြားစာများကို လက်ခံ၍ အရေးယူ ဆောင်ရွက်ပေးသည်။ ဌာနဆိုင်ရာ များဖြင့် ထိတွေ့ဆက်သွယ်သည်။ ကော်မတီများ တွင်လည်း ပါဝင်ပါသည်။

**ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသည် စီးပွားရေး စီမံအုပ်ချုပ်မှု တွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပြီး ၎င်းတို့သည် စည်ပင်သာယာရေး အဖွဲ့များ ပြီးလျှင် စီးပွားရေးလုပ်ငန်း ဥပဒေပြုခြင်းနှင့် စည်းကြပ်ထိန်းကျောင်းခြင်း အခွင့်အာဏာရှိသည့် တစ်ခုတည်းသော ပြည်နယ်/တိုင်းဒေသကြီး အဖွဲ့အစည်း ဖြစ်သည်။** ၎င်းတို့သည် ဇယား (၂) ပါ တားဆီးကန့်သတ်မှု မရှိသော နယ်ပယ်များ အတွက် ဥပဒေမူဘောင်ကို အပြည့်အဝ ရေးဆွဲနိုင်ပြီး ပြည်ထောင်စုဖြင့် ကိုက်ညီရန် လိုအပ်သော နယ်ပယ်များအတွက် တစ်စိတ်တစ်ပိုင်း ရေးဆွဲနိုင်ပါသည်။[၆၆]

## ၃.၅။ ရေပြင်ညီ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန် ထပ်ခြင်း

**မြန်မာနိုင်ငံရှိ စီးပွားရေး အုပ်ချုပ်စီမံမှု ကိစ္စရပ်များတွင် ဌာနတစ်ခုထက် ပို၍ ပါဝင်ပတ်သတ် နေလေ့ရှိသည်။ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်မှု ထိရောက်ရန် လိုအပ်ပါသည်၊ သို့သော်လည်း လုပ်ငန်းတာဝန် ထပ်နေခြင်း မှာ အခြားတစ်ဖက် မှ ကြည့်လျှင် ပြန်လည်စဉ်းစားရမည့် အရာလည်း ဖြစ်နေသည်။** လုပ်ထုံးလုပ်နည်းများမတိုင်ခင် ကနဦး ရရှိထားရမည့် လိုအပ်ချက်များ ရှိပါသည်။ ဥပမာ စည်ပင်သာယာရေး အဖွဲ့ထံမှ လုပ်ငန်းလိုင်စင် လျှောက်မည့်သူသည် နိုင်ငံသားမှတ်ပုံတင်လက်မှတ် ရရှိပြီးသားသူ ဖြစ်ရမည်။ ဟိုတယ်လုပ်ငန်း လိုင်စင်လျှောက်ထားရန်အတွက် လုပ်ငန်းရှင်သည် မြို့နယ်ကျန်းမာရေး အရာရှိ၊ ရဲအရာရှိ၊ မီးသတ်အရာရှိနှင့် ထွေအုပ်အရာရှိများထံမှ ထောက်ခံချက်ကို ရရှိထားရမည် ဖြစ်သည်။[၆၇]

**အလုပ်ရုံ နှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနတို့ အပါအဝင် ဌာနအချို့သည် စီးပွားရေး လုပ်ငန်းများကို စစ်ဆေးပိုင်ခွင့် ရှိသော်လည်း ဒဏ်ရိုက်ခွင့် သို့မဟုတ် အရေးယူပိုင်ခွင့်**

**ကောက်နုတ်ချက် (ဃ)**

## မြေအသုံးပြုမှုနှင့် တည်ဆောက်ရေးဆိုင်ရာ အုပ်ချုပ်ရေး ဥပဒေမူဘောင်များမှာ တစ်ခုနှင့်တစ်ခု ထပ်နေခြင်း[၆၇]

မြေအသုံးပြုခွင့်ပေးခြင်း နှင့် အဆောက်အအုံသစ် ဆောက်လုပ်ခြင်း ဖြစ်စဉ်များကို အုပ်ချုပ်စီမံရာ၌ ဥပဒေနှင့် လုပ်ပိုင်ခွင့်အာဏာများ တစ်ခုနှင့်တစ်ခု ထပ်နေသည်ကို တွေ့ရပါသည်။ အချို့သော စီးပွားရေးလုပ်ငန်းများသည် မြေအသုံးပြုလျှောက်ထားလွှာ ဖြင့် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင် (မြန်မာ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ အခန်း (၄) တွင် ဖော်ပြထား သကဲ့သို့) ထံ လျှောက်ထားနိုင်ပါသည်။ မြေအသုံးပြုမှုကို ပြောင်းလဲလိုသည့် စီးပွားရေးလုပ်ငန်းများသည် ၂၀၁၂ လယ်ယာမြေ နည်းဥပဒေအတိုင်း လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီထံမှ ခွင့်ပြုချက် ရယူရန် လိုအပ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေအရ မြေပေါ်တွင် အဆောက်အအုံသစ် ဆောက်လုပ်မည် ဆိုပါက စီးပွားရေးလုပ်ငန်း များသည် ဒေသဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့ထံမှ ဆောက်လုပ်ရန် ခွင့်ပြုချက် လိုအပ်ပါသည်။

ထိုကဲ့သို့ ကွဲပြားနေသည့် လုပ်ထုံးလုပ်နည်းများကို အမြဲတမ်း အတူတကွ အဆင်ပြေစွာ အသုံးပြုနိုင်ခြင်း မရှိပါ။ ၂၀၁၆ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများ အရ ရင်းနှီးမြှုပ်နှံသူများသည် စက်မှုလုပ်ငန်း တစ်ခု တည်ထောင်လိုပြီး မြေအမျိုးအစား မှာမူ လုပ်ငန်းသုံး မြေ မဟုတ်ပါက မြေအသုံးပြုရန် ခွင့်ပြုချက် လိုအပ်ပါသည်။ ယင်းဥပဒေအရ မြေအသုံးပြုခွင့် လျှောက်ထားခြင်းကို ပြည်နယ်/တိုင်းဒေသကြီး ကော်မတီမှ တာဝန်ယူရမည် ဖြစ်သည်။ သို့သော်လည်း မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီထံမှ ခွင့်ပြုချက် ရရှိထားသည့် တိုင်အောင် ရင်းနှီးမြှုပ်နှံသူသည် အခြား ဥပဒေများအရ လိုအပ်သည့် ခွင့်ပြုချက် တို့ကိုလည်း လျှောက်ထားရန် လိုအပ်နိုင်ပါသည်။

စိန်ခေါ်မှု အရှိဆုံးမှာ လယ်ယာမြေ ဥပဒေဖြင့် ကိုက်ညီမှုရှိရန်နှင့် စည်ပင်အဖွဲ့ထံမှ အဆောက်အအုံ ဆောက်လုပ်မှု ခွင့်ပြုချက် ရရှိရေးပင်ဖြစ်သည်။ လယ်ယာမြေ ဥပဒေအရ စီးပွားရေးလုပ်ငန်း များသည် မြေပြောင်းလဲအသုံးပြုခွင့်ကို လျှောက်ထားပြီး ခြောက်လအတွင်းမှာပင် လုပ်ငန်းစတင် ရမည်ဖြစ်သည်။ သို့သော်လည်း လုပ်ငန်းစတင်ရန် အတွက်မှာမူ စည်ပင် ထံမှ ဆောက်လုပ်မှု ခွင့်ပြုချက် ကို လိုအပ်ပါသည်။ အရာရှိတစ်ဦး၏ အဆိုရ ၎င်းလုပ်ငန်းစဉ်တွင် အဆင့် ၁၀ ဆင့်မှ ၁၂ ဆင့် အထိရှိပြီး စည်ပင်မှ ထောက်ခံချက်များစွာကို တောင်းဆိုသောကြောင့် အချိန်လည်း ကြာမြင့်ပါသည်။ စည်ပင်ထံမှ ခွင့်ပြုချက်ကို ခြောက်လအတွင်း မရရှိပါက မြေယာစီမံခန့်ခွဲမှုကော်မတီသည် စီးပွားရေးလုပ်ငန်းအား လုပ်ငန်း စတင်မှု မရှိနိုင်သည့် အတွက် တရားစွဲဆိုပါသည်။ စည်ပင်၏ ခွင့်ပြုချက် မရရှိသေးပဲ တည်ဆောက်ရေး လုပ်ငန်းများကို စတင်ထားပါက ၁ ကေလျှင် ကျပ် ၅ သိန်း အထိ ဒဏ်ငွေ ဆောင်ရနိုင်ပါသည်။ အပြန်အလှန် ဆက်သွယ်ချိတ်ဆက်မှု ရှိအောင် ရေးဆွဲထားခြင်း မရှိသော ဥပဒေများစွာကို လိုက်နာရခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများမှာ များစွာ အခက်တွေ့လျက် ရှိနေပါသည်။

**မရှိသည်ကို တွေ့ရသည်။** ထိုအစား ၎င်းတို့သည် ယင်းလုပ်ငန်းများကို လိုင်စင် ထုတ်ပေးသည့် ဌာနများထံသို့ အစီရင်ခံတင်ပြပြီး လိုင်စင်ရုပ်သိမ်းရန်သာ တောင်းဆိုနိုင်ပါသည်။ တစ်ဖက်တွင်လည်း အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာနသည် စီးပွားရေးလုပ်ငန်း တစ်ခုအပေါ် သတိပေးစာများစွာ ထုတ်ပြန်ခဲ့ပြီးနောက် တရားစွဲဆို နိုင်ခဲ့ပါသည်။ သို့သော်လည်း စုံစမ်းစစ်ဆေးသူများသည် ဒဏ်ကြေးငွေကို ချက်ခြင်း ချမှတ်နိုင်ခြင်း မရှိခဲ့ပါ။ ထိုသို့ ဖြစ်ရခြင်းသည် ၎င်းတို့တွင် 'အရေးယူနိုင်သည့် အာဏာ' မရှိခြင်းကြောင့် ဖြစ်သည်ဟု အရာရှိတစ်ဦးမှ ကောက်ချက်ချပါသည်။ ထိုပုံစံကြောင့် စုံစမ်းစစ်ဆေးပြီးနောက် အလွဲသုံးစားမှု တွေ့ရှိခြင်းကို အစီရင်ခံ တင်ပြခြင်း နည်းပါးလာနိုင်သည်။

**အရေးယူမှုပုံစံ အရ စီးပွားရေးလုပ်ငန်း များသည် ကြီးကြီးမားမား ဒဏ်တပ်ခြင်း မခံရခင် ၎င်းတို့၏ လုပ်ငန်းများကို ပြုပြင်နိုင်သည့် အခွင့်အလမ်း ရှိသည်။** အရာရှိတစ်ဦးက ရန်ကုန်မြို့ရှိ စက်ရုံတစ်ရုံတွင် အသက် ၁၄ နှစ်အောက် အလုပ်သမား များပြားစွာ ခန့်အပ်ထားရှိသည့် အဖြစ်အပျက် တစ်ခုကို ပြောပြပါသည်။ ဌာနဆိုင်ရာ အရာရှိများ၏ စစ်ဆေးချက်အရ ယင်းစက်ရုံတွင် အကန့်အသတ်ဖြင့်သာ အလုပ်လုပ်ကိုင်ခွင့် ရှိသော အသက် ၁၄ နှစ်နှင့် ၁၇ နှစ် ကြား အလုပ်သမားများစွာ ခန့်အပ်ထားသည်ကို တွေ့ရသည်။ သို့သော်လည်း အရာရှိများက ယင်းစက်ရုံကို ပြင်းထန်သည့် နည်းလမ်း မဟုတ်ပဲ ပညာပေး အရေးယူရန်သာ ဆုံးဖြတ်ခဲ့သည်။ စီးပွားရေးလုပ်ငန်း များစွာသည် ဥပဒေကို သတိထားမိခြင်း မရှိသောကြောင့် ထိုသို့ ပြင်းပြင်းထန်ထန် အရေးမယူပဲ ပညာပေးသည့် နည်းလမ်းမှာ ကောင်းမွန်ပါသည်။ တစ်ဖက်တွင်လည်း အရေးယူခြင်းထက် သတိပေးခြင်းသာ

ပြုလုပ်ပါက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရန် များစွာ တွန်းအားပေးနိုင်တော့မည် မဟုတ်ချေ။ လုပ်ငန်းရှင်များ အနေဖြင့် စစ်ဆေးမှု မခံရသေးသ၍ စည်းကမ်းတကျ မလုပ်ဆောင်ခြင်းများ ရှိလာနိုင်သည်။[၇၀]

## ၃.၆။ အခြားလုပ်ငန်း အကောင်အထည် ဖော်မှုစိန်ခေါ်ချက်များ

**မြို့နယ် အားလုံးအတွက် လုပ်ထုံးလုပ်နည်းများမှာ တူညီသော်လည်း အကောင်အထည်ဖော်သည့် အခြေအနေများမှာမူ ကွဲပြားနိုင်ပါသည်။** ဥပမာ- ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်စက်များစွာရှိပြီး အများစုသည် မြစ်ကမ်းနံဘေးတွင် တည်ရှိပါသည်။ မိုးရာသီတွင် ရေကြီးရေလျှံမှု များစွာရှိသောကြောင့် အချို့ လုပ်ငန်း များမှာ ဆက်သွယ်ချိတ်ဆက်ရ ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးတွင်းမှ ဌာနများ အနေဖြင့် စစ်ဆေးမှု ပြုလုပ်သည့်အခါ မိုးရာသီကို ရှောင်၍ ပြုလုပ် ရပါသည်။

**ဘတ်ဂျက်ဆိုင်ရာ အခက်အခဲများ ရှိခြင်းကြောင့် ဌာနများ ၎င်းတို့၏ တာဝန်များကို အကောင်အထည် ဖော်နိုင်စွမ်း အပေါ် သက်ရောက်မှုများ ရှိနေသည်။** ဥပမာအနေဖြင့် စစ်ဆေးရေး လုပ်ငန်းများကို ကြည့်နိုင်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန သည် ညစ်ညမ်းမှုနှင့် သက်ဆိုင်သော စစ်ဆေးမှုများကို လုပ်ဆောင်ရပါသည်။ သို့သော်လည်း သင့်လျော်သော စစ်ဆေးမှုများကို ပြုလုပ်ရန် ၎င်းတို့တွင် စက်ကိရိယာ လုံလောက်စွာ မရှိဟု ပြောပါသည်။ လုပ်ငန်းတည်နေရာမှာပင် စစ်ဆေးမှုကို ပြုလုပ်နိုင်သော်လည်း လိုအပ်သည့် စက်ပစ္စည်း ကိရိယာများ မရှိသောကြောင့် အခက်အခဲများ တွေ့ကြုံရပါသည်။ အခြားဌာနများတွင်မူ လုပ်ငန်းများထံသို့ သွားရောက် စစ်ဆေးရန် ဓါတ်ဆီဖိုး ဘတ်ဂျက် မရှိသည့် အခက်အခဲမျိုး ကြုံတွေ့ရပါသည်။ မြို့နယ်ဌာန တစ်ခုဆိုလျှင် စစ်ဆေးခံရန် ၎င်းတို့ထံသို့ လာရောက်ပါရန် စီးပွားလုပ်ငန်းကို ခေါ်ဆောင် ခဲ့ရသည်။

**စုံစမ်းစစ်ဆေးမှုများသည် ပညာရပ်ဆိုင်ရာ လိုအပ်ချက် ရှိခြင်းကြောင့် ဟုတ်လေ့မရှိပဲ နိုင်ငံရေး အကြောင်းရင်း သို့မဟုတ် အခြားသော အကြောင်းရင်း များကြောင့်လည်း ဖြစ်ပေါ်နိုင်သည်။** ဌာနများသည် စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရာတွင် အဖွဲ့လိုက် သွားကြပြီး လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်လေ့ ရှိသည်။ အခြားသော အကြောင်းရင်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းများ ထိတ်လန့်မှု မဖြစ်စေရန်ကိုလည်း ထည့်သွင်းစဉ်းစားလေ့ ရှိပါသည်။[၇၁]

**အကြီးတန်းအဆင့် အရာရှိများသည် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (SOP) များကို မလိုက်နာခြင်း သို့မဟုတ် နားလည်မှု နည်းပါးခြင်း ရှိနိုင်ပါသည်။** ထို့သို့ဖြစ်ပါက ဌာန၏ လုပ်ထုံးလုပ်နည်းကို လိုက်နာရန် တာဝန်ရှိသော၊ အခြားတစ်ဖက်တွင်လည်း အထက်အရာရှိ၏ စကားကို လိုက်နာရန် လိုအပ်သောအရာရှိငယ်များ အတွက် အခက်အခဲများ ကြုံတွေ့ရနိုင်ပါသည်။

**လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (SOP) သည် အရေးပေါ် ကိစ္စရပ် အားလုံးကို ထည့်သွင်း စဉ်းစားထားခြင်း မရှိပါ။** အရေးပေါ် ကိစ္စရပ်များဟု ဆိုရာတွင် မြေယာ အငြင်းပွားခြင်းအတွက် ဥပဒေများ သို့မဟုတ် အလုပ်သမား/စီးပွားလုပ်ငန်းများ၏ ဆန္ဒထုတ်ဖော်မှုများကို ဆိုလိုခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ ရှင်းလင်းသော လုပ်ထုံးလုပ်နည်း မရှိသည့် အရေးပေါ် ကိစ္စရပ်များတွင် အရာရှိများသည့် ဥပဒေများနှင့် ကိုက်ညီရန် အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်းခြင်း သို့မဟုတ် အထက်အရာရှိနှင့် ကော်မတီထံသို့ အစီရင်ခံတင်ပြခြင်း စသည့်တို့ကိုသာ လုပ်ဆောင်နိုင်ပါသည်။

# ၄

# အထက်အောက်နှင့် ရေပြင်ညီ ပူးပေါင်းဆောင်ရွက်ခြင်း – မြန်မာ့စီးပွားရေး အုပ်ချုပ်စီမံမှုဆိုင်ရာ အဖွဲ့အစည်းများမှာ မည်သည့်နေရာမှ ပါဝင်နေသနည်း

**ဒေသန္တရ အဆင့်ထိ သက်ရောက်မှုရှိသော စီးပွားရေး အုပ်ချုပ်စီမံမှု စနစ်ဖြစ်ရန် အခြေခံအကျဆုံး အချက်တစ်ခုမှာ ဒေသန္တရတွင်း အခြေစိုက်သော စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများရှိခြင်း ဖြစ်သည်။** ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုအဆင့် မြို့တော်တွင် အခြေစိုက်သော အရာရှိများကသာ အုပ်ချုပ်ကွပ်ကဲနေပါက စီးပွားရေး စီမံအုပ်ချုပ်မှုသည် ဒေသန္တရအဆင့်ထိ သက်ရောက်မှုရှိမည် မဟုတ်ပေ။ ယခုအပိုင်းတွင် ဒေသန္တရ အဆင့် စီးပွားရေး စီမံအုပ်ချုပ်မှု အခြေအနေကိုလည်းကောင်း စီးပွားရေး အုပ်ချုပ်မှု ဆိုင်ရာ အဓိက အဖွဲ့အစည်းနစ်ခု ဖြစ်သော "ဌာနများ နှင့် ကော်မတီများ" ကိုလည်းကောင်း စူးစမ်းလေ့လာ သွားမည်ဖြစ်သည်။

## ၄.၁။ ဖြစ်ရပ်လေ့လာချက် – ဧရာဝတီတိုင်းဒေသကြီးရှိစီးပွားရေးစီမံအုပ်ချုပ်မှုဆိုင်ရာဌာနများ

**ဧရာဝတီတိုင်းဒေသကြီးကို လေ့လာချက်အရ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် မြို့ အဆင့်တို့တွင် ရုံးစိုက်ပြီး စီးပွားရေး စီမံအုပ်ချုပ်မှုဆိုင်ရာ အဓိက တာဝန်များကို ထမ်းဆောင်နေသည့် ဌာနများ ရှိနေကြောင်း တွေ့ရှိရပါသည်။** ယင်းဌာနများတွင် အုပ်ချုပ်ရေးဌာနများနှင့် အခြေခံ အဆောက်အအုံ ဝန်ဆောင်မှု ဌာနများ စသည့် အမျိုးအစား နှစ်မျိုးရှိပါသည်။ ရုံးအပြည့်အစုံ အခြေစိုက်သည့် အုပ်ချုပ်ရေး ဌာနများမှာ အထွေထွေ အုပ်ချုပ်ရေးနှင့် ရဲတပ်ဖွဲ့တို့ဖြစ်ကြသည်။ ရုံးအပြည်အစုံ အခြေစိုက်သည့် အခြေခံ အဆောက်အအုံ ဝန်ဆောင်မှု ဌာနများမှာ လျှပ်စစ်ဓါတ်အားပေး လုပ်ငန်းနှင့် ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနတို့ ဖြစ်ကြသည်။

**အစိုးရဌာနနှစ်ခု ဖြစ်သော လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန (DALMS) နှင့် စည်ပင်သာယာရေး အဖွဲ့ (DAO) တို့သည် မြို့နယ်တိုင်းတွင် အခြေစိုက်သော်လည်း မြို့နယ်တွင်းရှိ အချို့မြို့များကိုသာ ခြုံလွှမ်းနိုင်ခြင်း ရှိပါသည်။** အခြားသော အစိုးရဌာန လေးခုသည် မြို့နယ်အားလုံးတွင် ရုံးစိုက်သော်လည်း မြို့အဆင့် ရုံး မရှိပါ။ စည်ပင်သာယာရေး အဖွဲ့များသည် ဧရာဝတီ တိုင်းဒေသကြီးရှိ မြို့နယ် ၂၆ ခုအတွင်းမှ ၃၄ မြို့တွင် အခြေစိုက်တည်ရှိပါသည်။ သို့သော်လည်း "အခြားမြို့" ၁၉ မြို့အနက် ၈ မြို့တွင်သာ ရုံးရှိခြင်း ဖြစ်သည်။ လယ်/မြေ စာရင်းအင်း ဌာနသည် မြို့နယ်အားလုံးတွင် ရုံး ရှိပြီး မြို့အဆင့် ရုံး ၅ ခု ရှိပါသည်။ ကုန်သွယ်ရေး၊ ပြည်တွင်းအခွန်နှင့် ကျေးလက်လမ်း ဦးစီးဌာနများနှင့် လမ်းဦးစီးဌာနတို့သည် မြို့နယ် ၂၆ လုံးတွင် ရုံးစိုက်ပြီး မြို့အဆင့် ရုံးခွဲ မရှိပါ။

**မြန်မာ့စီးပွားရေးဘဏ် (MEB) သည် မြို့နယ်တိုင်းတွင် ရုံးစိုက်ပါသည်၊ သို့သော်လည်း အချို့ မြို့ကြီးများတွင် ခရိုင် နှင့် မြို့နယ် ဘဏ်ခွဲများကို ပေါင်းစည်းထားသည်။** ဥပမာ - ပုသိမ်နှင့် မြောင်းမြမြို့များတွင် ဘဏ်ခွဲများကို ပေါင်းစည်း ထားပြီး ခရိုင်ရုံးထက် ကျော်လွန်၍ ဝန်ဆောင်မှုပေးပါသည်။ လပွတ္တာခရိုင်ရှိ မြို့နယ်နှစ်ခုလုံးတွင် မြို့နယ်ဘဏ်ခွဲ ရှိသော်လည်း ခရိုင်ရုံး မရှိပါ။ နီးစပ်ရာ ခရိုင်ရုံးများမှ မြို့နယ်ဘဏ်ခွဲများကို ကြီးကြပ်ပါသည်။

**အဓိကကျသော စီးပွားရေးအုပ်ချုပ်စီမံမှု ဌာနအချို့သည် မြို့နယ်တိုင်းတွင် အခြေစိုက်သော်လည်း ခရိုင်ရုံး အနည်းငယ်သာရှိခြင်း သို့မဟုတ် လုံးဝမရှိသည်ကို တွေ့ရသည်။** ထင်ရှားမှု အရှိဆုံး မှာ စည်ပင်သာယာရေး အဖွဲ့ဖြစ်ပြီး မြို့နယ်တိုင်းတွင် စည်ပင်ရုံး ရှိသော်လည်း ၎င်းတို့၏ ဖွဲ့စည်းပုံ အရ ခရိုင်အဆင့်တွင် ရုံးခွဲ မရှိပါ။ ထို့ကြောင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့များသည် ပြည်နယ်/တိုင်းဒေသကြီး ရုံးသို့ တိုက်ရိုက် အစီရင်ခံပါသည်။ ထိုနည်းတူ ပြည်တွင်းအခွန် ဦးစီးဌာန သည်

လည်း မြို့နယ်တိုင်းတွင် ရုံးခွဲ ရှိပြီး ခရိုင်အဆင့်ရုံး မရှိပါ။ ကုန်သွယ်ရေး ဦးစီးဌာနသည် မြို့နယ်တိုင်းတွင် ရုံးခွဲ ရှိပြီး ခရိုင်အဆင့် ရုံး ၁ ရုံးသာ ရှိပါသည်။

**အရေးကြီးသော စီးပွားရေး အုပ်ချုပ်စီမံမှု လုပ်ငန်းများ ဆောင်ရွက်ရသည့် ဌာန အချို့သည် ပြည်နယ်နှင့် တိုင်း ရုံးခွဲများသာ ရှိသည်။** ယခုအမျိုးအစား ထဲတွင် အထင် ရှားဆုံးမှာ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ကောင်မရှင်၏ အတွင်းရေးမှူးရုံး အဖြစ် ဆောင်ရွက်ရသည့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ရုံးခွဲသာ ရှိသည့် ဌာနများတွင် အဆောက်အဉီ ဦးစီးဌာန၊ တံတား ဦးစီးဌာန၊ ဘတ်ဂျက်ဦးစီးဌာနနှင့် အသေးစား စက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပါဝင်ပါသည်။

**အချို့ဌာနများသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများ ထားရှိ၍ လုပ်ငန်း ဆောင်ရွက်ပြီး ခရိုင်/မြို့နယ် ရုံးခွဲ အနည်းငယ်သာ ရှိသည်။** စံုစမ်းစစ်ဆေးရေးပိုင်းဆိုင်ရာ တာဝန်များ ယူထားရသည့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန (DISI) နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန (FGLLID) တို့သည် ပြည်နယ်နှင့် တိုင်းများတွင် ရုံးခွဲများ ရှိပြီး ဧရာဝတီ တိုင်းဒေသကြီးရှိ ခရိုင် ၆ ခုလုံးတွင် ခရိုင်ရုံးခွဲ ရှိပါသည်။ သစ်တော ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန (FDA)၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကုန်းလမ်းညွှန်ကြားရေး ဦးစီးဌာနနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန တို့သည် ခရိုင် အဆင့် ရုံးခွဲ ၁ ခုမှ ၄ ခု အထိ ရှိကြသည်။ အကောက်ခွန် ဦးစီးဌာနသည်လည်း ပြည်နယ်အဆင့် ရုံးသာရှိပြီး ပုသိမ် မြို့နယ်တွင်မူ မြို့နယ်ရုံးခွဲတစ်ခု ရှိသည်။

**ဌာနအနည်းငယ်သည် မြို့နယ် ရုံးတစ်ခုဖြင့် အခြား မြို့နယ်များကိုပါ လွှမ်းခြုံ လုပ်ဆောင်သည်ကို တွေ့ရသည်။** အလုပ်သမား ဦးစီးဌာနသည် ထိုကဲ့သို့ လုပ်ဆောင်ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ် ရုံးခွဲ ၆ ခုသာ ရှိပြီး စုစုပေါင်း မြို့နယ် ၂၆ ခုကို ခြုံလွှမ်း လုပ်ဆောင်ပါသည်။ မြန်မာ့စီးပွားရေးဘဏ် (MEB) က ကယားပြည်နယ်တွင် ထိုနည်းအတိုင်း လုပ်ဆောင်ပြီး မြို့နယ်ရုံး တစ်ခုမှ အခြားမြို့နယ်များကို လွှမ်းခြုံလုပ်ဆောင်ပါသည်။ ဌာနအများစုတွင် မြို့နယ်ရုံး ဝန်ထမ်းသည် ခရိုင်ရုံ အရေအတွက် နည်းလေ့ရှိသောကြောင့် ရင်းမြစ်များကို ချွေတာရန် အထက်ပါ နည်းလမ်းကို အသုံးပြုခြင်း ဖြစ်သည်။

**ခရိုင်နှင့် မြို့နယ် အဆင့်များတွင် ဌာနဆိုင်ရာ ရုံးများ အခြေစိုက်ခြင်းမှာ ဘတ်ဂျက် အခြေအနေနှင့် ဝန်ဆောင်မှု လိုအပ်ချက်အပေါ် မူတည်ပါသည်။** အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန (MOLIP) သည် ၂၀၁၇ တွင် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန ခရိုင်ရုံး ၄၂ ရုံးအား မြို့နယ်ရုံး အဆင့်သို့ လျှော့ချလိုက်ခြင်း မှာ အထက်ပါအကြောင်းရင်းများ လွှမ်းမိုးမှုရှိသောကြောင့် ဖြစ်သည်။ ယင်းလျှော့ချမှုတွင် နေပြည်တော် ခရိုင်ရုံးမှ လွဲ၍ အခြားသော ခရိုင်ရုံး အားလုံး ပါဝင်ခဲ့သည်။ ထိုကဲ့သို့ တရားဝင် ပြောင်းလဲခဲ့သော်လည်း မြို့နယ်ရုံးများသည် ယခင် ခရိုင်ရုံးများ လည်ပတ်သည့် ပုံစံအတိုင်း လှုပ်ရှား လည်ပတ်နေခြင်း ဖြစ်သည်။ ၎င်းတို့သည် ခရိုင်အဆင့် အစိုးရ အစည်းအဝေးများသို့ တက်ရောက်နေရဆဲ ဖြစ်သည်ဟု အရာရှိတစ်ဦးက ပြောပါသည်။ ဝန်ကြီးဌာန ရင်းမြစ်တစ်ခုအရ ဘတ်ဂျက် အခြေအနေနှင့် ဝန်ထမ်း စွမ်းအင် နည်းပါးခြင်းကြောင့် ထိုကဲ့သို့ ပြောင်းလဲခြင်း ဖြစ်သည်ဟု သိရသည်။ ဌာနများ တိုးချဲ့ပြီး ထပ်တိုး ဘတ်ဂျက်များ ရရှိလာသော အခါမျိုးတွင်လည်း ယင်း ကဲ့သို့ အပြောင်းအလဲ ဖြစ်နိုင်ပါသည်။ သဘာဝပတ် ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနသည် ကယားပြည်နယ် တွင်း ၎င်းတို့၏ ပထမဆုံး ခရိုင်ရုံးကို ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ် နိုင်ခဲ့သည်။ အကယ်၍ ဝန်ဆောင်မှု လိုအပ်ချက် ပိုမို များပြားလာပါက ခရိုင်ရုံးများ ပိုမိုတိုးချဲ့ လာနိုင်သည် ဟု ယင်းဌာန အရာရှိမှ ပြောပါသည်။ မြို့နယ်အဆင့် ရုံးခွဲ မရှိသောဌာနများနှင့် စီးပွားရေး လုပ်ငန်းများကို ကြားခံ ဆက်သွယ်ပေးသူအဖြစ် မြို့နယ်နှင့် မြို့တိုင်းတွင် အခြေ စိုက်တည်ရှိသော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးသည်ဟု အရာရှိများက ပြောပါသည်။

**အထက်ပါဥပမာ အတိုင်းပင် ဌာနများသည် လိုအပ်ချက် နှင့် အရင်းအမြစ် ရရှိနိုင်မှု အလိုက် ၎င်းတို့၏ ဖွဲ့စည်းပုံကို အပြောင်းအလဲ လုပ်နိုင်သည်ကို တွေ့ရပါသည်။** ဌာန များစွာ တို့သည် ခရိုင်ရုံးများဖြင့် မြို့နယ်ရုံး အလုပ်များကို လုပ်ဆောင်ခြင်း (သို့မဟုတ်) မြို့နယ်ရုံးတစ်ခုဖြင့် နီးစပ်ရာ မြို့နယ်များ အတွက်ပါ အလုပ်လုပ်ခြင်း စသည့် လုပ်ရိုးလုပ်စဉ် မဟုတ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ နည်းလမ်း များကို အသုံးပြုနေကြပါသည်။ ထိုဖြစ်ရပ်များကို ကြည့်ပါ က အုပ်ချုပ်စီမံရေး စနစ်တွင် ဒေသန္တရ၏ ထည့်သွင်း ပါဝင်မှုကို တွေ့နိုင်မည် ဖြစ်ပြီး ဗဟိုမှ သတ်မှတ်သည် မဟုတ်ပဲ ဒေသလိုအပ်ချက်အရ ရုံးများ အခြေစိုက်ခြင်းမှာ ထင်ရှားသော အထောက်အထားတစ်ရပ် ဖြစ်ပါသည်။

**ဇယား (၂)**

## ရောဝတီတိုင်းဒေသကြီးရှိ စီးပွားရေး အုပ်ချုပ်စီမံမှုဆိုင်ရာ ဌာနများ၊ ရုံးအခြေစိုက်ရာ အလိုက်

| ရုံးအခြေစိုက်မှု | စီးပွားရေးအုပ်ချုပ်စီမံသည့် ဌာနများ |
|---|---|
| ပြည်နယ်/တိုင်း မြို့တော်၊ နှင့် ခရိုင်၊မြို့နယ်များနှင့် မြို့များ အားလုံး | ▪ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (၂၆ မြို့နယ်၊ ၁၉ မြို့)<br>▪ ရဲတပ်ဖွဲ့ (၂၆ မြို့နယ်၊ ၁၉ မြို့)<br>▪ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်း (၂၆ မြို့နယ်၊ ၁၉ မြို့)<br>▪ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန (၂၆ မြို့နယ်၊ ၁၉ မြို့) |
| ပြည်နယ်/တိုင်း မြို့တော်၊ မြို့နယ်အားလုံး၊ နှင့်အချို့ ခရိုင်/မြို့များ | ▪ လမ်းဦးစီးဌာန (၁ ပြည်နယ်/တိုင်း၊ ၆ ခရိုင်၊ ၂၆ မြို့နယ်၊ ၇ မြို့)<br>▪ DALMS (၁ ပြည်နယ်/တိုင်း၊ ၆ ခရိုင်၊ ၂၆ မြို့နယ်၊ ၇ မြို့)<br>▪ စည်ပင်အဖွဲ့ (၁ ပြည်နယ်/တိုင်း၊ ၃၃ မြို့)<br>▪ ကုန်သွယ်ရေး (၁ ပြည်နယ်/တိုင်း၊ ၁ ခရိုင်၊ ၂၆ မြို့နယ်၊ ၁ မြို့)<br>▪ စီမံကိန်း (၁ ပြည်နယ်/တိုင်း၊ ၆ ခရိုင်၊ ၂၆ မြို့နယ်)<br>▪ ပြည်တွင်းအခွန် (၁ ပြည်နယ်/တိုင်း၊ ၂၆ မြို့နယ်) |
| ပြည်နယ်/တိုင်း မြို့တော် နှင့်၊ အချို့ ခရိုင် နှင့်/သို့မဟုတ် မြို့များ | ▪ ကျေးလက်ဖွံ့ဖြိုးရေး (၁ ပြည်နယ်/တိုင်း၊ ၆ ခရိုင်၊ ၂၅ မြို့နယ်)<br>▪ မြန်မာ့စီးပွားရေးဘဏ် (၁ ပြည်နယ်/တိုင်း၊ ၅ ခရိုင်၊ ၂၂ မြို့နယ်)<br>▪ အလုပ်သမား (၁ ပြည်နယ်/တိုင်း၊ ၆ မြို့နယ်)<br>▪ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး (၁ ပြည်နယ်/တိုင်း၊ ၃ ခရိုင်)<br>▪ FGLLID (၁ ပြည်နယ်/တိုင်း၊ ၆ ခရိုင်)<br>▪ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (၁ ပြည်နယ်/တိုင်း၊ ၂ ခရိုင်)<br>▪ မြို့ပြ နှင့် အိမ်ရာဖွံ့ဖြိုးရေး (၁ ပြည်နယ်/တိုင်း၊ ၄ ခရိုင်)<br>▪ ကုန်လမ်းညွှန်ကြားရေး (၁ ပြည်နယ်/တိုင်း၊ ၄ ခရိုင်)<br>▪ ပတ်ဝန်းကျင်ထိန်းသိမ်းရေး (၁ ပြည်နယ်/တိုင်း၊ ၃ ခရိုင်)<br>▪ သတ္တုတွင်း (၁ ပြည်နယ်/တိုင်း၊ ၁ ခရိုင်)<br>▪ TVET (၁ ပြည်နယ်/တိုင်း၊ ၆ ခရိုင်) |
| ပြည်နယ်/တိုင်း မြို့တော် | ▪ အကောက်ခွန် (၁ ပြည်နယ်/တိုင်း၊ ၁ မြို့နယ်)<br>▪ တံတားဦးစီးဌာန (၁ ပြည်နယ်/တိုင်း)<br>▪ အဆောက်အဦ (၁ ပြည်နယ်/တိုင်း)<br>▪ ရင်းနှီးမြုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု (၁ ပြည်နယ်/တိုင်း)<br>▪ အသေးစား စက်မှုလက်မှု (၁ ပြည်နယ်/တိုင်း)<br>▪ ရသုံးမှန်းခြေ (၁ ပြည်နယ်/တိုင်း) |


*မှတ်ချက်။ ခရိုင်အဆင့် FGLLID ရုံးကို လပွတ္တာ၌ ဩဂုတ်လ သို့မဟုတ် စက်တင်ဘာ ၂၀၁၉ တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပါသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ခရိုင်ရုံးကို ပုသိမ်နှင့် ဟင်္သာတ ခရိုင်၌ ဇူလိုင် ၂၀၁၉တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပါသည်။*

## ပုံ (၅)

## ဧရာဝတီတိုင်းဒေသကြီးရှိ စီးပွားရေး အုပ်ချုပ်စီမံမှုဆိုင်ရာ ဌာနများ၊ ရုံးအခြေစိုက်ရာ အလိုက်

မြေပုံဖတ်ရှုရန်နည်းလမ်း

အရောင်ဖြင့် ဖော်ပြထားသော ဧရိယာများမှာ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် နှင့် မြို့ အသီးသီးရှိ ဌာနများ၏ အုပ်ချုပ်ရေး အဆင့်များကို ဖော်ပြထားခြင်း ဖြစ်သည်။ စက်ဝိုင်းများမှာ အုပ်ချုပ်ရေးအဆင့် အသီးသီးရှိ ရုံးတည်ရှိရာ နေရာများကို ပြသပါသည်။




## တိုင်းဒေသကြီးမြို့တော်၊ ခရိုင်အားလုံး၊ မြို့နယ်နှင့် မြို့များ

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

ရဲတပ်ဖွဲ့ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန


၁ တိုင်းရုံး
၆ ခရိုင်ရုံး
၂၆ မြို့နယ်ရုံး
၁၉ မြို့ရုံး



## တိုင်းဒေသကြီးမြို့တော်၊ မြို့နယ် အားလုံး၊ အချို့ ခရိုင်/မြို့များ

စည်ပင်


၁ တိုင်းရုံး
၃၃ မြို့ရုံး



လမ်းဦးစီးဌာန

လယ်/မြေ စာရင်း


၁ တိုင်းရုံး
၆ ခရိုင်ရုံး
၂၆ မြို့နယ်ရုံး
၇ မြို့ရုံး



## ကုန်သွယ်ရေး


၁ တိုင်းရုံး
၁ ခရိုင်ရုံး
၂၆ မြို့နယ်ရုံး
၁ မြို့ရုံး

မြောင်းမြနှင့် လပွတ္တာ ခရိုင်နှစ်ခုလုံးသည် မြောင်းမြခရိုင်ရုံး လက်အောက်တွင် ရှိသည်။




## ပြည်တွင်းအခွန်


၁ တိုင်းရုံး
၂၆ မြို့နယ်ရုံး




တိုင်းဒေသကြီးမြို့တော်နှင့် အချို့ခရိုင်၊ မြို့နယ်များ


## စီမံကိန်း

၁ တိုင်းရုံး
၆ ခရိုင်ရုံး
၂၆ မြို့နယ်ရုံး




## ကျေးလက်လမ်း


၁ တိုင်းရုံး
၆ ခရိုင်ရုံး
၂၅ မြို့နယ်ရုံး



## မြန်မာ့စီးပွားရေးဘက်


၁ တိုင်းရှိုး
၅ ခရိုင်ရုံး
၂၂ မြို့နယ်ရုံး

လပွတ္တာနှင့် ဖျာပုံ
ခရိုင်နှစ်ခုလုံးသည်
ဖျာပုံခရိုင်ရုံး
လက်အောက်တွင်
ရှိသည်။





## အလုပ်သမား ညွှန်ကြားရေး

၁ တိုင်းရုံး
၆ မြို့နယ်ရုံး





## အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး

၁ တိုင်းရုံး
၆ ခရိုင်ရုံးများ




### အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး

၁ တိုင်းရုံး
၂ ခရိုင်ရုံး





### မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး

၁ တိုင်းရုံး
၂ ခရိုင်ရုံး
၁ မြို့နယ်ရုံး




### ကုန်းလမ်း ပို့ဆောင်ရေး


၁ တိုင်းရုံး
၄ ခရိုင်ရုံး




### ပတ်ဝန်းကျင် ထိန်းသိမ်းရေး


### စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး

၁ တိုင်းရုံး
၃ ခရိုင်ရုံး




## သတ္တုတွင်း

၁ တိုင်းရုံး
၁ ခရိုင်ရုံး




## TVET


၆ ကျောင်းတည်ရှိရာ ဒေသများ




တိုင်းဒေသကြီးမြို့တော်

## အကောက်ခွန်

၁ တိုင်းရုံး
၁ မြို့နယ်ရုံး




## အဆောက်အဦ | တံတား | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု | အသေးစား စက်မှုလုပ်ငန်း | ရသုံးမှန်းခြေ ငွေစာရင်း

၁ တိုင်းရုံး



## ၄.၂။ ဖြစ်ရပ်လေ့လာချက် – ပြည်နယ် / တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ရှိ ကော်မတီများ

**ပြည်ထောင်စုအဆင့် မှသည် ကျေးရွာအုပ်စု အဆင့်အထိ မြန်မာနိုင်ငံ၏ အုပ်ချုပ်မှု အဆင့်တိုင်းတွင် ကော်မတီများ ရှိနေသည်။**[၇၂] ဥပမာအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများသည် ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအဆင့်များတွင် ရှိပါသည်။ အဆင့်တိုင်းတွင် မတူညီသော လုပ်ငန်းဆောင်ရွက်မှုများ ရှိသည်။ ပြည်ထောင်စု ကော်မတီသည် မူဝါဒနှင့် လမ်းညွှန်ချက်များကို ချမှတ်ပြီး ပြည်နယ်/တိုင်းဒေသကြီး ကော်မတီသည် စုံစမ်းစစ်ဆေးမှုများ လိုအပ်ခြင်း ရှိမရှိ ဆုံးဖြတ်ချက် ချမှတ်သည်။ မြို့နယ် နှင့် ကျေးရွာအုပ်စု အဆင့် ကော်မတီများက စုံးစမ်းစိစစ်မှုများတွင် ပါဝင်

### ပုံ (၆)

### စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးအုပ်ချုပ်မှုအတွင်း ပါဝင်နေသည့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် ကော်မတီများစာရင်း

#### ကဏ္ဍစုံ ချိတ်ဆက်ရခြင်း

- အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ
- စီးပွားရေးလုပ်ငန်း တင်ဒါကော်မတီ (၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြန်မာကျပ် ၁၀ သန်း မှ ၁၀၀ သန်း)
- စီးပွားရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါ ကော်မတီ (၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် မြန်မာကျပ် ၁၀ သန်း မှ ၁၀၀ သန်း)

#### ကဏ္ဍအလိုက်

- ပုဂ္ဂလိက ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ စိစစ်ရေး ကော်မတီ
- ဗီဒီယိုလုပ်ငန်းများ စိစစ်ကြပ်မတ်ရေး ကော်မတီ
- ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ
- ပုံစံ (၈) ဝင် သစ်များရောင်းချပေးရေး ကြီးကြပ်မှု ကော်မတီ
- ရေနံလက်ယက်တွင်းဆိုင်ရာ အချက်အလက် ပြုစုရေး ကော်မတီ
- ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ
- ခန္တီးရတနာ နယ်မြေလုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့
- ရေနံစိမ်း သယ်ယူပို့ဆောင်မှု အပေါ် ရန်ပုံငွေကြီးကြပ် ကောက်ခံမှုကော်မတီ
- ဓါတ်သတ္တုအသေးစား နှင့် လက်လုပ်လက်စား စိစစ်ချထားပေးရေးအဖွဲ့
- သတ္တုလုပ်ငန်းများ စိစစ်ရေးကော်မတီ
- တိုင်းဒေသကြီး ကုန်တင်ကုန်ချ ကော်မတီ
- ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်

#### စီးပွားရေး ဝန်းကျင်ဆိုင်ရာ

- ယစ်မျိုးလုပ်ငန်း လေလံကြီးကြပ်ရေး အဖွဲ့
- လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ
- သဘာဝမြေ စီမံခန့်ခွဲမှု ထောက်ပံ့ရေးအဖွဲ့
- မြေလပ်၊ မြေလွတ်နှင့် မြေရိုင်း စီမံခန့်ခွဲရေး ကော်မတီ
- ဌာနဆိုင်ရာများ မြို့ကွက်မြေနေရာ ချထားရေး ကော်မတီ
- အစားအသောက်နှင့် ဆေးဝါး ထိန်းချုပ်ရေး ကော်မတီ
- ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီ
- သတင်းကွန်ရက် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအဖွဲ့
- ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီ
- မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့
- ကုန်လမ်း ဆက်သွယ်မှု ညွှန်ကြားရေး အဖွဲ့
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အဆောက်အဦ လုပ်ငန်းများနှင့် ဝယ်ယူရန် ရှိသော ပစ္စည်းများ အတွက် ကော်မတီ
- လမ်းမီးတိုင်များ စိုက်ထူးခြင်းနှင့် စည်ပင်သာယာရေး လုပ်ငန်းများကြီးကြပ်မှု ကော်မတီ
- စီမံကိန်းကော်မရှင်
- ဘတ်ဂျက် ကော်မရှင်
- One Stop Shop (OSS) ရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး ဆပ်ကော်မတီ
- လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ (EITI – The Extractive Industries Transparency Initiative)
- E-government အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ
- ချေးငွေ စီမံခန့်ခွဲရေး ကော်မတီ
- SME ချေးငွေ ကော်မတီ
- ဓာတုဗေဒပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ကြီးကြပ်ရေး အဖွဲ့
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှု ကော်မတီ
- စိမ်းလန်းမြေ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းများ ကြီးကြပ်မှု ကော်မတီ
- ရေကြီးရေလျှံမှု လျော့ပါးစေရေး ကော်မတီအဖွဲ့
- (သဘာဝဘေး) ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီ
- တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းမှု အဖွဲ့
- တရားမဝင် ကုန်စည်စီးဆင်းမှု ထိန်းချုပ်ရေး လုပ်ငန်းအဖွဲ့
- သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီ
- ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့

*ရင်းမြစ်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ*

သည်။[၇၇] အနိမ့်ဆုံး လစာသတ်မှတ်ရေး ကော်မတီကဲ့သို့ အခြားကော်မတီများမှာမူ တစ်နိုင်ငံလုံး အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်၌သာ ရှိပါသည်။[၇၈]

**အစိုးရအဆင့် အတော်များများတွင် ကော်မတီများ ဖွဲ့စည်းနိုင်ပါသည်။** အထက်တွင် ဖော်ပြခဲ့သည့် ကော်မတီနှစ်ခုကဲ့သို့ အချို့ ပြည်နယ်/တိုင်း အဆင့် ကော်မတီများမှာ ပြည်ထောင်စု အစိုးရ၏ တောင်းဆိုချက်အရ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ တောင်းဆိုချက်အရ ဖွဲ့စည်းထားသည့် ကော်မတီများလည်း ရှိပါသည်။ ဥပမာ- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ကုတင် (၅၀)ဆံ့ တိုင်းရင်းဆေး ဆေးရုံ ရှိပါသည်။ မြို့နယ်များပင်လျှင် မြို့နယ် ကော်မတီများကို ကိုယ်တိုင် ဖွဲ့စည်းနိုင်ပါသည်။ ဥပမာ- မွန်ပြည်နယ်ရှိ မြန်မာနိုင်ငံတွင် အထင်ရှားဆုံး ခရီးသွားနေရာ တစ်ခု ဖြစ်သည့် ကျိုက်ထီးရိုးစေတီတော် အနီးတစ်ဝိုက် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်သော မြို့နယ်အဆင့် ကျိုက်ထိုတောင်တန်း စိမ်းလန်းရေး ကော်မတီ

## ပုံ (၇)
## စီးပွားရေးဆိုင်ရာ တာဝန်ရှိသည့် မြို့နယ်အဆင့် ကော်မတီများ

### ကဏ္ဍစုံချိတ်ဆက်ခြင်း

- မြို့နယ် စီမံခန့်ခွဲမှုကော်မတီ
- မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့ (လွှတ်တော်ရန်ပုံငွေ)
- မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ
- မြို့နယ်စည်ပင်သာယာရေး ကော်မတီ
- မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ

### ကဏ္ဍအလိုက်

- မြို့နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှု ကော်မတီ
- မြို့နယ်ဗီဒီယို လုပ်ငန်း စိစစ်ကြပ်မတ်ရေး ကော်မတီ
- မြို့နယ်ရေနံ နှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီ
- ပြည်တွင်း တိရစ္ဆာန်များနှင့် ၎င်းထွက်ကုန်များ တင်သွင်း/တင်ပို့မှု တားဆီးရေး မြို့နယ်ကော်မတီ
- တရားမဝင်ယစ်မျိုးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့
- ယစ်မျိုးလုပ်ငန်း လေလံကြီးကြပ်ရေးအဖွဲ့
- တရားမဝင် ဓါတ်သတ္တု တူးဖော် ထုတ်လုပ်မှု မရှိစေရေး အတွက် မြို့နယ်တားဆီးရေး ကော်မတီ
- မြို့နယ် ဆောက်လုပ်ရေးလုပ်ငန်းများ စစ်ဆေးကြီးကြပ်ရေး ကော်မတီ

### ဒေသအလိုက်

- မြို့နယ်အဆင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)

### စီးပွားရေး ဝန်းကျင်

- မြို့နယ်အရပ်ရပ် အခွင့်အရေး လိုင်စင်များ ရောင်းချရေး ကြီးကြပ်မှုအဖွဲ့ (စည်ပင်သာယာရေး အဖွဲ့)
- မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည် စိစစ်ရေး ကော်မတီ
- သဘာဝနယ်မြေ စီမံအုပ်ချုပ်မှု အထေက်အကူပြု အဖွဲ့
- မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေး အဖွဲ့
- မြို့နယ် အဆောက်အဦနှင့် ခြံစည်းရိုးဖျက်သိမ်းနိုင်ရေး ဘုတ်အဖွဲ့
- အစားအသောက် နှင့် ဆေးဝါး ကွပ်ကဲရေး (FDA) ကော်မတီ
- လျှပ်စစ်မီးသုံးစွဲမှု၊ ရေအသုံးပြုမှုနှင့် ပတ်သတ်၍ ကြီးကြပ်ရေး ကော်မတီ
- မြို့နယ်ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး ကော်မတီ
- မြို့နယ် ရေအရင်းအမြစ် ကော်မတီ
- မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ
- မြို့နယ်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှု ဆပ်ကော်မတီ
- မြို့နယ်အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီ
- မြို့နယ်အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့
- မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ
- မြို့နယ်တည်ငြိမ်မှု ထိန်းသိမ်းရေးပူးပေါင်း အဖွဲ့
- မြို့နယ်အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီ
- မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ
- မြို့နယ် လုံခြုံရေးကော်မတီ

*အချို့သော ကော်မတီများသည် အသက်ဝင်ခြင်း မရှိတော့ပါ။*
*ဥပမာ- ပြည်ခိုင်ဖြိုး အစိုးရလက်ထက် တွင် မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဒီချုပ်အစိုးရ လက်ထက်တွင်မူ အသုံးပြုခြင်း မရှိတော့ပါ။ ထိုအစား အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီဖြင့်သာ ၎င်း၏ လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။*
*ရင်းမြစ်- ကျိုက်ထိုမြို့နယ် အစိုးရ အရာရှိများဖြင့် တွေ့ဆုံမေးမြန်းခြင်း*

(Kyaito Mountain Greenery Committee) ကို ဖွဲ့စည်းထားပါသည်။

**ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ကော်မတီ အရေအတွက်မှာ များပြားမှု ရှိနိုင်ပြီး စစ်ကိုင်းတိုင်း ဒေသကြီးတွင် ဆိုလျှင် ကော်မတီပေါင်း ၁၀၀ နီးပါး ရှိပါသည်။** ၎င်းတို့ထဲမှ ခန့်မှန်းခြေ ကော်မတီ ၄၄ ခု ခန့်သည် စီးပွားရေးကဏ္ဍများအနှံ့ တိုင်ပင်ဆွေးနွေးခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ပြဿနာရပ်များ ဖြေ ရှင်းခြင်း စသည်တို့ကဲ့သို့ စီးပွားရေးအုပ်ချုပ်စီမံဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင် ရပါသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် တင်ဒါကော်မတီများကဲ့သို့ ကော်မတီ အနည်းငယ်ကမူ စီးပွားရေးနှင့် အစိုးရဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ချိတ်ဆက် ရပါသည်။ အချို့ ကော်မတီများသည့် ကဏ္ဍတစ်ခုတည်း အတွက်သာ လုပ်ဆောင်ပါသည်။ သို့သော်လည်း ကော်မတီအများစုသည် စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရပြီး ၎င်းတို့၏ လုပ်ငန်းများသည် ဒေသန္တရ စီးပွားရေးဝန်းကျင်၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။

**မြို့နယ်များတွင်လည်း ကော်မတီ အရေအတွက် များပြားစွာ ရှိနိုင်ပြီး ကော်မတီ အများစုသည် အရေးကြီး စီးပွားရေး အုပ်ချုပ်စီမံမှု လုပ်ငန်းတာဝန်များကို ယူထားရသည်။** ပြည်နယ်နှင့် တိုင်းဒေသကြီးများအတိုင်း မြို့နယ် ကော်မတီများတွင်လည်း ပုံစံ အမျိုးမျိုး ကွဲပြားနိုင်ကာ ဒေသအခြေအနေ ပေါ်တွင်လည်း မူတည်နိုင်ပါသည်။ လေ့လာသုံးသပ်ရန် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ မြို့နယ်အဆင့် ကော်မတီများ စာရင်းကို ပုံ ၇ တွင် ဖော်ပြထားပါသည်။ ယခုသုတေသနတွင် စာရင်းသွင်း ဖော်ပြနိုင်ခြင်း မရှိသည့် မြို့နယ်ကော်မတီများလည်း ထပ်မံရှိနိုင်ပါသေးသည်။

# ၅

# ဒေသန္တရစီးပွားရေးအုပ်ချုပ်စီမံမှုနှင့် MBEI အညွှန်းကိန်းခွဲ ၁၀ ခု[၇၅]

**စီးပွားရေးကို အုပ်ချုပ်စီမံနေသည့် ဌာနအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ရှိသော်လည်း MBEI မူဘောင်ကို အသုံးပြု၍ စီးပွားရေး အုပ်ချုပ်စီမံမှုကို စိစစ်လေ့လာခြင်းဖြင့် မည်သူက မည်သည့်တာဝန်ကို လုပ်ဆောင်နေသည်ကို လေ့လာ သိရှိလာနိုင်သည်။** ယခုအပိုင်းတွင် အညွှန်းကိန်းခွဲ ၁၀ ခုတွင် ပါဝင်သည့် အညွှန်းကိန်းငယ်များစွာကို သုံးသပ်လေ့လာထားပြီး စီးပွားရေး အုပ်ချုပ်စီမံမှု မည်သည့်နယ်ပယ်တွင် မည်သည့် ဌာနများ၊ ကော်မတီများနှင့် အဖွဲ့အစည်းများက ပါဝင်ပတ်သတ် နေလျက် ရှိသည်ကို ဖော်ထုတ်ထားပါသည်။ အချို့အညွှန်းကိန်းငယ်များသည် အစိုးရ အုပ်ချုပ်မှုတစ်ခုလုံးနှင့် သက်ဆိုင်သောကြောင့် ယခုသုတေသနတွင် ထည့်သွင်းလေ့လာထားခြင်း မရှိပါ။ သီးခြားဖြစ်သော ဌာနအဖွဲ့အစည်း သို့မဟုတ် ဌာနအဖွဲ့အစည်းငယ်များနှင့် ဆက်စပ်သော အညွှန်းကိန်းငယ်များကိုသာ ထည့်သွင်းလေ့လာထားခြင်း ဖြစ်သည်။[၇၆] စီးပွားရေးလုပ်ငန်း သဘောထား အမြင်များသည် မည်သည့် ဒေသန္တရ၊ ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုအဆင့် အတွေ့အကြုံများတွင် အခြေခံနေသည်ဟု အတိအကျ ညွှန်းဆိုရန်မှာ မဖြစ်နိုင်ပါ။ သို့သော်လည်း အစိုးရအဆင့်များအလိုက် ပေါင်းစည်းထားမှုအရ အညွှန်းကိန်းခွဲများစွာသည် အစိုးရအဆင့် အားလုံးတို့ဖြင့် အကျုံးဝင်နိုင်ပါသည်။ ဆက်လက်၍ MBEI အညွှန်းကိန်းခွဲ ၁၀ ခုတို့ဖြင့် ထိတွေ့ချိတ်ဆက်မှုရှိသော စီးပွားရေး အုပ်ချုပ်မှု အဖွဲ့အစည်းများကို ဖော်ပြသွားပါမည်။



*အလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ မိမိတို့၏ အခန်းကဏ္ဍများကို ထုတ်ဖော်ဆွေးနွေးကြစဉ်*

## ၅.၁။ အညွှန်းကိန်းခွဲ (၁) – ကနဦး ကုန်ကျစရိတ်

**MBEI အညွှန်းကိန်းခွဲ အားလုံးတွင် အညွှန်းကိန်းခွဲ (၁) ကနဦး ကုန်ကျစရိတ်သည် ဒေသန္တရအဆင့်နှင့် သက်ဆိုင်မှု အရှိဆုံး ဖြစ်သည်။** အဘယ်ကြောင့် ဆိုသော် ၎င်းသည် ပြည်ထောင်စု ဝန်ကြီးဌာန တစ်ခုခု၏ အစိတ်အပိုင်း မဟုတ်သော စည်ပင်အဖွဲ့/ကောင်မတီများ ကိုင်တွယ်ရလေ့ရှိသည့် လုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ပြုလုပ်ခြင်း တို့တွင် အဓိကထားသောကြောင့် ဖြစ်သည်။ လိုင်စင်ပြုလုပ်ခြင်း လုပ်ငန်းတွင်မူ အချို့သော စာရွက်စာတမ်းများ လိုအပ်မှု ရှိနိုင်ပါသည်။ ထိုသို့ လိုအပ်မှုမှာ လိုင်စင် အမျိုးအစားအပေါ် မူတည်ပြီး မြို့နယ် (မြို့တိုင်းနီးပါး) တိုင်းတွင် ရုံးစိုက်သည့် မီးသတ်၊ ရဲတပ်ဖွဲ့၊ ထွေအုပ်နှင့် ကျန်းမာရေးဌာန တို့မှ ထောက်ခံစာများ လိုအပ်ခြင်း ဖြစ်နိုင်ပါသည်။

**ကနဦး ကုန်ကျစရိတ်များသည် ပြည်ထောင်စုအစိုးရနှင့် အရေးပါသော ဆက်စပ်မှု ရှိနေသည်။** စည်ပင်အဖွဲ့/ကော်မတီများထံတွင် လုပ်ငန်းမှတ်ပုံတင်ရန် သို့မဟုတ် လိုင်စင်ပြုလုပ် ရန်အတွက် ပြည်ထောင်စုမှ ထုတ်ပေးသည့် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း တို့ကို လိုအပ်ပါသည်။ ကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများသည် DICA တွင်သာ မှတ်ပုံတင် နိုင်ပါသည်၊ သို့သော်လည်း မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှတဆင့် သော်လည်းကောင်း ပြည်နယ်/တိုင်းဒေသကြီး DICA ရုံးများ မှတဆင့် သော်လည်းကောင်း ပြုလုပ်နိုင်ပါသည်။ ဇွန်လ ၂၀၁၉ အထိ စာရင်းများအရ ပြည်တွင်း နှင့် နိုင်ငံခြား ကုမ္ပဏီပေါင်း ၆၅၃၄၁ ခုသည် DICA တွင် မှတ်ပုံတင် ထားပါသည်။[၇၇] အဆိုပါ အရေအတွက်သည် စည်ပင်အဖွဲ့/ကော်မတီများတွင် မှတ်ပုံတင်ထားသည့် စီးပွားရေး လုပ်ငန်းအရေအတွက် ထက် နည်းပါးပါသည်။ ၂၀၁၇ တွင် လေ့လာမှု အရ ကုန်ထုတ်လုပ်ငန်း ၇၁၀၀၀ ကျော်သည် ဒေသအတွင်း မှတ်ပုံတင်ထားပြီး၊ အခြားသော အရင်းအမြစ်များကမူ ဒေသတွင်း လုပ်ငန်းမှတ်ပုံတင်ထားမှု သည် ၂၂၈၀၀၀ ခန့် ရှိကြောင်း တွေ့ရပါသည်။[၇၈] ယင်းစာရင်းများအရ MBEI မှ အဓိကထားသည့် လုပ်ငန်းအများစုသည် စည်ပင်သာယာရေး အဖွဲ့ သို့မဟုတ် စည်ပင်သာယာရေး ကော်မတီတွင် မှတ်ပုံတင်ထားသည်ကို တွေ့ရပါသည်။ ပြည်ထောင်စု၏ တာဝန်မှာ ပြည်ထောင်စု ဝန်ကြီးဌာနများမှ ကိုင်တွယ်သည့် ကဏ္ဍများ (၎င်းကဏ္ဍအတွက် လိုင်စင်များကို MBEI တွင် လေ့လာထားခြင်း မရှိပါ) အတွက် လိုင်စင်ထုတ်ပေးရာတွင် ပိုမို အဓိက ကျပါသည်။

| အညွှန်းကိန်းခွဲ | ဌာန | အာဏာသက်ရောက်သည့်<br>ဥပဒေ | ဒေသန္တရအဆင့်<br>လုပ်ဆောင်ရမှု | ပြည်ထောင်စုအဆင့်<br>လုပ်ဆောင်ရမှု |
|---|---|---|---|---|
| ထပ်မံ လိုအပ်သည့် စာရွက်စာတမ်း အရေအတွက် | ▪ YCDC<br>▪ MCDC<br>▪ NCDC<br>▪ DAO<br>▪ DICA<br>▪ MIC | ▪ မြန်မာကုမ္ပဏီများ ဥပဒေ<br>▪ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ<br>▪ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေ<br>▪ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတို့၏ စည်ပင်ဥပဒေများ | လုပ်ငန်း မှတ်ပုံတင်ခြင်းကို ဒေသန္တရ အာဏာပိုင်များမှ စီမံသည် (စည်ပင်အဖွဲ့၊ စည်ပင်ကော်မတီ) ။ မြို့နယ်အဆင့် ရုံးများမှ ခွင့်ပြုချက် မပေးနိုင်သည့် တိုင်အောင် လိုအပ်သော စာရွက်စာတမ်းများ ထုတ်ပေးခြင်းနှင့် လျှောက်လွှာများ လက်ခံခြင်းကို လုပ်ဆောင်သည်။ | စာရွက်စာတမ်း ထုတ်ပေးသည့် မြို့နယ်အဆင့် ရုံးတိုင်းသည် ပြည်ထောင်စု ဝန်ကြီးဌာန များနှင့် ချိတ်ဆက်နေသည်။ ပြည်ထောင်စု ဥပဒေများအရ အချို့သော ကဏ္ဍများတွင် စာရွက်စာတမ်းများ ထပ်မံ၍ လိုအပ်နိုင်ပါသည်။ |
| စာရွက်စာတမ်း ရရှိရန် စောင့်ရသည့် ရက်အရေအတွက် (CDC) | ▪ YCDC<br>▪ MCDC<br>▪ NCDC | ▪ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ<br>▪ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေ | စည်ပင်ကော်မတီများသည် ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်ကြပြီး လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို အပြည့်အဝ ထိန်းချုပ်ထားသည်။ | ပြည်ထောင်စုမှ မှတ်ပုံတင် လိုအပ်၊ တခါတရံ ပြည်ထောင်စုဌာန၏ မြို့နယ်ဌာနခွဲများမှ ထောက်ခံစာ၊ စည်ပင်ကော်မတီ ဥက္ကဌကို ပြည်/တိုင်း ဝန်ကြီးမှ ခန့်အပ်၊ ၎င်းကို သမ္မတမှ ခန့်အပ်။ |
| စာရွက်စာတမ်း ရရှိရန် စောင့်ရသည့် ရက်အရေအတွက် (DAO) | ▪ DAO | ▪ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတို့၏ စည်ပင်ဥပဒေများ | စည်ပင် (ပြည်/တိုင်း) မှ စီမံသည်၊ ပြည်/တိုင်း (သို့) မြို့နယ် အဆင့်တွင် ဥပဒေနှင့် မူဘောင် ဆွဲသည်။ | ပြည်ထောင်စုမှ မှတ်ပုံတင်ကတ်နှင့် အိမ်ထောင်စုစာရင်း လိုအပ်။[၇၉] အချို့သော လိုင်စင်များအတွက် ပြည်ထောင်စု ဌာန၏ မြို့နယ်ဌာနခွဲများမှ ထောက်ခံစာ လိုအပ်။ |
| စာရွက်စာတမ်း ရရှိရန် စောင့်ရသည့် ရက်အရေအတွက် (DICA) | ▪ MIC<br>▪ DICA | ▪ မြန်မာကုမ္ပဏီများ ဥပဒေ (၂၀၁၇) | ပြည်/တိုင်း များတွင် DICA ရုံးခွဲရှိပြီး ကုမ္ပဏီများ မှတ်ပုံတင်နိုင်သည် | ကုမ္ပဏီ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများမှာ ပြည်ထောင်စုအဆင့် ဖြစ်သည်။ |
| စာရွက်စာတမ်း ရယူရာတွင် အခက်အခဲရှိမှု | ▪ မီးသတ်<br>▪ ရဲတပ်ဖွဲ့<br>▪ ထွေအုပ်<br>▪ ကျန်းမာရေး<br>▪ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေး<br>▪ အိမ်နီးချင်းများ (အစိုးရ အဖွဲ့ အစည်းမဟုတ်) | | ဌာနအများစုသည် မြို့နယ်တွင်း တည်ရှိသည်။ အချို့ စာရွက်စာတမ်း လိုအပ်မှု (စည်ပင်ကဲ့သို့) ကို ဒေသအဆင့်မှ သတ်မှတ်သည်၊ ကျေးရွာအုပ်ချုပ်ရေးမှုသည် ရွေးကောက်ခံ ဖြစ်သည်။ | ဌာနအများစု ဝန်ထမ်းများကို ပြည်ထောင်စု ရာထူးဝန် အဖွဲ့မှ ခန့်အပ်ပြီး ပြည်ထောင်စု ဝန်ကြီးဌာနဖြင့် သက်ဆိုင်သည်။ အချို့ စာရွက်စာတမ်း လိုအပ်ချက်များ (အထူးသဖြင့် ကဏ္ဍအလိုက် လိုင်စင်များ) ကို ပြည်ထောင်စုမှ ထုတ်ပေးသည်။ |

## ၅.၂။ အညွှန်းကိန်းခွဲ ( ၂) – မြေယာ အသုံးချနိုင်မှုနှင့် လုံခြုံမှု

**မြေယာဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုမှသာ လွှမ်းမိုးချုပ်ကိုင်ထားပြီး ဒေသန္တရ အုပ်ချုပ်စီမံမှုမှ ပါဝင်နိုင်သည့် နယ်ပယ် အကန့်အသတ်ဖြင့်သာ ရှိပါသည်။** မြေယာ ကိစ္စရပ်များတွင် ပြည်ထောင်စုမှသာ ဗဟိုချုပ်ကိုင်သည့် သက်သေအဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို တွေ့နိုင်ပြီး "နိုင်ငံတော်သည် မြေယာအားလုံး၏ ပိုင်ရှင်ဖြစ်သည်" ဟု သတ်မှတ်ထားပါသည်။[၈၀] မြို့တော်စည်ပင်သာယာရေး ကော်မတီများသည် မြို့ပြဧရိယာများအတွင်း မြေယာလွှဲပြောင်းခြင်းတွင် လုပ်ပိုင်ခွင့်အာဏာ ရှိသော်လည်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် ပြင်ပရှိ စည်ပင်သာယာရေး အဖွဲ့များ တွင်မူ ထိုကဲ့သို့ အခွင့်အာဏာမျိုး မရှိပါ။ ယင်းနေရာတွင် စည်ပင်သာယာအဖွဲ့များ အစား လယ်/မြေ စာရင်းဦးစီးဌာန (DALMS) က တာဝန်ယူပါသည်။ မြေယာ ကိစ္စရပ်များတွင် ကော်မတီများစွာ ပါဝင်ပတ်သတ်မှု ရှိနေပြီး ယင်းကော်မတီများသည်လည်း အစိုးရ အဆင့်များစွာတွင် ရှိနေကြောင်း မှတ်သားထားရန် လိုမည်ဖြစ်သည်။ ဒေသပြည်သူများ ပါဝင်လွှမ်းမိုး နိုင်ရန်အတွက် ကောင်းမွန်သော အချက်ဖြစ်သည့် အစိုးရ မဟုတ်သော အဖွဲ့ဝင်များသည်လည်း ကော်မတီများတွင် ပါဝင်နိုင်ခြင်း ဖြစ်သည်။ သို့နှင့်တိုင်အောင် ဒေသန္တရ ကော်မတီများတွင် အကန့်အသတ်ဖြင့်သာ လုပ်ပိုင်ခွင့် ရှိပါသည်။

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာ သက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| မြေယာ မှတ်ပုံတင် ရှိသည့် ပမာဏ | ■ DALMS<br>■ YCDC<br>■ MCDC<br>■ NCDC | ကဏ္ဍအလိုက် ကော်မတီများ<br>■ တရားမဝင် ဓာတ်သတ္တု တူးဖော်ရေး စီမံခန့်ခွဲမှု ကော်မတီ<br>■ မြေယာ စီမံခန့်ခွဲမှု ကော်မတီ<br>■ မြေယာ တန်ဖိုးဖြတ် ကော်မတီ<br>■ မြေလွတ်၊ မြေလပ် မြေရိုင်း စီမံခန့်ခွဲမှု ကော်မတီ | | စည်ပင်ကော်မတီများက မြေယာ မှတ်ပုံတင် ပေးပိုင်ခွင့် ရှိသည်၊ စည်ပင်ကော်မတီ မရှိသည့် မြို့နယ်များ၌ လယ်/မြေ စာရင်းအင်း ဌာနရုံးများက မြေယာ မှတ်ပုံတင် ပေးသည်။ | ဝယ်ယူလွှဲပြောင်းမှု အများစုကို မှတ်ပုံတင် ပေးသည့် လယ်/မြေ စာရင်းအင်း ဌာနသည် ပြည်ထောင်စု ဝန်ကြီးဌာန၏ အောက်တွင် ရှိသည်။ ဝယ်ယူလွှဲပြောင်းမှု နည်းဥပဒေ အများစုကို ပြည်ထောင်စုမှ ရေးဆွဲသည်။ |
| အဆောက်အအုံ ချဲ့ထွင်ခြင်း (သို့) မြေ ရယူရာတွင် အခက်အခဲ မရှိခြင်း | ■ DALMS<br>■ YCDC<br>■ MCDC<br>■ NCDC | ■ (အဆင့် များစွာရှိ) မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီများ။<br>■ လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီများ<br>■ မြေယာ စီမံခန့်ခွဲမှု ကော်မတီများ | ■ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈)။ လယ်ယာမြေ ဥပဒေ (၂၀၁၂) အမျိုးသား မြေအသုံးချမှု မူဝါဒ | စည်ပင်ကော်မတီ များသည် ၎င်းတို့၏ နယ်နမိတ်တွင်းရှိ မြေများကို သိမ်းယူနိုင်သည့် အခန်းကဏ္ဍ ရှိသည်၊ စည်ပင်ကော်မတီ မရှိသည့် မြို့နယ်များ၌ လယ်/မြေ စာရင်းအင်းဌာန ရုံးများက မြေသိမ်းယူမှု စာရွက်စာတမ်း ပေးနိုင်သည် | လယ်/မြေ စာရင်းအင်း ဌာနသည် ပြည်ထောင်စု အစိုးရ၏ အစိတ် အပိုင်း ဖြစ်သည်။ ဥပဒေနှင့် နည်းဥပဒေ မူဘောင်ကို ပြည်ထောင်စုမှ ရေးဆွဲသည်။ |
| မြေယာ လျော်ကြေး သင့်တင့်စွာ ပေးခြင်း | | ■ လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့များ။<br>■ လယ်ယာမြေ နှင့် အခြားမြေများ သိမ်းဆည်း ခံရမှုများ ပြန်လည် စိစစ်ရေး ကော်မတီများ | ■ သမ္မတ အမိန့် ကြော်ငြာစာ အမှတ် ၁၄/၂၀၁၆၊<br>■ လယ်ယာမြေ နည်းဥပဒေများ၊<br>■ မြေသိမ်း အက်ဥပဒေ | လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့များ နှင့် မြေသိမ်းမှု ပြန်လည် စိစစ်ရေး ကော်မတီများသည် ပြည်နယ်/တိုင်း၊ ခရိုင်နှင့် မြို့နယ် အဆင့်များတွင် ရှိသည်။ အချို့ ဒေသ ကော်မတီများတွင် အစိုးရ ဌာနမှ မဟုတ်သည့် အဖွဲ့ဝင်များ ပါဝင်သည် | လျော်ကြေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့် နည်းဥပဒေ အားလုံးကို ပြည်ထောင်စုမှ သတ်မှတ်ပါသည်။ ကော်မတီ အားလုံးသည်လည်း ပြည်ထောင်စု အဆင့် ကော်မတီ များ၏ အစိတ်အပိုင်းများသာ ဖြစ်သည်။ |
| ငှားရမ်းရာတွင် စွန့်စားရမှု နည်းပါးခြင်းမှ အလွန် နည်းပါးခြင်း | ■ ထွေအုပ် | | ■ မှတ်ပုံတင်ခြင်း အက်ဥပဒေ ၁၉၀၉ | | ပြည်ထောင်စုအဆင့် ဥပဒေများဖြင့် အုပ်ချုပ်သည်။ ထွေအုပ်မှ စီမံ ခန့်ခွဲသည်။ |

## ၅.၃။ အညွှန်းကိန်းခွဲ (၃) – မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်းစည်းကမ်းများ

**ယခု အညွှန်းကိန်းခွဲသည် အညွှန်းကိန်းငယ် များစွာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်လျက်ရှိပြီး၊ အခြားသော ကျန်ရှိ အညွှန်းကိန်းငယ်များမှာမူ ဒေသန္တရနှင့် ပြည်ထောင်စုအဆင့်တို့၏ တွဲဖက်ချုပ်ကိုင်မှုအတွင်း ရှိနေပါသည်။** အညွှန်းကိန်းခွဲ (၃) အတွင်းရှိ အညွှန်းကိန်းငယ်များမှာ ဌာနနှင့် အစိုးရအဆင့် အားလုံးနီးပါးဖြင့် ဆက်စပ်လျက် ရှိပါသည်။ ဥပမာ- စာရွက်စာတမ်း လုပ် ဆောင်ရ လွယ်ကူမှုမှာ စီးပွားလုပ်ငန်းများနှင့် ဆက်သွယ် ရသည့် အစိုးရဌာနတိုင်းဖြင့် သက်ဆိုင်ပါသည်။ စည်ပင်သာယာရေး အဖွဲ့များနှင့် ဌာနများစွာ အပါအဝင် ဌာနဆိုင်ရာ အားလုံးနီးပါး တိုင်းသည် ဝန်ဆောင်မှုတစ်ခု သို့မဟုတ် များစွာအတွက် ငွေကြေးကောက်ခံပါသည်။ အစိုးရ အရာရှိများ၏ ထိရောက်မှုကို စီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်ရသည့် အစိုးရအဆင့်အားလုံးနှင့် ဌာနအားလုံးအတွက် ကျင့်သုံးနိုင်ပါသည်။ တံဆိပ်ခေါင်းဆိုင်ရာ ကောက်ခံမှုကို ပြည်တွင်းအခွန်ဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ ဦးစီးပြီး လက်မှတ်ရေးထိုးခြင်းဆိုင်ရာ ကိစ္စရပ်များမှာမူ ဌာနဆိုင်ရာ အမျိုးမျိုး ပါဝင်နိုင်ပါသည်။

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| အေဂျင်စီ အားလုံး၏ စစ်ဆေးမှု အရေအတွက် အလယ်ကိန်း | ▪ စည်ပင်<br>▪ FDA<br>▪ ထွေအုပ်<br>▪ ကျန်းမာရေး<br>▪ DISI<br>▪ FGLLID | ▪ တရားမဝင် သတ္တု တူးဖော်မှု စီမံခန့်ခွဲရေး အဖွဲ့<br>▪ မြို့နယ် စီမံခန့်ခွဲရေး ကော်မတီ<br>▪ မြို့နယ် စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေး ကော်မတီ<br>▪ မြို့နယ် တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေး ကော်မတီ<br>▪ ပြည်နယ်/တိုင်း အစိုးရ အဖွဲ့ | ▪ ပြည်နယ်/တိုင်း စည်ပင် ဥပဒေများ<br>▪ အလုပ်ရုံများ အက်ဥပဒေ (၁၉၅၁)၊<br>▪ အမိန့်ကြော်ငြာစာအမှတ် ၄၀၀/၂-၇/U4၊<br>▪ အမိန့်ကြော်ငြာစာ အမှတ် ၃/၁၇-၁ U3 (၂၀၁၆)၊<br>▪ အမိန့် ကြော်ငြာစာအမှတ် ၅/၃-၅/ U6 (၃၄၄၅)၊<br>▪ အမိန့်ကြော်ငြာစာ အမှတ် ၃/၂၃-၁/U5 (၂၁၇၁) | ခရိုင်အဆင့် (သို့) မြို့နယ်အဆင့် အရာရှိများကသာ ဆောင်ရွက်သည် (တခါတရံ ပြည်နယ်/တိုင်း အရာရှိများ ပါဝင်တတ်သည်)၊ ဒေသစည်ပင်အဖွဲ့သည် ဆောက်လုပ်ရေး လုပ်ငန်းနှင့် သားသတ်ရုံကဲ့သို့ နေရာများကို စစ်ဆေးရန် အာဏာအပြည့်အဝ ရှိသည်၊ လုပ်ငန်းပိတ်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ်ရာတွင်မူ ပြည်နယ်/တိုင်း အစိုးရအဖွဲ့မှ ပါဝင်တတ်သည်။[၈၁] | စစ်ဆေးမှု အများစုကို ပြည်ထောင်စု ဌာနများက လုပ်ဆောင်သည်၊ အချို့ဌာနများ (FGLLID၊ DISI) သည် ပြည်ထောင်စုမှ[၈၂] သတ်မှတ်ပေးထားသည် စစ်ဆေးခွင့် အာဏာများ ရှိပါသည်၊ စစ်ဆေးရေး လုပ်ငန်းလမ်းညွှန်ချက်များကိုလည်း ပြည်ထောင်စုမှသာ ချမှတ်သည် |
| ကုမ္ပဏီများသည် လက်မှတ်နှင့် တံဆိပ်ခေါင်း ရရှိရန် ခရီးများစွာ သွားစရာမလို (သဘောတူညီမှု %) | ▪ ပြည်တွင်းအခွန်<br>▪ မြန်မာ့ စီးပွားရေးဘဏ်<br>▪ ထွေအုပ် | | ▪ တံဆိပ်ခေါင်း အက်ဥပဒေ ၁၈၉၉ | ပြည်တွင်းအခွန်နှင့် မြန်မာ့ စီးပွားရေးဘဏ် နှစ်ခုလုံးသည် မြို့နယ်များစွာတွင် တည်ရှိပါသည်။ သို့သော်လည်း မြန်မာ့ စီးပွားရေးဘဏ် မရှိသည့် မြို့နယ် အချို့အနေဖြင့် တံဆိပ်ခေါင်းခွန် ဆောင်ရန် ပိုမို၍ ဝေးလံစွာ သွားရမည် ဖြစ်သည်။ ထိုကဲ့သို့ပင် လက်မှတ် လိုအပ်ချက် အများစု အတွက် ထွေအုပ်ရုံးကို သွားရပါသည်။ ထွေအုပ်ရုံးများမှာမူ မြို့နယ်တိုင်းနီးပါးတွင် ရှိပါသည်။ | ဌာန အားလုံးသည် ပြည်ထောင်စု ဝန်ကြီးဌာနများဖြင့် ချိတ်ဆက်နေသည်။ တံဆိပ်ခေါင်းခွန်ကို ပြည်ထောင်စုအဆင့်မှ အုပ်ချုပ်ပါသည်။ |

## ၅.၄။ အညွှန်းကိန်းခွဲ (၄) – တရားမဝင် ပေးဆောင်ရမှု

**တရားမဝင် ပေးချေရမှုများနှင့် အဂတိလိုက်စားမှုတို့မှာ အစိုးရအဆင့်တိုင်းနှင့် သက်ဆိုင်သော ကိစ္စရပ်ဖြစ်ပြီး ဒေသန္တရ သို့မဟုတ် ပြည်ထောင်စု အရာရှိများတွင် ပိုမို အဖြစ်များသည်ဟု ခိုင်မာသော အထောက်အထားများ တွေ့ရှိရခြင်း မရှိပါ။** အဂတိလိုက်စားရန် ဆွဲဆောင်ခံရသည့် နေရာမှာ သဘာဝအားဖြင့် ဆုံးဖြတ်ပိုင်ခွင့် ပိုမိုကြီးမားသည့် ရာထူးကြီး အစိုးရ အရာရှိများသာ ဖြစ်သဖြင့် MBEI ၏ တိုင်းတာမှုများကိုလည်း အကြီးတန်း အရာရှိအဆင့်တွင်သာ အသားပေးထား ပါသည်။ ပြည်ထောင်စု ဥပဒေအားဖြင့် ဖွဲ့စည်းထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့ သည် ပြည်နယ်/တိုင်းဒေသကြီး တွင်

ရုံးစိုက်ခြင်း မရှိပဲ နေပြည်တော်တွင်သာ အဓိက အခြေစိုက်ပါသည်။ ထို့နည်းတူ ဌာနတွင်း အဂတိလိုက်စားမှု ကာကွယ်ရေး အဖွဲ့များဖွဲ့ရန် သမ္မတမှ ဝန်ကြီးဌာနများကို ညွှန်ကြားခဲ့ပြီး ၂၀၁၉ ခုနှစ် နှစ်လည်ပိုင်းအထိ ဖွဲ့စည်းနေဆဲ အဆင့်သာ ရှိကာ ပြည်နယ်/တိုင်းဒေသကြီးတို့တွင် အခြေစိုက်မည့် အရိပ်အခြေတွေ့ရှိရခြင်း မရှိသေးပါ။[၉၃]

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| "အကယ်၍ ပြည်/တိုင်း အရာရှိ တစ်ဦးသည် ဥပဒေ ချိုးဖောက်ပါက ကျွန်ုပ်သည် ထိုသူထက် ရာထူး အဆင့်မြင့်သူ တစ်ဦးထံ တိုင်ကြား၍ ဖြေရှင်းမှု ရနိုင်သည်" ဟူသော အချက်ပေါ် သဘောတူခြင်း | ■ ဝန်ကြီးဌာန ၁၃ ခုရှိ အဂတိ လိုက်စားမှု တားဆီး ကာကွယ်ရေး အဖွဲ့များ၊<br>■ တရားရုံးများ | ■ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် (ACC) | ■ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ဥပဒေ နှင့် နည်းဥပဒေ | ACC အဖွဲ့ဝင် များသည် တခါတရံ ပြည်/တိုင်း သို့ သွားရောက် စစ်ဆေးသည်၊<br>ဒေသန္တရ တရားရုံးများ သည် ပြည်/တိုင်း တရားရုံးများ၏ ထိန်းချုပ်မှု အောက်တွင် ရှိသည် | ACC သည် ပြည်ထောင်စု ဥပဒေဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု အဆင့် အဖွဲ့အစည်း တစ်ခု ဖြစ်သည်၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့များသည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ရုံးများတွင် တည်ရှိသည်၊<br>တရားရုံး စနစ်ကို ပြည်ထောင်စု ခန့်အပ်ခံများက ကြီးကြပ်ခြင်း ဖြစ်သည် |

## ၅.၅။ အညွှန်းကိန်းခွဲ (၅) – အခြေခံ အဆောက်အအုံ

**ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး နှစ်ခုလုံးသည် လမ်းတည်ဆောက်ခြင်းဆိုင်ရာ တာဝန်များယူရပြီး စည်ပင်အဖွဲ့များနှင့် စည်ပင်ကော်မတီများသည်လည်း မြို့ပြလမ်းတည်ဆောက်ခြင်းတွင် တာဝန်ရှိသည်။** ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး တို့အကြား တာဝန်ခွဲဝေမှုသည် သဘောတရား သတ်မှတ်ချက်အရ လမ်းအမျိုးအစား အပေါ်တွင် မူတည်ပါသည်။ သို့သော်လည်း လက်တွေ့တွင် အစိုးရ နှစ်ဆင့်လုံးနှင့် လွှတ်တော် ကိုယ်စားလှယ်များသည် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် အရေးကြီး အခန်းကဏ္ဍမှ ပါဝင် နေပါသည်။ "ပြည်ထောင်စု လမ်းမကြီးများ" သို့မဟုတ် "အခြား လမ်းမကြီးများ" ဟု အဆင့် သတ်မှတ်ထားသော အဝေးပြေးလမ်းမကြီး များသည် ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး နှစ်ခုလုံးစီမှ ရံပုံငွေ ရရှိသော လမ်းဦးစီးဌာန၏ တာဝန်ဖြစ်ပါသည်။ ကျေးလက်လမ်းများကို Class A၊ B နှင့် C ဟူ၍ အဆင့် သတ်မှတ် ထားပါသည်။ ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန၏ ပြောဆိုချက်အရ Class A လမ်းများ ဆောက်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် ပြည်နယ်/တိုင်း မှ ရံပုံငွေ ကျခံပါသည်။ Class B နှင့် C လမ်းများမှ ပိုမို သေးငယ်သော်လည်း ပြည်ထောင်စုအဆင့်မှ ရန်ပုံငွေ ကျခံခြင်း ဖြစ်သည်။[၉၄] သို့သော်လည်း သဘောတရား သတ်မှတ်ချက်များကို အမြဲတမ်း လက်တွေ့ ကျင့်သုံးခြင်း မရှိပါ။ Class B နှင့် C လမ်းများကို ပြည်ထောင်စုမှ ရံပုံငွေ ပံ့ပိုးပေးသည် ဆိုသော်လည်း ပြည်နယ်/တိုင်း အစိုးရမှ ပါဝင်ပတ်သတ်နေရမှုများ ရှိနေသည်။ ထို့နည်းတူ Class A လမ်းများကို ပုံမှန်အားဖြင့် ပြည်နယ်/တိုင်း အစိုးရမှ ပံ့ပိုးပေးရမည် ဆိုသော်လည်း တခါတရံ ပြည်ထောင်စု အစိုးရမှ ရန်ပုံငွေ ပံ့ပိုးပေးရသည်လည်း ရှိနေပါသည်။ လမ်းတည်ဆောက်ရန် သို့မဟုတ် ပြုပြင်ရန် အတွက် ဦးစားပေးသတ်မှတ်မှု ကို ဒေသန္တရ ခေါင်းဆောင်များက ဖော်ထုတ်၍ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များက TPIC များနှင့် ပူးပေါင်း၍ ဖော်ထုတ်ခြင်း လုပ်ဆောင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ် များမှလည်း အရေးကြီးသည်ဟု ၎င်းတို့ ယူဆသော လမ်းများကို စာရင်းပြုစု၍ ရံပုံငွေ ဦးစားပေး ရရှိရန် တွန်းအားပေး နိုင်ပါသည်။ ၎င်းအဆိုပြုလွှာများသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ သို့မဟုတ် ပြည်ထောင်စု ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ ရောက်ရှိပြီး ထို့မှတဆင့် ဘတ်ဂျက်အဆိုပြုလွှာ အဖြစ် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းခြင်း ခံရပါသည်။[၉၅] သို့သော်လည်း လမ်းအတွက် ရံပုံငွေ အကုန်အကျခံသည် အစိုးရအဆင့်သည် မည်သည့် လမ်းကို ပြုပြင်မည် သို့မဟုတ် တည်ဆောက်မည် ဆိုသော ဆုံးဖြတ်ချက် ချပိုင်ခွင့်အာဏာကို အမြဲတမ်း အပြည့်အစုံ ရရှိခြင်း မရှိပါ။

**မြို့ပြလမ်းများသည် အခြားသော အခြေခံ အဆောက်အအုံ အမျိုးအစားများထက် "ဒေသန္တရ" ဖြင့် ပိုမို စပ်ဆိုင်ပါသည်။** မြို့ပြလမ်းများလည်း MBEI အတွက် စီးပွားရေးလုပ်ငန်းများကို မေးမြန်းသည့် နေရာများနှင့် အနီးဆုံး ဖြစ်သလို စည်ပင်အဖွဲ့/စည်ပင်ကော်မတီများမှ တာဝန်ယူရသည် လမ်းများလည်း ဖြစ်သည်။ ၎င်းအဖွဲ့အစည်းများသည် မြို့ပြလမ်းများဆိုင်ရာ စီမံကိန်း ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကုန်အကျခံခြင်းတို့အတွက် တာဝန်ယူရပါသည်။ ယင်းသို့ ကုန်ကျခံနိုင်ရန် အတွက်လည်း စီးပွားရေး လုပ်ငန်းများ အပါအဝင် လူထုထံမှ

ကောက်ခံငွေတို့အပေါ် မှီခိုနေခြင်းဖြစ်သည်။ လမ်း အရည်အသွေးနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများ၏ ဖြေကြားချက်သည် ၎င်းတို့ဒေသ၏ မြို့ပြ လမ်းကွန်ရက် အခြေအနေကို ဖော်ပြနေပြီး MBEI ကိန်းဂဏန်းများသည်လည်း ဒေသန္တရ ဆုံးဖြတ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖော်ပြနိုင်မည် ဖြစ်သည်။

**အခြေခံ အဆောက်အအုံ အမျိုးအစား အချို့တွင် အစိုးရအဆင့် အားလုံး ပူးပေါင်းလုပ်ဆောင်မှု မြင့်မားစွာ တွေ့ရပါသည်။** ရှေ့တွင် ဖော်ပြခဲ့သည့် လျှပ်စစ်ကဏ္ဍဖြစ်ရပ်တွင် ပူးပေါင်းလုပ်ဆောင်မှု မြင့်မားသည့် ဥပမာကို တွေ့ရမည် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းတစ်ခုက တပ်ဆင်ပေးရန် တောင်းဆိုသည့် ဗို့အားအလိုက် ဒေသန္တရရုံးများနှင့် ပြည်ထောင်စု ဝန်ကြီးဌာနများ အကြား လုပ်ပိုင်ခွင့်အာဏာ ခွဲဝေထားခြင်း ဖြစ်သည်။ သို့သော်လည်း ယင်းသို့ ခွဲဝေထားမှုမှာ ပြည်နယ်/တိုင်းဒေသကြီး တို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့် မဟုတ်ပါ။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်ထောင်စု ဓါတ်အားလိုင်းနှင့် ချိတ်ဆက်သည့် လျှပ်စစ် ဖြန့်ချိမှုနှင့် ထုတ်ဝေမှု အားလုံးကို ပြည်ထောင်စုမှသာ အပြည့်အဝ ထိန်းချုပ်ရန် သတ်မှတ်ထားခြင်း ဖြစ်သည်။ ထိုသတ်မှတ်ချက် အစား ဗို့အားအလိုက် လုပ်ပိုင်ခွင့် ခွဲဝေသည့် ပုံစံဖြင့် ဒေသန္တရုံးများသို့ အာဏာ အကန့်အသတ်ဖြင့် ခွဲဝေပေးထားခြင်း ဖြစ်သည်။

**အခြားသော စီးပွားရေး အုပ်ချုပ်စီမံမှုဆိုင်ရာ နယ်ပယ်များထက် အခြေခံ အဆောက်အအုံ နယ်ပယ်သည် ပုဂ္ဂလိက ကဏ္ဍအပေါ်တွင် ကြီးမားစွာ မှီခိုနေရသည်။** MBEI တွင် လျှပ်စစ်၊ လမ်းနှင့် တယ်လီဆက်သွယ်ရေး တို့ အပါအဝင် အခြေခံ အဆောက်အအုံ အမျိုးအစားများစွာကို ထည့်သွင်းထားပြီး ၎င်းတို့အားလုံးသည် ပုဂ္ဂလိက ကဏ္ဍဖြင့် အနည်းအများ ဆိုသလို ဆက်စပ်နေလျက် ရှိပါသည်။ လျှပ်စစ်ကဏ္ဍကိုမှ အစိုးရမှ ကြီးမားစွာ ထိန်းချုပ်ထားသော်လည်း (အထူးသဖြင့် လျှပ်စစ်ဓါတ်အား ဖြန့်ချီရေး) ပုဂ္ဂလိက ကုမ္ပဏီများသည် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးပိုင်းတွင် ပါဝင်လျက် ရှိသည်။ အဆိုပါ ပုဂ္ဂလိက လုပ်ငန်းများသည် လျှပ်စစ် ဓါတ်အားပေးစက်ရုံများ တည်ဆောက်၍ မြန်မာအစိုးရ၏ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး လုပ်ငန်းဖြင့် ရောင်းဝယ်ရေး စာချုပ်ချုပ်ကာ ရောင်းချပါသည်။ လက်ရှိ မြန်မာတွင် လျှပ်စစ်ဓါတ်အား ရောင်းဝယ်ရေး သဘောတူညီမှု စာချုပ် - Power Purchase Agreement (PPA) အနည်းဆုံး ၁၀ ခု ခန့် ရှိနေပါသည်။[၈၆] စာချုပ်တွင် ထည့်သွင်းထားသည့် အချက်များအဖြစ် ရောင်းချမည့် လျှပ်စစ်ဓါတ်အား ပမာဏနှင့် ဈေးနှုန်း တို့ ပါဝင်နိုင်ပြီး စာချုပ်သတ်မှတ်ချက်မှာ ပုဂ္ဂလိက လုပ်ငန်းအပေါ်သာ မူတည်ပါသည်။ လမ်း တည်ဆောက်ရေးတွင်လည်း ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ပတ်သတ်မှု ရှိနေပါသည်။ အဝေးပြေးလမ်းများနှင့် တံတားများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်-လည်ပတ်-လွှဲပြောင်း (BOT) စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများ ပါဝင်လျက် ရှိပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ယင်းစနစ်ကို စီမံခန့်ခွဲပါသည်။ လမ်းအသုံးပြုခ ကောက်ခံခြင်း နှင့် လမ်းပြုပြင်ခြင်း များတို့ကို BOT သဘောတူ စာချုပ်ဖြင့် အစိုးရဘက်မှ သတ်မှတ်ပြီး ပုဂ္ဂလိက ကဏ္ဍမှ အကောင်အထည်ဖော်ပါသည်။

**တယ်လီ ဆက်သွယ်ရေး ကဏ္ဍတွင်မူ ပုဂ္ဂလိက ကုမ္ပဏီများကသာ အဓိက ဝန်ဆောင်မှု ပေးနေခြင်း ဖြစ်သည်။** လက်ရှိမြန်မာတွင် ဆက်သွယ်ရေး အော်ပရေတာ ၄ ခု ရှိပါသည်။ ယင်းတို့အနက် ၂ ခုမှာ (Telenor နှင့် Ooredoo) နိုင်ငံခြားသားပိုင်ဖြစ်ပြီး နိုင်ငံလုံးအဆင့် တင်ဒါခေါ်ယူခြင်းမှ အော်ပရေတာ လိုင်စင် ရရှိထားခြင်း ဖြစ်သည်။ အခြားသော အော်ပရေတာ နှစ်ခုမှာ ယခင်နိုင်ငံပိုင်လုပ်ငန်းများ ဖြစ်ကြပြီး (ယခင် အစိုးရပိုင် နှင့် တပ်မတော်ပိုင် အသီးသီးဖြစ်သော MPT နှင့် MyTel) ယခုတွင် ပုဂ္ဂလိကပိုင် ပြုလုပ်ထားက နိုင်ငံခြား ကုမ္ပဏီများနှင့် ဖက်စပ် ရင်းနှီးမြုပ်နှံထားခြင်း ဖြစ်သည်။ ပြည်ထောင်စု အစိုးရမှ တယ်လီ ဆက်သွယ်ရေး အတွက် စည်းမျဉ်းစည်းကမ်းများ (အသုံးပြုခ၊ လွှမ်းခြုံမှုတို့ အပါအဝင်) ချမှတ်ပေးပြီး တယ်လီဆက်သွယ်ရေး ဝန်ဆောင်ခြင်း အတွက်မူ ၎င်းကုမ္ပဏီများတွင်သာ တာဝန်အပြည့်အဝ ရှိပါသည်။

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| လမ်း ကောင်း (သို့) အရမ်းကောင်း (သဘောတူမှု %) | ▪ လမ်းဦးစီးဌာန၊<br>▪ တံတားဦးစီးဌာန၊<br>▪ ကျေးလက်လမ်း ဌာန၊<br>▪ စည်ပင်၊<br>▪ ကျေးလက် ဖွံ့ဖြိုးရေး ဌာန၊ | ▪ မြို့နယ် ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည် ဖော်ရေးအဖွဲ့၊<br>▪ စက်မှုဇုံ စီမံခန့်ခွဲရေး ကော်မတီ၊<br>▪ TPIC များ | ▪ အမြန် လမ်းမကြီးများ ဥပဒေ (၂၀၁၅) | စည်ပင်လမ်းများကို ဒေသန္တရ (တခါတရံ တရားမဝင် နည်းလမ်းဖြင့်) မှ ရံပုံငွေ ပံ့ပိုး၍ အကောင်အထည် ဖော်သည်။ ပြည်/တိုင်း တို့သည် ပြည်ထောင်စု လမ်းမကြီး မဟုတ်သော လမ်းများ၊ Class A ကျေးလက်လမ်း များကို တာဝန်ယူသည်၊ ပြည်ထောင်စု လမ်းမကြီး နှင့် Class B နှင့် C လမ်းများကို ပံ့ပိုးသည်၊ Class A လမ်း အတွက် ပြည်/တိုင်း ဘတ်ဂျက်ကို အသုံးပြုသည်။ | ပြည်ထောင်စု လမ်းမကြီး၊ Class B နှင့် C ကျေးလက်လမ်းများ ကို ပြည်ထောင်စုမှ ရံပုံငွေ ပံ့ပိုးသည်။ အချို့ Class A နှင့် ပြည်ထောင်စု လမ်းမ မဟုတ်သော လမ်းများ ပံ့ပိုးသလို၊ တခါတရံ ရန်ပုံငွေ ထောက်ပံ့သည်။ စည်ပင်ဌာန မှ လွဲ၍ ဌာနအားလုံးသည် ပြည်ထောင်စု ဌာနများဖြစ်သည်။ |
| ဖုန်းလိုင်း ကောင်း (သို့) အရမ်းကောင်း (သဘောတူမှု %) | ▪ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန | ▪ အမျိုးသား ဆက်သွယ်ရေး အကြံပေး ကော်မတီ | ▪ ဆက်သွယ်ရေး ဥပဒေ (၂၀၁၃) | | တယ်လီကွန်း လုပ်ငန်းအတွက် ပြည်ထောင်စုအဆင့်မှ တင်ဒါခေါ်ယူ စာချုပ် ချုပ်ဆိုသည်။ ပြည်ထောင်စု အဆင့် ဥပဒေဖြင့် အုပ်ချုပ်ပြီး ပြည်ထောင်စုဌာနမှ ကြီးကြပ်သည်။ |
| လျှပ်စစ်မီး ကောင်း (သို့) အရမ်းကောင်း (သဘောတူမှု %) | ▪ လျှပ်စစ်စွမ်းအား စီမံရေး ဦးစီးဌာန<br>▪ ရေအားလျှပ်စစ် အကောင်အထည် ဖော်ရေး ဦးစီးဌာန<br>▪ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း<br>▪ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း<br>▪ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန<br>▪ YESC<br>▪ MESC | ▪ အမျိုးသား စွမ်းအင် စီမံခန့်ခွဲမှု ကော်မတီ<br>▪ လျှပ်စစ်မီးနှင့် ရေးရရှိရေး ကော်မတီ (မြို့နယ်)<br>▪ ကျေးရွာ မီးလင်းရေး ကော်မတီ<br>▪ စွမ်းအင် ကော်မတီ (လွှတ်တော်) | ▪ လျှပ်စစ် ဥပဒေ | ပြည်/တိုင်း တို့သည် အသေးစား လျှပ်စစ်စက်ရုံများကို လိုင်စင် ပေးနိုင်ပြီး မဟာဓါတ်အားလိုင်း ဖြင့် ချိတ်ဆက်ခြင်း မရှိသည့် လျှပ်စစ်လုပ်ငန်းများ လုပ်ဆောင် နိုင်သည်။<br>ကျေးလက် မီးလင်းရေး အတွက် ပြည်/တိုင်း မှ ဆောင်ရွက်သည်။<br>အခြေခံ ချိတ်ဆက်ခြင်း လုပ်ငန်း အပါအဝင် အချို့လုပ်ငန်း များကို ခရိုင်အဆင့် ပြည်ထောင်စုဌာန များမှ အတည်ပြု ပေးသည်။ | ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုကို လုပ်ပိုင်ခွင့် ပေးထားသည်၊ ဌာနအားလုံးသည် ပြည်ထောင်စု ဌာနများ ဖြစ်သည်၊ ဓါတ်အား ဖြန့်ဖြူးခြင်း၊ ဓါတ်အားပေးရုံများကို စီမံခန့်ခွဲခြင်း၊ လျှပ်စစ်ဓါတ်အား ရောင်းချခြင်း တို့ကို ကိုင်တွယ်ရသည်။ |

## ၅.၆။ အညွှန်းကိန်းခွဲ (၆) – ပွင့်လင်း မြင်သာမှု

**ပွင့်လင်းမြင်သာမှု ရှိရန် အစိုးရအဆင့် အားလုံးတွင် တာဝန်ရှိသော်လည်း ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်း ဒေသကြီး နှစ်ခုလုံး အတွက် ပွင့်လင်းမြင်သာမှုရှိရန် ဥပဒေ အရ သတ်မှတ်ထားချက် အနည်းငယ်သာ ရှိပါသည်။** နိုင်ငံတော် သမ္မတ လက်မှတ်ထိုးထားသည့် ပြည်ထောင်စု ဥပဒေ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ် လက်မှတ်ထိုးထားသည့် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေ တို့ကို မြန်မာနိုင်ငံ ပြန်တမ်းဖြင့် ထုတ်ပြန်ရမည်ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်း ထားပါ သည်။[၇၇] ထိုသတ်မှတ်ချက်ကြောင့် ဥပဒေပြုခြင်းတွင် ပွင့်လင်းမြင်သာမှု ရှိစေပါသည်၊ သို့သော်လည်း မြန်မာ နိုင်ငံ ပြန်တမ်းကို (အွန်လိုင်းတွင် ရရှိနိုင်သော်လည်း) ကျယ်ကျယ်ပြန့်ပြန့် ပုံနှိပ်ခြင်း မရှိပါ။ မြန်မာနိုင်ငံပြန်တမ်း တွင် ကြေငြာချက်၊ အမိန့်ကြေငြာစာနှင့် အခြားသော အုပ်ချုပ်ရေး ကိစ္စရပ်များကို ထုတ်ပြန်လေ့ ရှိပါသည်။ အကြီးစား (ကျပ်သန်း ၂ ထောင်ထက် ပိုသော) ပြည်သူ့ လုပ်ငန်း ရင်းနှီးမြုပ်နှံမှု နှင့် အဆောက်အအုံ စီမံကိန်းများ ဆိုပါက ပြည်ထောင်စုမှ စီမံအုပ်ချုပ်သည့် စီမံကိန်းဘဏ် (Project bank) တွင် ထည့်သွင်းပြီး အစိုးရ၏ အကြံပေး အဖွဲ့ ဖြစ်သော Myanmar Development Institute (MDI) မှ နည်းပညာဆိုင်ရာ ပံ့ပိုးပေးပါသည်။အချို့ ဝန်ကြီးဌာနများ၏ လုပ်ငန်းအကောင်အထည်ဖော်မှု စာရွက်စာတမ်းများကို အများပြည်သူသို့ ထုတ်ဖော် ပြသခြင်း မရှိပါ။ ၎င်းစာရွက်စာတမ်း များဆိုသည်မှာ

လုပ်ငန်းအကောင်အထည် ဖော်ရာတွင် ဝန်ထမ်းများ လိုက်နာရမည့် ဌာနတွင်း လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ နှင့် အခြားသော ဌာနတွင်း လမ်းညွှန်ချက်များတို့ ဖြစ်ပါသည်။

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| ပြည်နယ် (သို့) တိုင်း ဘတ်ဂျက် | ▪ စီမံကိန်းဌာန၊<br>▪ ရသုံးဌာန | ▪ စီမံကိန်း ကော်မရှင်၊<br>▪ ဘတ်ဂျက် ကော်မရှင် | ▪ ဘတ်ဂျက်ဥပဒေ | ပြည်/တိုင်း များစွာတွင် ဘတ်ဂျက် စာစောင် ထုတ်ဝေသည် | |
| မြို့နယ်ဘတ်ဂျက် | ▪ စီမံကိန်းဌာန | ▪ TPIC များ | | အချို့ မြို့နယ်အဆင့် ဌာနများ (ထွေအုပ် ကဲ့သို့) အတွက် ဘတ်ဂျက်သည် ပြည်/တိုင်း ဘတ်ဂျက်တွင် ပါဝင်သည်။ | မြို့နယ်အဆင့် ဌာနအများစု၏ ဘတ်ဂျက်များကို ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ဘတ်ဂျက်တွင် ထည့်သွင်းထားသည် |
| ပြည်ထောင်စုဥပဒေနှင့် နည်းဥပဒေများ | ▪ ပုံနှိပ်ထုတ်ဝေရေး ဦးစီးဌာန (MoI) | | | | ပြည်ထောင်စု၏ လုပ်ပိုင်ခွင့် အောက်တွင် ရှိသည်၊ ပြည်ထောင်စု ပြန်တမ်း အဖြစ် ပုံနှိပ် ထုတ်ဝေသည်။ |
| ဝန်ကြီးဌာန အကောင် အထည် ဖော်သည့် စာရွက်စာတမ်း | ▪ ပြည်ထောင်စု ဝန်ကြီးဌာနများ | | | | ပြည်ထောင်စု၏ လုပ်ပိုင်ခွင့် အောက်တွင် ရှိသည်။ |
| ပြည်နယ် အဆင့်ရှိ ဥပဒေ စာရွက်စာတမ်း | ▪ ပုံနှိပ်ရေး နှင့် ထုတ်ဝေရေး ဦးစီးဌာန (MoI)၊<br>▪ ပြည်/တိုင်း အစိုးရများ | | | ပြည်/တိုင်း တို့သည် ဥပဒေများကို ဖြန့်ချိပေးသည် | ပြည်/တိုင်း ဝန်ကြီးချုပ် လက်မှတ်ရေးထိုး ထားသည့် ဥပဒေများကို ပြည်ထောင်စု ပြန်တမ်းအဖြစ် ထုတ်ဝေရန် လိုအပ်သည် |
| အခြေခံ အဆောက်အအုံ ဆိုင်ရာ စီမံကိန်း အသစ် | ▪ စီမံကိန်းဌာန | ▪ Myanmar Development Institute | ▪ အမိန့်ကြော်ငြာစာ အမှတ် - ၂/၂၀၁၈ (၂၀၁၈ နိုဝင်ဘာ ၂၀ ရက်နေ့ ထုတ်ပြန်သည်) | ပြည်/တိုင်း အစုရှိ များသည် စီမံကိန်း အဆိုပြုလွှာ တင်သွင်း နိုင်သည် | ပြည်ထောင်စု Project Bank သည် အခြေခံ အဆောက်အအုံ စီမံကိန်း များအတွက် ဗဟို အရင်းအမြစ် ဖြစ်သည် |
| ပြည်သူ့ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ | ▪ စီမံကိန်းဌာန | ▪ Myanmar Development Institute | ▪ အမိန့်ကြော်ငြာစာ အမှတ် - ၂/၂၀၁၈ (၂၀၁၈ နိုဝင်ဘာ ၃၀ ရက်နေ့ ထုတ်ပြန်သည်) | ပြည်/တိုင်း အစုရှိ များသည် စီမံကိန်း အဆိုပြုလွှာ တင်သွင်းနိုင်သည် | ပြည်ထောင်စု Project Bank သည် အကြီးစား ရင်းနှီးမြှုပ်နှံမှု စီမံကိန်း များအတွက် ဗဟို အရင်းအမြစ် ဖြစ်သည် |
| မြေယာ ခွဲဝေ အသုံးပြုခြင်း အစီအစဉ် နှင့် မြေပုံများ | ▪ DAO<br>▪ DALMS | ▪ မြေ အသုံးချမှု ကောင်စီ၊<br>▪ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ | | CDC များတွင် မြေယာ အသုံးချ နိုင်သည့် အာဏာ ရှိသည် | CDC အပြင် ထွေအုပ် ဦးဆောင်သည့် ကော်မတီများ နှင့် မြေစာရင်း ဌာနတွင် မြေယာ အသုံးချခွင့် အာဏာ ရှိသည်။ |

# ၅.၇။ အညွှန်းကိန်းခွဲ (၇) – ယှဉ်ပြိုင်မှုတွင် ဘက်လိုက်ခြင်း

**မျက်နှာသာပေးခြင်းမှာ အစိုးရအဆင့်တိုင်းနှင့် သက်ဆိုင်မှု ရှိသော ကိစ္စရပ်ဖြစ်ပြီး ဒေသန္တရ သို့မဟုတ် ပြည်ထောင်စု အရာရှိများတွင် ပိုမို အဖြစ်များသည်ဟု ခိုင်မာသော အထောက်အထားများ တွေ့ရှိရခြင်း မရှိပါ။** မျက်နှာသာပေးခြင်းမှာ ဥပဒေ၊ နည်းဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းများကို လိမ်မာပါးနပ်စွာ ကျော်လွှားခြင်းပင် ဖြစ်သည်။ ထိုသို့ လိမ်ညာမှုနှင့် အရာရှိများ မျက်နှာပေးခြင်းကို တိုက်ဖျက်ရန်မှာ ဌာနဆိုင်ရာ အားလုံး၏ တာဝန်ပင် ဖြစ်သည်။ လုပ်ငန်းရှင်များ၏ သဘောထားအမြင်ကို ရယူ၍ မည်သည့် ဌာနသည် မျက်နှာသာပေးမှု အလေ့အထကို မည်မျှ ကျင့်သုံးကြောင်း ထုတ်ဖော်ရန် မဖြစ်နိုင်ပါ။ သို့သော်လည်း ချေးငွေထုတ်ပေးခြင်း သို့မဟုတ် ကုန်ပစ္စည်း ဝယ်ယူခြင်းကဲ့သို့ လုပ်ငန်းတာဝန်များတွင်မှု အခြားသော နယ်ပယ်များထက် မျက်နှာသာပေးမှု အလေ့အထ ပိုမိုဖြစ်ပေါ်ကြောင်း သိနိုင်ပါသည်။ ဥပမာ- စက်မှု

ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန သည် နိုင်ငံအဆင့် SME များကို ချေးငွေထုတ်ပေးသော အစီအစဉ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပြီး ချေးငွေ လျှောက်သော စီးပွားရေးလုပ်ငန်းများကို စစ်ဆေးခြင်း နှင့် ထောက်ခံပေးခြင်း တို့ကို လုပ်ဆောင်ရပါသည်။[၈၈] ချေးငွေ ပေးရာတွင် မျက်နှာပေးခြင်းများ ရှိသည်ဟု စီးပွားရေး လုပ်ငန်းရှင်များက မှတ်ချက်ပေးမှုများပါက ချေးငွေ ပေးခြင်းကို စိစစ်ရသည့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဌာနဖြင့် ဆက်စပ်နိုင်ပါသည်။ မျက်နှာသာပေးမှု သည် အညွှန်းကိန်းခွဲ (၄) တရားမဝင် ပေးချေရမှုနှင့်လည်း ဆက်နွယ်နိုင်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် သည် အဂတိလိုက်စားမှု စစ်ဆေးရာတွင် မျက်နှာသာ ပေးမှုကို ထည့်သွင်းစဉ်းစားပါသည်။ မျက်နှာသာပေးမှု သည် ယှဉ်ပြိုင်မှုကို မည်မျှအထိ ထိခိုက်နိုင်သည်ဆိုသည် မှာ မြန်မာယှဉ်ပြိုင်မှု ဥပဒေ၏ ဖွင့်ဆိုချက်အတွင်း ကျ ရောက်ပါသည်။

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| ဒေသအာဏာပိုင် များသည် ၎င်းတို့နှင့် ရင်းနှီးမှု ရှိသူများ အပေါ် မျက်နှာသာ ပေးသည် (သဘောတူမှု %) | ▪ ကုန်သွယ်ရေး ဦးစီးဌာန | ▪ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင်၊<br>▪ စစ်ဆေးရေး အဖွဲ့ | ▪ ယှဉ်ပြိုင်မှု ဥပဒေ (၂၀၁၅) | | ပြည်ထောင်စုအဆင့် ဥပဒေပြဌာန်းမှု၊ ကော်မရှင်နှင့် ကော်မတီများ |

## ၅.၈။ အညွှန်းကိန်းခွဲ (၈) – သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း

**ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရသည် ပြည် ထောင်စု အစိုးရကို မှီခိုနေခြင်း မရှိပဲ ၎င်းတို့ တစ်ဦးတည်း လုပ်ဆောင်ရန် တာဝန်ရှိသော နယ်ပယ်များ အပါအဝင် သဘာဝပတ်ဝန်းကျင် အရည်အသွေး ထိန်းသိမ်းခြင်းတွင် အဓိကတာဝန်ကို ယူထားပါသည်။** စည်ပင်အဖွဲ့ နှင့် စည်ပင်ကော်မတီများသည် စက်မှုလုပ်ငန်းများ၏ ရေဆိုး စွန့်ထုတ်မှုအပြင် လူနေအိမ်များ၏ ရေဆိုး စွန့်ထုတ်မှု တို့ ပါဝင်သည့် ရေအရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ အမှိုက်သိမ်းခြင်း နှင့် ပြန်လည် အသုံးချခြင်း စသည့်တို့တွင် လုပ်ပိုင်ခွင့်အာဏာ ရှိပါသည်။ ရေအရည်အသွေး ထိန်း သိမ်းခြင်းတွင် ဥပဒေဆိုင်ရာ အခွင့်အာဏာ ရှိသော်လည်း မြန်မာနိုင်ငံရှိ စည်ပင်သာယာရေး အဖွဲ့များနှင့် မြို့တော် စည်ပင်သာယာရေး ကော်မတီတို့တွင် ရေဆိုးသန့်စင်သည့် စက်ရုံ မရှိပါ။ စက်မှုလုပ်ငန်း ဇရိယာများရှိ ရေအရည် အသွေး ထိန်းသိမ်းခြင်းတွင်လည်း စည်ပင်အဖွဲ့နှင့် စည်ပင်ကော်မတီများ၌ တာဝန်ရှိပြီး စက်မှုလုပ်ငန်းများ၏ ညစ်ညမ်းမှုကြောင့် ရေအရည်အသွေး ကျဆင်းနေခြင်း မှာလည်း ကြီးထွားလာသည့် ပြဿနာတစ်ခု ဖြစ်ပါသည်။[၈၉] စည်းမျဉ်းစည်းကမ်း အရ စီးပွားရေးလုပ်ငန်း များအနေဖြင့် ရေဆိုး မစွန့်ထုတ်မီ သန့်စင်မှုလုပ်ဆောင်ရမည် ဖြစ်ပြီး စီးပွားရေး လုပ်ငန်းအနည်းငယ်သာ လိုက်နာကြပါသည်။ ရေထုညစ်ညမ်းစေမှုကြောင့် စီးပွားရေးလုပ်ငန်းများကို ပိတ်ပစ် နိုင်ပါသည်၊ သို့သော်လည်း ထိုသို့ ပိတ်ရခြင်းမျိုး မှာ လက်တွေ့တွင် ဖြစ်ပေါ်လေ့မရှိပါ။ စည်ပင်အဖွဲ့နှင့် ကော်မတီများသည် အမှိုက်သိမ်းခြင်း၊ ပြန်လည် အသုံးပြုခြင်းနှင့် အမှိုက်စီမံခန့်ခွဲခြင်း တို့အတွက်လည်း တာဝန်ရှိပါသည်။ ရန်ကုန်မြို့ရှိ အမှိုက်အများစုမှာ ပြန်လည် အသုံးပြုနိုင်ခြင်း မရှိပဲ မြေကြီးအတွင်း သို့သာ စွန့်ပစ်ပါသည်။ အမှိုက် ၅% သာ ပြန်လည်၍ အသုံးပြုနိုင်သည့် အဆင့်ရှိပါသည်။[၉၀] တရားမဝင် အမှိုက် စွန့်ပစ်ခြင်းမှာလည်း ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်နေပြီး ရန်ကုန်မြို့၏ တစ်နေ့တာ အမှိုက်ထွက်ရှိနှုန်းမှာ တစ်ရက်လျှင် တန် ၃၀၀ ခန့် ရှိပါသည်။[၉၁]

**ပြည်ထောင်စု အစိုးရသည် ပတ်ဝန်းကျင် အရည်အသွေး ထိန်းသိမ်းခြင်း နှင့် ညစ်ညမ်းမှုများကို ကြပ်မတ်ခြင်း တို့ကို ခြုံငုံ၍ တာဝန်ယူ ရပါသည်။** ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြည် ထောင်စု ဥပဒေများ ရှိသလို ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာ ဌာနများလည်း ရှိသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေတွင် ပြည် ထောင်စုအဆင့် မြန်မာရင်းနှီးမြုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက် ရယူရမည့် ရင်းနှီးမြုပ်နှံမှု အမျိုးအစား များစွာကို ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ဆောင်ရန် ပြဌာန်းသတ်မှတ် ထားသည်။ သို့သော်လည်း ပြည်ထောင် စု အဆင့်မှ စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင် အများစုကို ကဏ္ဍအလိုက် ဝန်ကြီးဌာနများသို့ ခွဲဝေပေး ခဲ့ကာ ရလဒ်အဖြစ် ကဏ္ဍအလိုက် ဥပဒေများတွင် ပတ်ဝန်း ကျင်ဆိုင်ရာ ပြဌာန်းချက်များ ပါဝင်လာခဲ့ပါသည်။ ဥပမာအဖြစ် Oilfields Act ဥပဒေတွင် ရေနံတွင်း ညစ်ညမ်းခြင်း ဆိုင်ရာ တားမြစ်ကန့်သတ်ချက်များ၊ Factories Act ဥပဒေတွင်လည်း စက်ရုံများမှ ထုတ်လွှတ်သည့် စွန့်ပစ်ရေ ပြန်လည်သန့်စင်ခြင်း ဆိုင်ရာ သတ်မှတ် ချက်များကို ထည့်သွင်းထားပါသည်။[၉၂] လိုင်စင်ထုတ် ပေးသူ ဝန်ကြီးဌာနများသည်လည်း စည်းမျဉ်းစည်းကမ်း

ထိန်းသိမ်းခြင်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျှက် ရှိသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနတွင် စီးပွား ရေးလုပ်ငန်းများကို တားမြစ်နိုင်သည့် အခွင့်အာဏာ မရှိပဲ လိုင်စင်ထုတ်ပေးသော ဌာနသည်သာ ပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်း မလိုက်နာသည့် လုပ်ငန်းကို လိုင်စင်ရုပ် သိမ်းခြင်း သို့မဟုတ် အခြားပုံစံဖြင့် အရေးယူခြင်း လုပ် ဆောင်နိုင်ပါသည်။

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| ခြုံကြည့်ပါက ပတ်ဝန်းကျင် အရည်အသွေး ကောင်း (သို့) အရမ်းကောင်း | ■ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာန | ■ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ ကော်မတီ (ပြည်ထောင်စု၊ ပြည်/တိုင်း၊ ခရိုင်၊ မြို့နယ်)<br>■ စိမ်းလန်းစိုပြေရေး အကောင်အထည် ဖော်ရေး စီမံခန့်ခွဲမှု ကော်မတီ | ■ ဥပဒေများစွာ<br>■ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ | ရေဆိုး ပြန်လည် သန့်စင်ခြင်း နှင့် recycling လုပ်ရန် ဒေသန္တရ အစိုးရတွင် တာဝန်ရှိသည် | ပြည်ထောင်စု ဥပဒေများ တွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြဌာန်းချက်များ ပါဝင်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာနသည် ပြည်ထောင်စု ဝန်ကြီးဌာန၏ အစိတ်အပိုင်း ဖြစ်သည်။ |
| ပြည်/တိုင်း ရှိ ပတ်ဝန်းကျင် ညစ်ညမ်းမှု အခြေအနေ (ပြင်းထန် (သို့) လွန်စွာ ပြင်းထန်) | ■ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာန<br>■ (ကဏ္ဍစုံ)<br>■ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သန့်ရှင်းရေး ဌာန (YCDC) | | ■ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊<br>■ EIA လုပ်ထုံး လုပ်နည်းများ (၂၀၁၆) | YCDC တွင် ညစ်ညမ်းမှု ထိန်းချုပ်ရေး ကော်မတီ ရှိသည်၊ ရေဆိုး သန့်စင်မှုနှင့် စပ်လျဉ်း၍ စည်ပင် အဖွဲ့များတွင် တာဝန်ရှိသည် | ညစ်ညမ်းမှု ကာကွယ်ခြင်း ဆိုင်ရာ ပြဌာန်းချက် အများစုမှာ ပြည်ထောင်စု ဥပဒေများ ဖြစ်ကြပြီး ပြည်ထောင်စု ဝန်ကြီးဌာများမှ စည်းကြပ်ရန် တာဝန်ရှိသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာနသည် ရေအရည်အသွေးကို စစ်ဆေးသည်။ EIA စည်းမျဉ်း စည်းကမ်း များမှာ ပြည်ထောင်စု အဆင့်ဖြစ်ပြီး၊ EIA များကို MIC မှ အတည်ပြုသည်။ |
| ပတ်ဝန်းကျင် စည်းမျဉ်း များဖြင့် ကိုက်ညီရန် ဒေသ အာဏာပိုင်များ၏ လမ်းညွှန်မှု (ရှိသည်ဟု ဖြေဆိုမှု %) | ■ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာန | | ■ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ | ဒေသန္တရ ရုံးများဖြင့် သတင်း အချက်အလက်ဝေမျှသည် | သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း များသည် ပြည်ထောင်စု အဆင့်ဖြစ်သည်။ |
| ရေခြွေတာရန် ပြည်/တိုင်း မှ ပံ့ပိုးမှု (ရှိသည် ဟု ဖြေဆိုမှု %) | ■ စည်ပင်ကော်မတီ<br>■ စည်ပင်အဖွဲ့<br>■ ရေ အရင်းအမြစ် နှင် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ■ လျှပ်စစ်နှင့် ရေအသုံးပြုမှု ကော်မတီ (မြို့နယ်) | | စည်ပင်ကော်မတီနှင့် စည်ပင်အဖွဲ့များသည် ရေပေးဝေရေးအတွက် တာဝန်ရှိသည်။ | |
| စွန့်ပစ်ပစ္စည်း recycle လုပ်ရန် ပြည်/တိုင်း မှ ပံ့ပိုးမှု (ရှိသည်ဟု ဖြေဆိုမှု %) | ■ စည်ပင်ကော်မတီ<br>■ စည်ပင်အဖွဲ့ | | | စည်ပင်ကော်မတီနှင့် စည်ပင် အဖွဲ့များသည် recycle လုပ်ငန်း အတွက် တာဝန်ရှိသည် | |

## ၅.၉။ အညွှန်းကိန်းခွဲ (၉) – လုပ်သား ခန့်ထားရေး

**စီးပွားရေး အုပ်ချုပ်စီမံမှု စနစ်ရှိ အညွှန်းကိန်းခွဲများ အနက်** **လုပ်သားခန့်ထားရေး အညွှန်းကိန်းသည် ပြည်ထောင်စု တစ်ခုတည်းမှ ကိုင်တွယ်သည့် ကိစ္စရပ်တစ်ခု ဖြစ်သည်။** လုပ်သားများ အနေဖြင့် မတူညီသော ပြည်နယ်/တိုင်း ဒေသကြီးများကို အလွယ်တကူ ရွှေ့ပြောင်းသွားလာ နိုင်သည်ဖြစ်ရာ အလုပ်သမား ခန့်အပ်မှု ကိစ္စရပ်များကို ပြည်ထောင်စုမှ ထိန်းချုပ်ခြင်းမှာ အံ့အားသင့်ဖွယ်ရာ

မရှိပါ။ စီးပွားရေးလုပ်ငန်းများမှ အလုပ်သမားများကို အလုပ်ရှာဖွေရေး အေဂျင်စီဖြင့် သော်လည်းကောင်း (အွန်လိုင်း အေဂျင်စီများ အပါအဝင်)၊ အဆက်အသွယ် အချိတ်အဆက်များဖြင့် သော်လည်းကောင်း အလုပ်သမား ဦးစီးဌာန၏ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေး ရုံးများဖြင့် သော်လည်းကောင်း ရှာဖွေခန့်အပ်ပါသည်။ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး စုစုပေါင်း ၉၁ ရုံး ရှိပါသည်။[၉၃] ၎င်းရုံးများသည် အလုပ်အကိုင် ပြပွဲများ ပြုလုပ်ခြင်းနှင့် တရားဝင် အလုပ်ရရှိသည့် အလုပ်သမား များအတွက် အလုပ်သမားကတ် ထုတ်ပေးခြင်း စသည် တို့ကို လုပ်ဆောင်ပါသည်။ အလုပ်အကိုင်နှင့် အလုပ် သမား ရှာဖွေရေးရုံးသည် ပြည်ထောင်စု အစိုးရမှ အပြည့် အဝ ထိန်းချုပ်ထားသည့် ပြည်ထောင်စု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လက်အောက်တွင် ရှိပါသည်။

**အရည်အချင်း ပြည့်ဝသော အလုပ်သမား အင်အားစုကို မွေးထုတ်ပေးနိုင်ရန် အထွေထွေအဆင့်၊ တက္ကသိုလ် အဆင့်နှင့် နည်းပညာဆိုင်ရာပညာများ လေ့ကျင့် သင်ကြားမည့် မြန်မာ ပညာရေးစနစ်သည်လည်း ပြည်ထောင်စု အစိုးရ၏ ထိန်းချုပ်မှု အောက်တွင်သာ ရှိပါသည်။** ပညာ ရေး ဝန်ကြီးဌာနသည် ပြည်ထောင်စု ဝန်ကြီးဌာန တစ်ခု ဖြစ်ပြီး ပညာရေး ဝန်ကြီးဌာန ဝန်ထမ်းအားလုံးသည် ပြည် ထောင်စု အဆင့်၏ ဝန်ထမ်းများ ဖြစ်ကြသည်။ သင်ရိုး ညွှန်းတမ်းကို ပြည်ထောင်စု အဆင့်မှ ရေးဆွဲပါသည်။ နည်းပညာနှင့် သက်မွေးဝမ်းကျောင်း ပညာရေးသည် လည်း ပညာရေးဝန်ကြီး ဌာန၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ အနှံ့တွင် ကျောင်း၊ တက္ကသိုလ် များ၊ နည်းပညာနှင့် သက်မွေးဝမ်းကျောင်း ပညာသင် ကျောင်းများ ရှိသော်လည်း ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရ အရာရှိများတွင် ၎င်းကျောင်းများစွာ၏ အရည် အသွေးကို ထိန်းချုပ်ပုံဖော်နိုင်မည့် အစွမ်းအစ အားနည်း လှပါသည်။ အချို့သော နည်းပညာ နှင့် သက်မွေးဝမ်း ကျောင်း ပညာကျောင်းများသည် ဒေသမှ လိုအပ်သည့် ပညာရပ် အစီအစဉ်များကို အကောင်အထည်ဖော်နိုင် သော်လည်း တစ်သီး ပုဂ္ဂလိက ပံ့ပိုးမှု မရှိပါက ရန်ပုံငွေ ရရှိရန် အတွက်မူ ပြည်ထောင်စု၏ ခွင့်ပြုချက် လိုအပ်လျက် ရှိနေပါသည်။

**အညွှန်းကိန်းခွဲ (၉)တွင် သီးခြား မပါဝင်သော်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အလုပ်သမား ရေးရာ အငြင်းပွားမှုများ ဖြေရှင်းရာတွင်မူ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။** ပြည်ထောင်စု အစိုးရ၏ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေအရ အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြေရှင်းရာတွင် ကူညီနိုင်ရန် မြို့နယ်တိုင်းတွင် "ညှိနှိုင်းရေးအဖွဲ့" ဖွဲ့စည်း ရမည် ဖြစ်သည်။ ယင်းအဖွဲ့တွင် မြို့နယ်အဆင့် အရာရှိများနှင့်အတူ ဒေသရှိ စီးပွားရေးလုပ်ငန်းနှင့် အလုပ် သမားတို့၏ ကိုယ်စားလှယ်များ၊ ရပ်ရွာခေါင်းဆောင်များ ပါဝင်ရမည် ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ သည် ယင်းအဖွဲ့များ ဖွဲ့စည်းရန်နှင့် တာဝန်များ ခွဲဝေပေး အပ်ရန် အခွင့်အာဏာ ကြီးမားစွာ ရရှိထားပါသည်။[၉၄]

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| လုပ်ငန်း ကုန်ကျစရိတ် အလုပ်သမား လေ့ကျင့်စရိတ် ပါဝင်မှု ရာခိုင်နှုန်း | ▪ အခြေခံပညာ ဦးစီးဌာန၊<br>▪ အဆင့်မြင့်ပညာ ဦးစီးဌာန<br>▪ TVET | ▪ မြို့နယ် ပညာရေး ကော်မတီ<br>▪ ကဏ္ဍအလိုက် ကျွမ်းကျင်ကော်မတီ ၁၄ ခု | | အရည်အချင်း သတ်မှတ်ချက် အတွက် ဒေသန္တရမှ ပါဝင်နိုင်သည့် လုပ်ငန်းစဉ် အချို့ ရှိသည်။ | ပညာရေး ဝန်ကြီးဌာန နှင့် ပညာရေး နှင့် သက်ဆိုင်သော ဥပဒေ အားလုံးကို ပြည်ထောင်စုမှ ထိန်းချုပ်ထားသည်၊ ဘတ်ဂျက်၊ ဝန်ထမ်း နှင့် သင်ရိုးညွှန်းတမ်း ကိစ္စအားလုံးကို ပြည်ထောင်စုမှ ဆုံးဖြတ်သည်။ |
| ကာယလုပ်သား၊ စက်ပညာရှင်၊ စာရင်းကိုင်၊ ကြီးကြပ်ရေးမှူးနှင့် မန်နေဂျာ အလုပ်တို့တွင် လုပ်သား ခေါ်ယူလွယ်မှု | ▪ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန<br>▪ အခြေခံပညာ ဦးစီးဌာန<br>▪ အဆင့်မြင့်ပညာ ဦးစီးဌာန<br>▪ TVET<br>▪ စက်မှု သင်တန်း ကျောင်း (၁-၆) ကျောင်း၊<br>▪ SME စင်တာ | ▪ မြို့နယ် ပညာရေး ကော်မတီ | ▪ အလုပ်ခန့်ထားမှု ကန့်သတ်ရေး အတ်ဥပဒေ (၁၉၅၉)<br>▪ ပညာရေး ဥပဒေ | | ပညာရေး ဝန်ကြီးဌာန နှင့် ပညာရေး နှင့် သက်ဆိုင်သော ဥပဒေ အားလုံးကို ပြည်ထောင်စုမှ ထိန်းချုပ်ထားသည်၊ ဘတ်ဂျက်၊ ဝန်ထမ်း နှင့် သင်ရိုးညွှန်းတမ်း ကိစ္စအားလုံးကို ပြည်ထောင်စုမှ ဆုံးဖြတ်သည်။ |

## ၉.၁၀။ အညွှန်းကိန်းခွဲ (၁၀) – ဥပဒေ စိုးမိုးမှု

**ပြည်နယ်/တိုင်းဒေသကြီး တရားရုံးချုပ်များသည် ၎င်းလက်အောက်ရှိ တရားရုံးများ ကို ကြီးကြပ်နိုင်သည့် အာဏာရှိသောကြောင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် တရားရုံးလုပ်ငန်းများ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် အခွင့်အာဏာ အနည်းငယ် ရှိပါသည်။** ဖွဲ့စည်းပုံ အခြေခံဥပဒေ မှ ပြည်နယ်/တိုင်းဒေသကြီး တရားရုံးချုပ်များကို အပ်နှင်းထားသည့် အခွင့်အာဏာတွင် အသေးစိတ် တိတိကျကျ ဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း ရုံးချိန်းများ ထိရောက်စေခြင်း အပါအဝင် အခြားသော ကိစ္စရပ်များတွင် ပိုမို ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည် ဖြစ်သည်။

**ဥပဒေ စိုးမိုးမှုသည် ပြည်ထောင်စု အစိုးရနှင့် အဓိက စပ်ဆိုင်သော နယ်ပယ်ဖြစ်ပြီး အဓိကအားဖြင့် မြန်မာ ရဲတပ်ဖွဲ့တွင် တာဝန်ရှိပါသည်။** ရဲတပ်ဖွဲ့သည် ဝန်ကြီးနေရာကို တပ်မတော်မှ ခန့်အပ်ရသော ပြည်ထဲရေး ဝန်ကြီးဌာန၏ အစိတ်အပိုင်း ဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးသည် ရဲတပ်ဖွဲ့ကို တရားဝင်လွှမ်းမိုးနိုင်ခြင်း မရှိပါ။

| အညွှန်းကိန်းခွဲ | ဌာန | ကော်မတီ | အာဏာသက်ရောက်သည့် ဥပဒေ | ဒေသန္တရအဆင့် လုပ်ဆောင်မှု | ပြည်ထောင်စုအဆင့် လုပ်ဆောင်မှု |
|---|---|---|---|---|---|
| စာချုပ်စာတမ်း နှင့် ပစ္စည်းပိုင်ဆိုင်ခွင့် များကို ဥပဒေစနစ်ဖြင့် အကာအကွယ် ပေးထားသည် (သဘောတူညီမှု %) | ■ တရားရုံးများ<br>■ ရှေ့နေချုပ်ရုံး | | ■ ၁၈၇၂ ခုနှစ် Contract Act | ပြည်/တိုင်း အထက် တရားရုံးများ က အောက်တရားရုံးများကို ကြီးကြပ်သည်။ | ပြည်/တိုင်း တရားသူကြီးချုပ် ကို သမ္မတမှ ခန့်အပ်သည်၊ စာချုပ်စာတမ်း ဥပဒေမူဘောင် ကို ပြည်ထောင်စု ဥပဒေမှ ရယူထားသည် |
| စီးပွားရေးလုပ်ငန်း အမှုများကို ခရိုင်ရုံးများ မှ ဥပဒေနှင့် အညီ ဆုံးဖြတ်သည် (သဘောတူညီမှု %) | ■ တရားရုံးများ | | ■ ၁၈၇၂ ခုနှစ် Contract Act | ပြည်/တိုင်း အထက် တရားရုံးများ က အောက် တရားရုံးများ ကို ကြီးကြပ်သည်။ | စာချုပ်စာတမ်း ဥပဒေမူဘောင် ကို ပြည်ထောင်စု ဥပဒေမှ ရယူထားသည် |
| တရားရုံး ဆုံးဖြတ်ချက် များသည် မြန်ဆန်စွာ သက်ရောက်မှု ရှိစေသည် (သဘောတူညီမှု %) | ■ ရဲတပ်ဖွဲ့<br>■ တရားရုံးများ | | | | ရဲတပ်ဖွဲ့သည် ပြည်ထောင်စု အဆင့် ဌာနတစ်ခု ဖြစ်သည် |
| လုံခြုံရေး အခြေအနေ ကောင်းမွန်သည် (သို့) အလွန်ကောင်းမွန်သည် ဟု သုံးသပ်မှု | ■ ရဲတပ်ဖွဲ့ | ■ မြို့နယ် လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေး နှင့် တရားဥပဒေ စိုးမိုးရေး ကော်မတီ၊<br>■ မြို့နယ် သဘာဝဘေး အန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ | | လုံခြုံရေး နှင့် တည်ငြိမ် အေးချမ်းရေး အတွက် ဒေသန္တရအဆင့် အဖွဲ့အစည်း ရှိသည် | ရဲတပ်ဖွဲ့သည် ပြည်ထောင်စု အဆင့် ဌာနတစ်ခု ဖြစ်သည် |

## ၉.၁၁။ MBEI ၏စီးပွားအုပ်ချုပ်မှု ဆိုင်ရာ သဘောထား အမြင်များအပေါ် လွှမ်းမိုးမှုရှိသော အခြား အကြောင်းအရင်းများ

**မြန်မာ့အစိုးရ အုပ်ချုပ်ရေး ဖွဲ့စည်းပုံတွင် ဌာနချင်း အထက်အောက်နှင့် ရေပြင်ညီ ချိတ်ဆက် လုပ်ဆောင်ရခြင်း များပြားခြင်းကြောင့် MBEI ၏ ရလဒ်များသည် ဌာနတစ်ခုတည်း သို့မဟုတ် အစိုးရအဆင့်တစ်ခုတည်း ကိုသာ ပုံဖော်နိုင်ခြင်း မရှိခဲ့ပါ။** ဥပမာအနေဖြင့် မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်များအတွင် ဘတ်ဂျက်ပွင့်လင်း မြင်သာမှု ရှိစေရန် လုပ်ဆောင်ရာတွင် တိုးတက်မှု ကြီးမားစွာ ရှိခဲ့ပါသည်။ ကွင်းဆင်း လေ့လာခဲ့သည် ပြည်နယ်သုံးခုလုံးတွင် နှစ်စဉ် ရသုံးမှန်းခြေ ငွေစာရင်း စာစောင်များ ထုတ်ဝေမှုကို တွေ့ခဲ့ရပြီး ၎င်းစာစောင်များကို အွန်လိုင်းမှတဆင့် ရယူနိုင်အောင်လည်း လုပ်ဆောင် ထားပါသည်။ သို့သော်လည်း ကုမ္ပဏီ ၆.၃% ကသာ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ဆိုင်ရာ အချက်

အလက်များကို လက်လှမ်းမီခြင်း ရှိသည်ဟု ဖြေပါသည်။ အစိုးရ အရာရှိတစ်ဦး ပြောကြားချက်အရ ယင်းသို့ ဖြစ်ရခြင်းမှာ ဘတ်ဂျက်အချက်အလက် ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဆက်စပ်နိုင်ပါသည်။ ၎င်းက "ပြည်သူလူထုသို့ အသိပေးတင်ပြရန် သတင်းအချက်အလက်နှင့် တင်ပြပုံနည်းလမ်းများတွင် အကန့်အသတ် ရှိသည်" ဟု ဆိုပါသည်။[၉၅] ပုံနှိပ် ထုတ်ဝေထားသော ဘတ်ဂျက် အချက်အလက် စာစောင်များကို ကျေးရွာ/ရပ်ကွက် ခေါင်းဆောင်များနှင့် ဌာနဆိုင်ရာ အသီးသီးကို ဝေမျှသလို၊ ဌာနတွင်း စာကြည့်တိုက်နှင့် အခြားသော စာကြည့်တိုက်များတွင် ထားရှိသည်ဟု ၎င်းအရာရှိက ပြောပါသည်။ သို့သော်လည်း လူထု ပိုမိုအလေးထား သိရှိရန် တီဗီနှင့် ရေဒီယို တို့၌ ထည့်သွင်းဖြန့်ဝေရန် အတွက် ဘတ်ဂျက် မရှိသလို၊ ပြည်သူလူထုသည်လည်း ၎င်းအချက်အလက် စာစောင်များကို ရရှိနိုင်သည့် အစိုးရ ဝက်ဘ်ဆိုဒ်များ ကို အသုံးပြုမှု နည်းပါးပါသည်။ ထို့ကြောင့် ပွင့်လင်းမြင်သာမှုအပေါ် ဖြေဆိုချက်များကို သုံးသပ်ကြည့်ပါက ဘတ်ဂျက် အချက်အလက် ပွင့်လင်းမြင်သာမှု အကြောင်းအရာထက် လက်လှမ်းမီနိုင်သည့် ဘတ်ဂျက်အချက်အလက်များနှင့် စပ်လျဉ်း၍ ပညာရေး အားနည်းမှု နှင့် အလေးထားသိရှိမှု နည်းပါးသည်ကို တွေ့နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဘတ်ဂျက်အကြောင်း ပြည်သူများ အလေးထား သိရှိမှု ပိုမို မြင့်တက်ရန်မှာ အစိုးရ၏ တာဝန်သာဖြစ်ပြီး ပွင့်လင်းမြင်သာမှု ဖြစ်စဉ်အတွက်လည်း အရေးကြီးပါသည်။

**လူထုဆက်ဆံရေး ဆိုင်ရာ စိန်ခေါ်မှုများ ရှိခြင်းကို အချို့သော ဌာနများက ထုတ်ဖော်ပြောကြားပြီး ထိုအားနည်းချက်သည် လူထုနှင့် စီးပွားရေး လုပ်ငန်းတို့၏ အစိုးရနှင့် စပ်လျဉ်းသည့် သဘောထားအမြင်ပေါ်တွင် သက်ရောက်မှု ရှိသည်ဟု ၎င်းတို့က ပြောပါသည်။** သတင်းအချက်အလက်နှင့် စီမံကိန်း ကိစ္စရပ်များတွင် လူထု အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍဖြင့် ယခုထက်ပိုမို ကောင်းမွန်စွာ ထိတွေ့ဆက်ဆံနိုင်သည်ဟု ၎င်းတို့က ဆိုသည်။ လူထုဖြင့် ဆက်ဆံရေး အားနည်းခြင်းကြောင့် စက်ရုံလုပ်ငန်း စီမံကိန်း များအပေါ် သပိတ်မှောက်ခြင်းနှင့် ဆန္ဒပြခြင်းတို့ ဖြစ်ပေါ်ခဲ့ရသည်ဟု ဌာနတစ်ခုက ပြောပါသည်။

**စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိသော အခြေခံ အဆောက်အအုံဆိုင်ရာ ပြဿနာရပ်များသည် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ အပေါ်တွင်လည်း သက်ရောက်မှုရှိကာ ဝန်ဆောင်မှု အားနည်းခြင်းနှင့် စီးပွားရေးလုပ်ငန်းတို့၏ သဘောထားအမြင်ပေါ်လည်း သက်ရောက်နေသည်။** မြန်မာအစိုးရ စနစ်အများစုသည် စာရွက်ဖြင့် မှတ်တမ်းတင်မှုကို ဆက်လက် မှီခိုနေရဆဲဖြစ်ပြီး ဌာနများသည် ကွန်ပြူတာ အသုံးပြု၍ ရုံးစာရွက်စာတမ်း ရိုက်ခြင်းနှင့် အီးမေးလ်ပို့ခြင်းကဲ့သို့ အခြေခံလုပ်ငန်းများ စတင်လုပ်ဆောင် လာကြပြီး ဖြစ်သည်။ သို့သော်လည်း လျှပ်စစ်မီး မရရှိမှု ပြဿနာကြောင့် တစ်ခါတစ်ရံ အစိုးရရုံးများသည် စာရိုက်ခြင်းနှင့် အီးမေးလ် အသုံးပြုပြီး အထက်ရုံးသို့ ဆက်သွယ်ခြင်း စသည့်လုပ်ငန်းများတွင် နှောင့်နှေးလျက် ရှိပါသည်။[၉၆] ပုဂ္ဂလိက ကဏ္ဍအပေါ် သက်ရောက်မှု ရှိသော စီးပွားရေးဝန်းကျင် ဆိုင်ရာ စိန်ခေါ်မှုများသည် အစိုးရရုံးများ အပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိနေပါသည်။

**မြေမျက်နှာသွင်ပြင် အကြောင်းရင်းများသည်လည်း အခြေခံ အဆောက်အအုံကဲ့သို့ အညွှန်းကိန်းခွဲများအပေါ် လွှမ်းမိုးမှု ရှိနိုင်ပါသည်။ ပြဿနာများ အကြောင်းရင်းမှာ မြေမျက်နှာသွင်ပြင်ကြောင့်လားနှင့် အစိုးရ၏ စွမ်းဆောင်မှုကြောင့်လား ဆိုသည်ကို တစ်ခါတစ်ရံ စီးပွားရေးလုပ်ငန်းများပင် ခွဲခြားနိုင်ခြင်း မရှိတော့ပါ။** ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီးများ အနက် မိုးရွာသွန်းမှု အများဆုံး ရာသီဥတု အခြေအနေကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် လမ်းတည်ဆောက်ရန် နှင့် ထိန်းသိမ်းရန် အခက်အခဲ ကြုံရပါသည်။ ထို့ပြင် မြစ်၊ ချောင်း များပြားခြင်းနှင့် ရေအလွယ်တကူ ဖုံးလွှမ်းနိုင်သော ဧရိယာ ဖြစ်သောကြောင့် တံတားများစွာ ဆောက်ရန် လိုအပ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အားလုံးအနက် လမ်းတည်ဆောက်ရန် စိန်ခေါ်မှု အရှိဆုံးလည်း ဖြစ်ပါသည်။ သို့သော်လည်း ဧရာဝတီတိုင်းဒေသကြီး၏ အခြေခံ အဆောက်အအုံအတွက် ဘတ်ဂျက်ခွဲဝေ လျာထားမှုတွင် ပထဝီဝင်နှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ အချက်အလက်များအား ထည့်သွင်းစဉ်းစားခြင်း မရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အခြေခံအဆောက်အအုံ အားနည်းချက်များကို ရင်ဆိုင် ဖြေရှင်းနေရသည့် စီးပွားလုပ်ငန်း အသိုင်းအဝန်းတွင် အနုတ်သဘောဆောင်သော အမြင်များ ပေါ်ထွက်စေပါသည်။ ဘဏ္ဍာငွေ ခွဲဝေလျာထားမှုကဲ့သို့ အုပ်ချုပ်ရေး ကိစ္စရပ်များကြောင့် အကျိုးရလဒ်ရရှိမှု ထိခိုက်ခြင်း ရှိသလို သဘာဝ အကြောင်းရင်းများသည်လည်း အရေးပါပါသည်။

# ၆

# နိဂုံး

**မြန်မာနိုင်ငံ၏ စီးပွားရေး အုပ်ချုပ်စီမံမှုသည် ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများ အပေါ်တွင် မူတည်နေပြီး အထူးသဖြင့် ရေပြင်ညီ သို့မဟုတ် အထက်အောက် ပူးပေါင်းဆောင်ရွက်ခြင်းများ အပေါ်တွင် မူတည်နေပါသည်။ ယခုကဲ့သို့ အဖွဲ့အစည်းများစွာ ပါဝင်နေသည့် ပုံစံကြောင့် အကျိုးရလဒ် တစ်ခုအတွက် ဌာနတစ်ခုခု သို့မဟုတ် အစိုးရအဆင့်တစ်ခုခုကို သီးသန့် တာဝန်ပေးရန် ခက်ခဲစေပါသည်။** ထိုပုံစံကြောင့် စီးပွားရေး အုပ်ချုပ်မှု ဖြစ်စဉ်များတွင် ထိရောက်မှုနှင့် ရှင်းလင်းမှု အားနည်းစေသည်။ သို့သော်လည်း ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်စဉ်တွင် အခြားသော သဘောထား အမြင်များ ပါဝင်ခွင့် ရရှိလာကာ အားလုံးပါဝင်မှု နှင့် ဆွေးနွေးတိုင်ပင်မှု တို့ ရရှိစေသည်။ ယခု အုပ်ချုပ်စီမံရေး ပုံစံသည် ဖြစ်စဉ်အချို့ကို နှေးကွေးစေနိုင်သည့် အန္တရာယ် ရှိသော်လည်း အဂတိလိုက်စားမှုကို လျှော့ချပေးနိုင်မည် ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်သူ တစ်ဦးတည်းထက် ဆုံးဖြတ်ချက်ချနိုင်သူများစွာ ပါဝင်နေသည့် ကော်မတီတစ်ခုကို လာဘ်ထိုးရန် ပိုမို ခက်ခဲသွားမည် ဖြစ်သည်။ အားလုံးပါဝင်နိုင်မှု ရှိသောအချက်မှာ အရေးကြီးသော အချက်ဖြစ်သောကြောင့် အားလုံးပါဝင်နိုင်ခြင်း နှင့် တိုင်ပင်ဆွေးနွေးနိုင်ခြင်း စသည့် အချက်များကို ထိခိုက်ခြင်း မရှိစေပဲ ကော်မတီများသည် ထိရောက်မှုနှင့် ရှင်းလင်းမှုတွင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရမည် ဖြစ်သည်။

**စီးပွားရေး အုပ်ချုပ်စီမံမှု ကို ပြည်ထောင်စု အဆင့်ကသာ အဓိက စီမံဆုံးဖြတ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် MBEI ၏ ရလဒ်များကို အသုံးပြု၍ ပြည်နယ်/တိုင်းဒေသကြီး တို့ကို ဝေဖန်ရန် သင့်တော်မည် မဟုတ်ပါ။** စီးပွားရေး အုပ်ချုပ်စီမံမှုဆိုင်ရာ ဥပဒေမူဘောင် အများစုမှာ ပြည်ထောင်စု လွှတ်တော်၏ လက်ထဲတွင်ရှိပြီး အကောင်အထည်ဖော်ရန် စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်း တို့မှာ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ လက်ထဲတွင် ရှိပါသည်။ ပြည်သူ့ဝန်ထမ်း ဖွဲ့စည်းမှုကို ကြည့်ပါက ဌာနဝန်ထမ်းများမှာ ပြည်ထောင်စု ဝန်ထမ်းများ ဖြစ်ပြီး စီးပွားရေးအုပ်ချုပ် စီမံမှုတွင် ပြည်ထောင်စုအဆင့်မှ ကြီးစိုးထားခြင်းကို ပြသနေသည်။

**ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အာဏာမှာ ကြီးမားလွန်းသော်လည်း အောက်ပါ နယ်ပယ်များတွင် စီးပွားရေး အုပ်ချုပ် စီမံမှုသည် ဒေသန္တရဖြင့် စပ်ဆိုင်ပြီး ပြည်နယ်/တိုင်းဒေသကြီး တို့သည် ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှုကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ပါသည်။** ၎င်းတို့မှာ

- အညွှန်းကိန်းခွဲ (၁) စည်ပင်အဖွဲ့များနှင့် စည်ပင်ကော်မတီများ၏ လိုင်စင်များ၊ လိုင်စင်အတွက် ထောက်ခံစာလိုအပ်မှုများ
- အညွှန်းကိန်းခွဲ (၂) ပြည်နယ်/တိုင်းဒေသကြီး မြေယာကော်မတီများ
- အညွှန်းကိန်းခွဲ (၃) စည်ပင်အဖွဲ့များနှင့် စည်ပင်ကော်မတီများ စစ်ဆေးမှု လုပ်ဆောင်ခြင်း (ဆောက်လုပ်ရေး၊ ရေသန့်ရှင်းမှု၊ အခြား)
- အညွှန်းကိန်းခွဲ (၅) စည်ပင်အဖွဲ့များနှင့် စည်ပင်ကော်မတီများ လမ်းတည်ဆောက်မှုတွင် စီမံခန့်ခွဲရခြင်း၊ မြို့တော်စည်ပင်ကော်မတီမှ ထိန်းချုပ်သည့် လျှပ်စစ်ဓါတ်အား ကော်ပိုရေးရှင်း၊ Class A လမ်းများကို ပြည်နယ်/တိုင်းဒေသကြီး မှ ရန်ပုံငွေပေးခြင်း နှင့် Class B နှင့် Class C လမ်း ဖြစ်စဉ်များတွင် ဆွေးနွေးတိုင်ပင်မှု
- အညွှန်းကိန်းခွဲ (၈) ပြည်နယ်/တိုင်းဒေသကြီး အဆင့် ပတ်ဝန်းကျင်ဆိုင်ရာ စံစမ်း စစ်ဆေးမှုများ၊ ရေ အရည်အသွေး၊ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲခြင်း၊ ပြန်လည်အသုံးချခြင်း
- အညွှန်းကိန်းခွဲ (၁၀) ပြည်နယ်/တိုင်းဒေသကြီး အဆင့် တရားရုံးများ

**ဥပဒေမူဘောင်နှင့် အကောင်အထည်ဖော်ခြင်းတို့အပြင် ရွေးကောက်ခံ ခေါင်းဆောင်များနှင့် အစိုးရ ဝန်ထမ်းများ၏ တစ်သီးပုဂ္ဂလ ကြိုးစားအားထုတ်မှုနှင့် စိတ်နှစ်ဆောင်ရွက်ခြင်းတို့သည် အရေးကြီးပြီး ရလဒ်ကောင်းများ ထွက်ပေါ်စေနိုင်သည်။** ခေါင်းဆောင်များ နှင့် အဆင့်မြင့် အစိုးရ အရာရှိများတို့သည့် ၎င်းတို့လက်အောက်ရှိ ဝန်ထမ်းများအပေါ် သက်ရောက်မှု အာဏာ ကြီးမားစွာ ရှိပါသည်။ ၎င်းတို့သည် လက်အောက်ဝန်ထမ်းများ အချိန်တိကျစွာနှင့် ထိရောက်စွာ အလုပ်လုပ်ရန် ညွှန်ကြား

တိုက်တွန်း နိုင်သည်။ ခေါင်းဆောင်တစ်ဦးသည် ဝန်ထမ်းအား လုပ်ငန်းတစ်ခုကို တစ်ရက်အတွင်း ပြီးစေခြင်း သို့မဟုတ်ပါက အရေးယူခြင်း စသည့်တို့ လုပ်ဆောင်နိုင်သည်။ သို့သော်လည်း MBEI တွင် ဝန်ထမ်းများ ပြည်နယ်/တိုင်းဒေသကြီးများအတွင်း ရွှေ့ပြောင်းမှုကို ထည့်သွင်းလေ့လာခြင်း မရှိသောကြောင့် MBEI တွင် တစ်ဦးချင်းခေါင်းဆောင်မှု အကြောင်းအရာကို ထည့်သွင်းနိုင်ခြင်း မရှိပါ။

**နောက်ဆုံးအနေဖြင့် ဝန်ကြီးချုပ်များသည် အခွင့်အာဏာ တိုး၍ ရယူလာကြပြီး ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှု ရလဒ်ကောင်းများ ရရှိရန် ၎င်းတို့တွင် ပိုမို၍ တာဝန်ရှိလာပါသည်။** အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု များကြောင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ဝန်ကြီးချုပ်၏ ထိန်းချုပ်မှုအောက် ပိုမိုရောက်ရှိလာပါသည်။ ထွေအုပ်သည် မြို့နယ်အဆင့် တစ်ခုတည်းသော အရေးကြီးဆုံး ဌာနဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် အရင်းအမြစ်များစွာ ရှိသည်၊ ကော်မတီများစွာတွင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး နေရာတိုင်းတွင် တည်ရှိသည်။ ထွေအုပ်ကို ပြည်ထောင်စု သမ္မတရုံး ဝန်ကြီးဌာန လက်အောက်သို့ ၂၀၁၈ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် အစီရင်ခံရမည့် တာဝန်ကိုပါ ထည့်သွင်းခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် ဝန်ကြီးချုပ်ထံသို့ တိုက်ရိုက် အစီရင်ခံမည် ဖြစ်သည်။ စည်ပင်သာယာရေး အဖွဲ့များ အပေါ် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အာဏာရှိမှု နှင့်အတူ ၂၀၁၅ ပြင်ဆင်ချက်ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခွင့်အာဏာ ပိုမို ရရှိလာခြင်းကြောင့် ဝန်ကြီးချုပ်များသည် ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှု ရလဒ်ကောင်းများ ရရှိရန် ပိုမို၍ တာဝန်ယူရမည် ဖြစ်သည်။

**ယခုအစီရင်ခံစာ၌ အုပ်ချုပ်စီမံမှု ဆိုင်ရာ ဌာန အဖွဲ့အစည်းများကို စိစစ်လေ့လာထားမှုသည် မြန်မာ့ စီးပွားရေး အုပ်ချုပ်စီမံမှု အကြောင်းအရာ၏ အစပိုင်းသာ ရှိပါသေးသည်။ ထပ်မံ၍ ဒုတိယ အစီရင်ခံစာတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရ များအနေဖြင့် စီးပွားရေး အုပ်ချုပ်မှုတွင် မည်ကဲ့သို့ ကျွမ်းကျင်မှု ရရှိနိုင်မည်နှင့် မည်သည့် အတွက်ကြောင့် လိုအပ်သည် တို့ကို ထုတ်ဖော်တင်ပြ သွားမည်ဖြစ်သည်။** ဥပဒေ နှင့် စည်းမျဉ်း မူဘောင်တို့တွင် တူညီကြသော်လည်း အချို့ဒေသများနှင့် ဌာနအဖွဲ့အစည်း တို့သည် ပုဂ္ဂလိက ကဏ္ဍ၏ ကျေနပ်မှုကို ရရှိကြပြီး အချို့မှာမူ နောက်ကျကျန်ရစ်ခဲ့သည်ကို တွေ့ရပါသည်။ ဒုတိယ အစီရင်ခံစာတွင် အကောင်းဆုံး အလေ့အထနှင့် ဖြစ်ရပ်လေ့လာမှုများ၊ ဌာနများနှင့် ကော်မတီများ ကန့်သတ်မှု အတွင်းမှ ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှုကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းတို့ကို အဖြေရှာလေ့လာသွားမည် ဖြစ်သည်။




ရန်ကုန်မြို့လယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ယာဉ်ထိန်းရဲ တစ်ဦး

နောက်ဆက်တွဲ ၁

# ကွင်းဆင်းသုတေသနပြုသည့်နည်းလမ်း (အသေးစိတ်) နှင့် မေးမြန်းခဲ့သောမေးခွန်းများ

### စီးပွားရေးလုပ်ငန်းများဖြင့် ထိတွေ့ချိတ်ဆက်မှု

- စီးပွားရေးလုပ်ငန်းများဖြင့် မည်ကဲ့သို့ အဓိက ချိတ်ဆက်ရမှုများ ရှိသနည်း (ကျွန်ုပ်တို့အနေဖြင့် သိနှင့်ထားပြီး ဖြစ်သင့်သည်)။
- အကယ်၍ စီးပွားရေးလုပ်ငန်း တစ်ခုက ပြဿနာတစ်ခုကို တင်ပြသောအခါ ယင်းပြဿနာကို မည်သည့် အစိုးရ အဆင့်မှ ဆုံးဖြတ်ချက် ချသင့်ကြောင်း သင်မည်ကဲ့သို့ သိရှိသနည်း။

### ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ မူဘောင်

- မြန်မာနိုင်ငံတွင် လွှတ်တော်က ဥပဒေများ ပြဋ္ဌာန်းပါသည်။ နည်းဥပဒေကို ဝန်ကြီးဌာနများက ရေးဆွဲသလို အမိန့်များ၊ အမိန့်ကြော်ငြာစာများ နှင့် ညွှန်ကြားချက်များ ကိုလည်း ၎င်းတို့ကပင် ရေးသားပါသည်။ အထက် အစိုးရ အဆင့်များမှ မည်သည့် (ရေးသားထားသော) ညွှန်ကြားချက်များ ရရှိသနည်း။
- ယခု ဌာနအတွင်း သင် လုပ်ဆောင်ရမည့် အရာများကို နားလည်စေရန် ကူညီပေးသည့် ဥပဒေများ၊ နည်းဥပဒေများ (စသဖြင့်) ရှိပါသလား။
  - အကယ်၍ သင် ရင်ဆိုင်နေရသည့် ကိစ္စရပ်များအတွက် ယင်းစာရွက်စာတမ်း များတွင် ညွှန်ကြားချက် ရှင်းလင်းစွာ မပေးထားပါက သင် မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။
- ယခု ဌာနလုပ်ငန်းများ နှင့် ဆီလျော်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းများ၊ အမိန့်ညွှန်ကြော်ငြာစာများ၊ ညွှန်ကြားချက် နှင့် အမိန့်များ ပါဝင်သည့် အရင်းအမြစ်တစ်ခု ရှိပါသလား။
- ယခုဌာနအတွက် လုပ်ထုံးလုပ်နည်း အားလုံး ပါဝင်သည့် လက်စွဲ သို့မဟုတ် လမ်းညွှန်စာအုပ် ရှိပါသလား။

### အစိုးရအဖွဲ့တွင်းရှိ အခြားသူများနှင့် တွဲဖက်လုပ်ဆောင်ခြင်း

- မည်သည့် လုပ်ငန်းစဉ်ကို သင် အပြည့်အဝ ထိန်းချုပ် လုပ်ဆောင်နိုင်သနည်း။
- တစ်စုံတစ်ဦးသည် အပြောင်းအလဲ လုပ်ရန် သို့မဟုတ် ညွှန်ကြားရန် အတွက် အခွင့်အာဏာ ရှိမရှိ သင်မည်ကဲ့သို့ သိနိုင်မည်နည်း။
- အခြား အစိုးရ အရာရှိများထံမှ ခွင့်ပြုချက် ရယူရန် မည်သည့် လုပ်ငန်းစဉ် လိုအပ်သနည်း။
  - ခွင့်ပြုချက် ရယူခြင်း လုပ်ငန်းစဉ်မှာ အဘယ်နည်း။
  - ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုသည် အကူအညီ ဖြစ်ပါသလား။
- ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန် အစိုးရအဖွဲ့တွင်း (အထက်အောက် သို့မဟုတ် ရေပြင်ညီ) မှ မည်သူတို့နှင့် ညှိနှိုင်းလုပ်ဆောင်ရမည် ကို မည်ကဲ့သို့ သိရှိပါသနည်း။
- ဥပဒေ အရ လိုအပ်ခြင်း မရှိသော်လည်း အစိုးရအဖွဲ့တွင်းရှိ အခြားသူများနှင့် တိုင်ပင် အသိပေး၍ ဆုံးဖြတ်ချက် ချမှတ်ခြင်း ရှိပါသလား။
- ပြည်ထောင်စု ဝန်ကြီးဌာနမှ နည်းလမ်းတစ်ခုကို သဘောကျသည်၊ သို့သော်လည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရမှ အခြားနည်းလမ်း ဖြင့် လုပ်ဆောင်လိုသည့် အခြေအနေမျိုး ကြုံတွေ့ ဖူးပါသလား။
  - ယင်းအခြေအနေကို မည်ကဲ့သို့ ကိုင်တွယ်ခဲ့သနည်း။

### လုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်ချက်များ

- MBEI မှ စိစစ်လေ့လာသော စီးပွားရေး အုပ်ချုပ်မှု တိုင်းတာချက်များအပေါ် သင်မည်မျှ ထိန်းချုပ်လွှမ်းမိုး နိုင်သနည်း။
- ပြည်ထောင်စု အစိုးရမှ အဓိက ထိန်းချုပ်ထားပါက သင့်အနေနှင့် မြေပြင် အခြေအနေတွင် တိုးတက်ကောင်းမွန်စေရန် မည်သည့်အရာများ လုပ်ဆောင်နိုင်သနည်း။
- ခွင့်ပြုချက် ရရှိရန် စောင့်ဆိုင်းရခြင်းဖြင့် အချိန်များ အလဟသ ကုန်ဆုံးဖူးပါသလား။

- မည်သည့်အချိန်က။
- မည်သည့် အတွက်ကြောင့်။
- မြန်ဆန်စေရန် မည်သို့ ပြုလုပ်ခဲ့သနည်း။

## အတွေ့အကြုံ နှိုင်းယှဉ်လေ့လာမှု

- အခြားမြို့နယ် များတွင် တာဝန်ကျ လုပ်ကိုင်ဖူးပါသလား။
  - ယင်းမြို့နယ်တွင် အလုပ်ပြီးမြောက်အောင် ဆောင်ရာ၌ လုပ်ငန်းစဉ် မည်ကဲ့သို့ ကွဲပြားခြားနားမှု ရှိသနည်း။
  - လုပ်ငန်းစဉ်များ အတွက် ရေးသားထားသည့် ညွှန်ကြားချက်များ ရှိပါသလား သို့မဟုတ် နတ်ဖြင့် ညွှန်ကြားချက် များတွင်သာ မှီခိုနေရ ပါသလား။
- လုပ်ငန်းစဉ်များ ပုံမှန် ပြောင်းလဲနေခြင်း ရှိပါသလား။
  - ပြောင်းလဲနေပါက သင်မည်ကဲ့သို့ လုပ်ဆောင်နိုင်သနည်း။
  - သင့်အနေဖြင့် လွှမ်းမိုးနိုင်ခြင်း ရှိပါသလား။
  - မည်ကဲ့သို့ သတင်းအချက်အလက်များ ရရှိသနည်း။
- ၎င်းမြို့တွင် ပိုမိုထိရောက်စွာ သို့မဟုတ် လိုက်လျောညီထွေမှု ရှိစွာ လုပ်ဆောင်နိုင်သည့် အခြားဌာနများ ရှိပါသလား။
  - ရှိပါက အဘယ်ကြောင့် ၎င်းတို့သည် ပိုမို ထိရောက်မှု ရှိသနည်း။
  - သင့်အနေဖြင့် မည်ကဲ့သို့ အတုယူ နိုင်မည်နည်း။

# အခန်းဆုံးမှတ်စု

၁။ သုတေသန နည်းနိဿယ အပြည့်အစုံအတွက် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း၊ နောက်ဆက်တွဲ စာ ၂၆ တွင်ရှု။
၂။ အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံရှိ စီမံအုပ်ချုပ်ရေး ဆိုင်ရာ စာတမ်းများကို ဖတ်ရှုလိုပါက https://asiafoundation.org/tag/myanmar-governance-discussion-paper-series/ တွင် ဝင်ရောက်လေ့လာ နိုင်ပါသည်။
၃။ ယခုစာတမ်းတွင် ဖော်ပြထားသည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ အတွက် ကုလသမဂ္ဂ စီးပွားရေး နှင့် လူမှုရေးကော်မရှင် ၏ "စီမံအုပ်ချုပ်ရေး နှင့် ပြည်သူ့ အုပ်ချုပ်ရေးဆိုင်ရာ ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ" တွင် တွေ့နိုင်သလို၊ "Committee of Experts on Public Administration" http://unpan1.un.org/intradoc/groups/public/documents/un/unpan022332.pdf. တွင်လည်း တွေ့နိုင်သည်။
၄။ United Nations Development Programme, Governance for sustainable human development, New York: UNDP, 1997
၅။ World Bank, Governance, Washington, D.C., 1993
၆။ Canada's Institute of Governance, 2002.
၇။ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP)၊ "ကောင်းမွန်သော စီမံအုပ်ချုပ်ရေး ဆိုသည်မှာ အဘယ်နည်း" https://www.unescap.org/sites/default/files/good-governance.pdf
၈။ Pierre, Jon and Guy B. Peters, Governance, Politics and the State, New York: St. Martin's Press, 2000.
၉။ Dixit, Avinash, "Governance Institutions and Economic Activity." American Economic Review, 99(1), 2009, စာ ၅-၂၄။
၁၀။ Malesky၊ Edmund၊ Dean Dulay နှင့် Jon Keesecker "မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း"၊ ရန်ကုန်၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၉၊ စာ၁၄။
၁၁။ Dixit, Avinash, 2009
၁၂။ FC, Monitoring and Evaluation for Business Environment Reform. Washington, 2008.
၁၃။ Stern, Nicholas. 2002. A Strategy for Development. Washington: World Bank Publications.
၁၄။ Xu, Lixin Colin, "The Effects of Business Environments on Development: Surveying New Firm-level Evidence," The World Bank Research Observer No. 26, Vol. 2, 2008, စာမျက်နှာ ၃၁၀ -၃၄၀။
၁၅။ Eifert, Benn, Alan Gelb, and Vijaya Ramachandran. "Business Environment and Comparative Advantage in Africa: Evidence from the Investment Climate Data," 2005, in Center for Global Development Working Paper No. 56. Washington: Center for Global Development.
၁၆။ Malesky, Edmund, et al, ၂၀၁၉၊ စာ ၁၄။
၁၇။ ကုန်ထုတ်လုပ်မှု ကဏ္ဍသည် ISIC 10-33 အတွင်းပါဝင်သည် ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ သို့သော်လည်း ISIC ကုဒ် အပြင်ဘက်မှ ကုမ္ပဏီအနည်းငယ်လည်း ပါဝင်နေပါသည်။
၁၈။ Malesky, Edmund, et al, ၂၀၁၉၊ စာ ၂၁။
၁၉။ Malesky, Edmund, et al, ၂၀၁၉၊ စာ ၁၃။
၂၀။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ပုံစံ က-၁ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်း လျှောက်လွှာ။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)၊ အခန်း (၆)၊ https://www.myco.dica.gov.mm/Documentation/MM/A-1.English.pdf
၂၁။ Si Thu Lwin, "Local Farmland Committees Formed to Slice Backlog," Myanmar Times, October 28, 2016, https://www.mmtimes.com/national-news/mandalay-upper-myanmar/23359-local-farmland-committees-formed-to-slice-backlog.html; and Pierce, Caitlin and Ye Yint Htun, "Land Committees: An Opportunity for Inclusion," Frontier Myanmar, July 7, 2017, https://frontiermyanmar.net/en/land-committees-an-opportunity-for-inclusion.
၂၂။ ကွင်းဆင်း တွေ့ဆုံမေးမြန်းမှုများ
၂၃။ အာရှဖောင်ဒေးရှင်း၊ "မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ"၊ ရန်ကုန်၊ ၂၀၁၈။
၂၄။ ဇယား ၂ နှင့် ဇယား ၅ တို့အား ပြင်ဆင်ချက် (၂၀၁၅) အပြည့်အစုံကို အာရှဖောင်ဒေးရှင်း၊ ၂၀၁၈၊ နောက်ဆက်တွဲ ဃ တွင် တွေ့နိုင်ပါသည်။
၂၅။ ဦးစီးအရာရှိ နှင့် အထက် အရာထမ်း ဝန်ထမ်းများကိုသာ ဆိုလိုပါသည်။ အရာထမ်း မဟုတ်သော ဝန်ထမ်းများအား ခန့်အပ်ရာတွင် ဖြစ်စဉ်တူညီမှု မရှိသလို ပြည်နယ်/တိုင်းဒေသကြီး များအကြား ပြောင်းရွှေ့ရခြင်း နည်းပါးပါသည်။
၂၆။ ဂျရတ် ဘစ်ဆင်ဂျာ "မြန်မာနိုင်ငံရှိ ဒေသန္တရ စီးပွားရေး စီမံအုပ်ချုပ်မှုစနစ်" ရန်ကုန်၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၆။
၂၇။ အာရှဖောင်ဒေးရှင်း၊ ၂၀၁၈၊ စာ၅၈။
၂၈။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ နေပြည်တော်၊ ၂၀၀၈၊ အခန်း ၂၈၈။

၂၉။ အာရှဖောင်ဒေးရှင်း၊ ၂၀၁၈၊ စာ ၅၈။
၃၀။ တွေ့ဆုံမေးမြန်းခြင်း ၁၈
၃၁။ တွေ့ဆုံမေးမြန်းခြင်း ၁၈၊ ဂျရတ် ဘစ်ဆင်ဂျာ၊ ၂၀၁၆။
၃၂။ အာရှဖောင်ဒေးရှင်း၊ ၂၀၁၈၊ စာမျက်နှာ- ၅၈။
၃၃။ မြို့များကို ယခင်က မြို့နယ်ခွဲ ဟု ခေါ်ဆိုပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းတို့ကို မြို့များ အဖြစ် ပြောင်းလဲ ခေါ်ဆိုသတ်မှတ်ခဲ့သည်။
၃၄။ Myanmar Information Management Unit, "မြန်မာမြို့ ဇူလိုင် ၂၀၁၉" https://geonode.themimu.info/layers/geonode%3Amyanmar_town_july2019
၃၅။ ဂျရတ် ဘစ်ဆင်ဂျာ၊ ၂၀၁၆၊ စာမျက်နှာ- ၈။
၃၆။ မြန်မာနိုင်ငံ၏ မြူနီစီပယ် အုပ်ချုပ်ရေးစနစ် - စည်ပင်သာယာရေး အဖွဲ့များအကြောင်း၊ ရန်ကုန်၊ အာရှဖောင်ဒေးရှင်း၊ မူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်၊ ၂၀၁၅၊ စာ၉ https://asiafoundation.org/publication/municipal-governance-in-myanmar/
၃၇။ မြန်မာနိုင်ငံ၏ မြူနီစီပယ် အုပ်ချုပ်ရေးစနစ် - စည်ပင်သာယာရေး အဖွဲ့များအကြောင်း၊ ရန်ကုန်၊ အာရှဖောင်ဒေးရှင်း၊ မူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်၊ ၂၀၁၅၊ စာ၁ https://asiafoundation.org/publication/municipal-governance-in-myanmar/
၃၈။ အုပ်ချုပ်ရေးစနစ် အတွင် မြို့နယ်ဆိုင်ရာ အချက်အလက်များအတွက် အာရှဖောင်ဒေးရှင်း၊ ၂၀၁၈ တွင်ရှု။ မြူနီစီပယ် အုပ်ချုပ်ရေး အကြောင်း ပိုမိုသိလိုပါက မက်သရူး အာနီး၊ et al၊ ၂၀၁၅ တွင်ရှု။ မြို့နယ်အဆင့် စီးပွားရေးအုပ်ချုပ်မှု စနစ်အကြောင်း ပိုမိုသိလိုပါက ဂျရတ် ဘစ်ဆင်းဂျာ၊ ၂၀၁၆ တွင်ရှု။
၃၉။ တွေ့ဆုံမေးမြန်းခြင်း ၁
၄၀။ တွေ့ဆုံမေးမြန်းခြင်း ၁၈
၄၁။ တွေ့ဆုံမေးမြန်းခြင်း ၀၉
၄၂။ ၂၀၁၈ နှောင်းပိုင်းတွင် မြန်မာနိုင်ငံ အစိုးရသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) ကို တပ်မတော် ထိန်းချုပ် ဝန်ကြီးဌာနဖြစ်သော ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်မှ အရပ်သား ဦးဆောင်သည့် ဝန်ကြီးဌာန ဖြစ်သော ပြည်ထောင်စု အစိုးရအဖွဲ့ ဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းခဲ့ပါသည်။ ဒီဇင်ဘာ ၂၂၊ ၂၀၁၈ တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အစိုးရက ယင်းပြုပြင်ပြောင်းလဲမှု မှာ "ဖက်ဒရယ်ပြည်ထောင်စုစနစ် အတွက် ပြင်ဆင်သည့် အနေဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရန် လုပ်ဆောင်ခြင်း ဖြစ်သည်" ဟု ဆိုပါသည်။ Global New Light of Myanmar သတင်းစာပါ သမ္မတပြောရေးဆိုခွင့် ရှိသူ၏ ပင်စင်နှုန်းထား တိုးမြှင့်ခြင်း နှင့် GAD လွှဲပြောင်းမှု အကြောင်း ရှင်းလင်းချက်၊ ဒီဇင်ဘာ၊ ၂၂၊ ၂၀၁၈ http://www.globalnewlightofmyanmar.com/presidential-spokesperson-explains-pensions-increase-and-gad-move/
၄၃။ တွေ့ဆုံမေးမြန်းခြင်း ၀၂
၄၄။ အာရှဖောင်ဒေးရှင်း၊ "စွမ်းအင်ဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း - မြန်မာ့စွမ်းအင်ကဏ္ဍရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ အခန်းကဏ္ဍ"၊ ရန်ကုန်၊ ၂၀၁၉၊ စာ၂၀ https://asiafoundation.org/wp-content/uploads/2019/04/Myanmar-Decentralizing-Power_report_11-April-2019.pdf
၄၅။ တွေ့ဆုံမေးမြန်းခြင်း ၀၉
၄၆။ တွေ့ဆုံမေးမြန်းခြင်း ၁၄
၄၇။ တွေ့ဆုံမေးမြန်းခြင်း ၀၈
၄၈။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ "မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီ"၊ အသိပေး အကြောင်းကြားခြင်း၊ ကြေညာချက် အမှတ် - ၁၂/၂၀၁၈၊ အောက်တိုဘာ ၃၀၊ ၂၀၁၈ http://www.burmalibrary.org/docs25/2018-10-30-VFV_Notification-en.pdf
၄၉။ လျှပ်စစ်မီး ချိတ်ဆက်နိုင်မှု နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရန်ကုန်မြို့၏ လျှပ်စစ်မီး ချိတ်ဆက် နိုင်မှု အခြေအနေကို သုံးသပ်ထားသော ကမ္ဘာ့ဘဏ် Doing Business အညွှန်းကိန်းမှ ရယူထားခြင်း ဖြစ်သည်။ ကမ္ဘာ့ဘဏ်၊ "Doing Business 2019: Training for Reform – Economy Profile, Myanmar"၊ စာ ၁၈ https://www.doingbusiness.org/content/dam/doingBusiness/country/m/myanmar/MMR.pdf
၅၀။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားခြင်း လမ်းညွှန်စာအုပ်"၊ https://www.dica.gov.mm/sites/dica.gov.mm/files/news-files/investment_application_guidebook_mm_1.pdf
၅၁။ တွေ့ဆုံမေးမြန်းခြင်း ၁၄
၅၂။ ထပ်မံ၍ အချက်အလက်များ ရရှိလိုပါက National Employment & Skills Development: http://www.nesdmyanmar.org/about-nesd/
၅၃။ တွေ့ဆုံမေးမြန်းခြင်း ၁၁
၅၄။ ထပ်မံ၍ အချက်အလက်များ ရရှိလိုပါက National Employment & Skills Development: http://www.nesdmyanmar.org/about-nesd/
၅၅။ တွေ့ဆုံမေးမြန်းခြင်း ၁၁
၅၆။ ကျိုက်ထိုမြို့နယ် စီမံခန့်ခွဲရေး ကော်မတီဝင် တစ်ဦးဖြင့် တွေ့ဆုံမေးမြန်းခြင်း
၅၇။ မန္တလေးတိုင်းဒေသကြီးရှိ ပြည်နယ်/တိုင်း အုပ်ချုပ်စီမံမှု စနစ် အကြောင်းရေးသား ထားသည့် UNDP ၏ ၂၀၁၄

ခုနစ်ထွက် စာတမ်း တစ်ခုတွင် ကော်မတီများ အကြောင်းကို သုံးသပ်ဖော်ပြထားပြီး ၎င်းတို့၏ တာဝန်များမှာ စီမံခန့်ခွဲခြင်း၊ ထောက်ပံ့ခြင်း နှင့် ညှိနှိုင်းပူးပေါင်းခြင်း၊ စသည့် သုံးခုဖြစ်သည် ဟု ဖော်ပြထားပါသည်။ UNDP ၏ "The State of Local Governance: Trends in Mandalay", Yangon, 2014, http://www.burmalibrary.org/docs21/UNDP-2014-The_State_of_Local_GovernanceTrends_in_Mandalay-en.pdf

၅၈။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ "မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ အခန်း ၃၄ (ခ)၊ ၂၀၁၂။

၅၉။ မြို့နယ် အရာရှိများနှင့် တွေ့ဆုံမေးမြန်းခြင်း

၆၀။ အလုပ်သမားရေးရာ အငြင်းပွားမှု မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေး အဖွဲ့ အကြောင်းကို "အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ" (၂၀၁၂) အခန်း ၃၊ အပိုဒ် ၁၀ တွင် တွေ့နိုင်ပါသည်။

၆၁။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈)၊ စာ ၁၃၄။

၆၂။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈)၊ စာ ၁၃၄။

၆၃။ ကမ္ဘာ့ဘဏ်၊ ၂၀၁၉၊ စာ ၄၇။

၆၄။ ကမ္ဘာ့ဘဏ်၊ ၂၀၁၉၊ စာ ၄၇။

၆၅။ အာရှဖောင်ဒေးရှင်း၊ ၂၀၁၈၊ စာ ၃၇။

၆၆။ သီအိုရီအရ ပြည်နယ်/တိုင်းဒေသကြီးများသည် ဇယား (၂) အောက်ရှိ အကြောင်းအရာ အားလုံးတွင် ဥပဒေ ပြုပိုင်ခွင့် ရှိသည်ဟု ဆိုသော်လည်း လက်တွေ့ အာဏာကျင့်သုံးမှုတွင် ရှုပ်ထွေးမှုများ ရှိနေပါသည်။ ဥပမာ- မွန်ပြည်နယ်လွှတ်တော် သည် ဇယား (၂) အောက်တွင် ပါဝင်သော အကြောင်းအရာ ဖြစ်သော မြေခွန်နှင့် သက်ဆိုင်သည့် ဥပဒေတစ်ရပ်ကို ၂၀၁၂ တွင် ပြဋ္ဌာန်းခဲ့ပါသည်။ သို့သော်လည်း ဌာနများသည် ဥပဒေသစ်ကို လိုက်နာခြင်း မရှိကြပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ အကြံပြုချက်အရ မွန်ပြည်နယ်လွှတ်တော်သည် ပြည်ထောင်စု သမ္မတဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အခြားသော ပြည်နယ်/တိုင်းဒေသကြီး အားလုံး ထိုကဲ့သို့ ဥပဒေပြဋ္ဌာန်းခြင်း မပြုရသေးခင် အထိ ဆိုင်းငံ့ခဲ့သည်။ ယင်းအစီအမံသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ယင်းအချိန်က တစ်နှစ်သက်တမ်းသာ ရှိသေးသည့် အုပ်ချုပ်ရေးစနစ်သစ် တို့အတွက် အတွေ့အကြုံသစ် တစ်ခု ဖြစ်ခဲ့သည်။ အာရှဖောင်ဒေးရှင်း၊ ၂၀၁၈၊ စာ ၂၄ တွင်ရှု။

၆၇။ တွေ့ဆုံမေးမြန်းခြင်း ၁၀

၆၈။ ဟိုတယ်လိုင်စင် များအကြောင်း ပိုမို သိရှိလိုပါက ဂျရတ် ဘစ်ဆင်းဂျာ၏ "မြန်မာနိုင်ငံရှိ ဒေသန္တရ အစိုးရ နှင့် စီးပွားရေးလုပ်ငန်းများ"၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၄၊ စာမျက်နှာ- ၁၉ တွင်ရှု။

၆၉။ တွေ့ဆုံမေးမြန်းခြင်း ၀၂

၇၀။ တွေ့ဆုံမေးမြန်းခြင်း ၀၉

၇၁။ တွေ့ဆုံမေးမြန်းခြင်း ၀၉

၇၂။ မူဝါဒပိုင်းရာ ဆွေးနွေးရန် နှင့် ပြဿနာများအတွက် အဖြေရှာရန် ဆက်နွယ်ပါဝင်သူ အသီးသီးကို ပေါင်းစည်း၍ ကော်မတီအဖြစ် ဖွဲ့စည်းလေ့ ရှိပါသည်။ အခြားသော စုဖွဲ့မှုများ အဖြစ် ကော်မတီခွဲ၊ ကော်မရှင် နှင့် အဖွဲ့ စသည်တို့ကိုလည်း တွေ့နိုင်ပါသည်။ ၎င်းတို့အားလုံးတွင် ဆင်တူသော ပုံသဏ္ဌာန် ရှိသည့်အတွက် ကော်မတီများ ဟူ၍ ခြုံငုံ ခေါ်ဝေါ်ထားခြင်း ဖြစ်ပါသည်။

၇၃။ Pierce, Caitlin and Ye Yint Htun, ၂၀၁၇။

၇၄။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ "အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ" ဖွဲ့စည်းခြင်း၊ နေပြည်တော်၊ ၂၀၁၇၊ http://www.president-office.gov.mm/en/?q=briefing-room/notifications/2017/02/18/id-7289

၇၅။ ယခုအပိုင်းတွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်း (ESE) ကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုများ ပေးနေသော နိုင်ငံပိုင်လုပ်ငန်းများကို ထည့်သွင်းထားပါသည်။ သို့သော်လည်း MPT နှင့် MN ကဲ့သို့ ကော်ပိုရေးရှင်း ပုံစံ နိုင်ငံပိုင်လုပ်ငန်း များကိုမူ ထည့်သွင်းထားခြင်း မရှိပါ။ ယင်း နိုင်ငံပိုင်လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်း အသွင်သာ လုပ်ငန်းလည်ပတ်ကြပြီး ကဏ္ဍာဆိုင်ရာ ဌာနများ (ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန နှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန) က ၎င်းတို့ကို စည်းကြပ်ပါသည်။

၇၆။ အချို့ကိစ္စရပ်များတွင် စီးပွားရေးဆိုင်ရာ ဝန်းကျင် ရှုထောင့်တစ်ခုသည် အညွှန်းကိန်း တစ်ခုတည်းကိုသာ အဓိကမထားပါ။ ဥပမာ- ညွှန်းကိန်း ၅ တွင် လျှပ်စစ်မီး "ကောင်းမွန်သည်" သို့မဟုတ် "မကောင်းမွန်ပါ" ဟု ဖြေဆိုသော လုပ်ငန်း ရာခိုင်နှုန်းကို အညွှန်းကိန်းအဖြစ် သုံးသပ်သလို ပြီးခဲ့သောလ အတွင်း လျှပ်စစ်မီး ပျက်သည့် နာရီပမာဏ ကိုလည်း သုံးသပ်ပါသည်။

၇၇။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ "MyCo တွင် ကုမ္ပဏီ မှတ်ပုံတင်ခြင်း၊ ဇွန်လ၊ ၂၀၁၉" https://www.dica.gov.mm/en/total-number-companies

၇၈။ ဗဟိုစာရင်းအင်း အဖွဲ့အစည်း နှင့် UNU-Wider၊ "မြန်မာနိုင်ငံရှိ တစ်နိုင်တစ်ပိုင်၊ အသေးစား နှင့် အလတ်စား လုပ်ငန်းများ ဆိုင်ရာ စစ်တမ်း ၂၀၁၇- အစီရင်ခံစာ" https://www.dica.gov.mm/en/total-number-companies

၇၉။ ဂျရတ် ဘစ်ဆင်းဂျာ၊ ၂၀၁၆၊ စာ ၁၀

၈၀။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈)။

၈၁။ တွေ့ဆုံမေးမြန်းခြင်း ၁၉

၈၂။ တွေ့ဆုံမေးမြန်းခြင်း ၁၈
၈၃။ San Yamin Aung, "Government Departments to have their own Corruption Prevention Units," The Irrawaddy, Dec. 7, 2018, https://www.irrawaddy.com/news/govt-departments-corruption-preventionunits.html
၈၄။ တွေ့ဆုံမေးမြန်းခြင်း ၀၆
၈၅။ တွေ့ဆုံမေးမြန်းခြင်း ၀၆
၈၆။ Chan Mya Htwe, "PPA for hydropower signed," Myanmar Times, Sept. 14, 2018, https://www.mmtimes.com/news/ppa-hydropower-signed.html
၈၇။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ အခန်း ၄၊ အပိုဒ် ၁၀၇ နှင့် အပိုဒ် ၁၉၆ (ဂ)
၈၈။ တွေ့ဆုံမေးမြန်းခြင်း ၁၈
၈၉။ Khin Wine Phyu Phyu, "Industrial zone waste water shows rising pollution," Myanmar Times, January4, 2016, https://www.mmtimes.com/business/18303-industrial-zone-waste-water-shows-risingpollution.html.
၉၀။ Institute for Global Environmental Strategies, "Quick Study on Waste Management in Myanmar,"2016, https://www.iges.or.jp/files/research/scp/PDF/20160613/17_Quick_study_Web.pdf.
၉၁။ Institute for Global Environmental Strategies, 2016.
၉၂။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ "မြန်မာနိုင်ငံ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ဆိုင်ရာ ဥပဒေများ" https://www.dica.gov.mm/files/uploads/pdf/myanmar_legislation_related_to_environment_website.pdf
၉၃။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ National Employment & Skills Development: http://www.nesdmyanmar.org/about-nesd/
၉၄။ တွေ့ဆုံမေးမြန်းခြင်း ၀၈
၉၅။ တွေ့ဆုံမေးမြန်းခြင်း ၀၁
၉၆။ တွေ့ဆုံမေးမြန်းခြင်း ၀၉

**The Asia Foundation**

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ် မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသနေ ပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် လုပ်ဆောင်နေပြီး ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့်ဒေသတွင်း အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ စီးပွားရေး အခွင့်အလမ်းများ ကျယ်ပြန့်စေရေး၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ခံနိုင်ရည်မြှင့်တင်ရေး၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်မားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုသုတေစာတမ်းကို ရယူလိုပါက country.myanmar.general@asiafoundation.org သို့ ဆက်သွယ်နိုင်ပါသည်။ အကြံပြုသဘောထား မှတ်ချက်များကိုလည်း လှိုက်လှဲစွာကြိုဆိုပါသည်။